Arakan post

ရခိုင်သတင်းစဉ်

Monthly Journal | အောက်တိုဘာ–နိုဝင်ဘာလ ၂၀၁၁ | ဝါကျွတ်–တန်ဆောင်မုန်း ၁၃၇၃ | အတွဲ ၄ အမှတ် ၁၂

၉၀ ရွေးကောက်ပွဲနိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်ပါတီ မှတ်ပုံတင်

NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လာမည့်ကြားဖြတ် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် နေပြည်တော်ရွေးကောက်ပွဲကော်မရှင်ထံတွင်ပါတီကို ပြန်လည်မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ပါတီကို ပြန်လည်မှတ်ပုံတင်ရန် နိုဝင်ဘာလ ၁၈ ရက်နေ့က ဆုံးဖြတ်ပြီးနောက် နိုဝင်ဘာလ ၂၅ ရက်နေ့က ပါတီ ခေါင်းဆောင်များနေပြည်တော်သို့ သွားရောက်ကာ ပါတီကိုပြန်လည်မှတ်ပုံတင်ခွင့် လျှောက်ထားခဲ့ကြောင်း သိရသည်။

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD ပါတီ ဝင်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီးနောက် ယခုလို လျှောက်လွှာ တင်ခဲ့ခြင်းဖြစ်သည်။

လျှောက်လွှာမှာ ပြင်ဆင်စရာမရှိသောကြောင့် ရွေးကောက်ပွဲကော်မရှင်က လက်ခံထားလိုက်ကြောင်း မှတ်ပုံတင်ခွင့်အတွက် နေပြည်တော်ကို သွားရောက်ခဲ့သော NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ မှတ်ပုံတင်ရာမှာ ထည့်သွင်းဖော်ပြရာတွင် ပါတီ တည်ထောင်သူများစာရင်းထဲတွင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်စသော မူလ CEC ပါတီဗဟိုကော်မီတီဝင်များအပြင် ဦးဉာဏ်ဝင်း၊ ဦးဟန်သာမြင့်၊ ဒေါ်မေဝင်းမြင့်စသော နောက်ပိုင်း တိုးချဲ့ဖွဲ့စည်းရာတွင်ပါဝင်သော CEC များအဖြစ် ပါဝင်လာသူများ၊ တိုင်းရင်းသားများနှင့် လူငယ်များပါ ထည့်သွင်းထားသည်ကို တွေ့ရသည်။

ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ် ဗဟို မျက်နှာစုံညီအစည်းအဝေးနှင့်
၂၃ နှစ်မြောက် အခမ်းအနား ကျင်းပ ပြုလုပ်

၁၅–၁၀–၂၀၁၁

၁၉၉၀ ရွေးကောက်ပွဲတွင် တတိယ အမတ်နေရာ အများစုအနိုင်ရရှိခဲ့သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေးနှင့်၂၃ နှစ်မြောက် ပါတီ နှစ်ပတ် လည်နေ့ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ဗဟိုခေါင်းဆောင်များ၏ မျက်နှာစုံညီ အစည်းအဝေးကို အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် ပြုလုပ်ခဲ့ပြီး ၂၃ နှစ်မြောက် နှစ်ပတ်လည်နေ့ကို အောက်တိုဘာလ ၁၂ ရက်နေ့က ပြုလုပ်ခဲ့သည်။

အဖွဲ့၏ အထွေထွေ အတွင်းရေးမှူး ဦးအေးသာအောင်က ဗဟို မျက်နှာ

(စာမျက်နှာ ၈ သို့)

အောင်တံခွန် သင်္ဘော ကျောက်ဆောင်တိုက်မိ

ကျောက်တန်းပေါ် တင်သွားသောသင်္ဘောကို တွေ့မြင်ရစဉ် (ဓါတ်ပုံ– နိရဉ္စရာ)

နိုဝင်ဘာလ ၂၂ရက်နေ့ နံနက်၄နာရီ ခွဲခန့်တွင် အောင်တံခွန်အမှတ်(၂) သင်္ဘောမှာနောင်တော်မြစ်အတွင်း ရေလယ် ကျောက်ဆောင်တစ်ခုကိုတိုက်မိပြီးအဆိုပါ ကျောက်တန်းပေါ်တွင်သောင်တင်သွားခြင်း ဖြစ်ကြောင်း သိရသည်။''အဲဒီသင်္ဘောက နောင်တော်မြစ်က အစိုင်ကြီးကျွန်းအနီးက မုဆိုးမကျောက် တန်းကိုတိုက်မိတာဖြစ်ပါတယ်။ သင်္ဘောကအဲဒီကျောက် တန်းမှာသောင်တင်သွားပါတယ်။ အခုထက်ထိဆွဲချလို့မရသေးပါဘူး''ဟု မျက်မြင် ကျောက်ဖြူဒေသခံ တစ်ဦးကပြောသည်။

(စာမျက်နှာ ၈ သို့)

''နိုင်ငံရေး အကျဉ်းသားတွေအားလုံးကို မလွတ်ပေးဘဲ တိုးတက်လာတယ်လို့ ဘယ်ပြောလို့ ရမှာလဲ။''

မြန်မာနိုင်ငံနှင့် ပတ်သက်၍ သမ္မတအိုဘားမား၏ မိန့်ခွန်း

''မြန်မာဘောလုံးအသင်း အောင်မြင်တာမဟုတ်ဘူး၊ တိုးတက်တာ''

Published by Narinjara News Group

ကေအိုင်အေနှင့်အစိုးရတပ် တလအတွင်း

တိုက်ပွဲပေါင်း ၁၆၀ ကျော်ဖြစ်ပွားခဲ့

၃၁-၁၀-၂၀၁၁

ကေအိုင်အေ (ကချင်လွတ်လပ်ရေးတပ်မတော်)နှင့် မြန်မာအစိုးရ စစ်တပ်တို့ တိုက်ပွဲများဆက်ဖြစ်နေပြီး အောက်တိုဘာလအတွင်း တွင်တိုက်ပွဲပေါင်းအနည်းဆုံးအကြိမ် ၁၆၀ကျော်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ပွဲများအတွင်းကေအိုင်အေဘက်ကထိခိုက်မှုနည်းပြီး အစိုးရတပ်ဘက်က ထိခိုက်မှုများ အများအပြားရှိခဲ့သော်လည်း စာရင်းအတိအကျ ထုတ်ပြန်ရန် ခက်ခဲကြောင်း ကေအိုင်အေ ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်းက သတင်းဌာနများသို့ပြောသည်။

''ဟိုဘက်ဒီဘက် ဘယ်လောက်ထိ အကျအဆုံးရှိတယ်ဆိုတာ သိပ်မပြောချင်ဘူး။ ဒါပေမယ့် သေချာတာတော့ ပြီးခဲ့တဲ့အချိန်မှာ သူတို့အထိအခိုက်များတယ်။ ဘာကြောင့်လဲဆိုတော့ ရှေ့တန်းမှာ တက်လာတဲ့သူတို့ရဲဘော်တွေကကလေးစစ်သားတွေ တော်တော် များများရောပါလာတယ်။ နယ်မြေအရက္ခမ်းကျင်မှုမရှိဘူး။ စိတ်ဓာတ်ရေးရာကလည်းအမိန့်အရပဲ လုပ်ဆောင်ရတဲ့ကိစ္စ ဖြစ်နေတော့ အဲဒီမှာ အထိအခိုက်များတယ်။''

အစိုးရဘက်ကကိုယ်စားလှယ်များနှင့်ပြီးခဲ့သောဇွန်လမှာတကြိမ်၊ ဩဂုတ်လမှာတကြိမ်တွေ့ဆုံခဲ့ရာမှာ မည်သည့်အဖြေရလဒ်မှ ထွက်ပေါ်မလာခဲ့ဟု ဦးလနန်းကပြောသည်။ ကေအိုင်အိုသည် တိုင်းရင်းသားလက်နက်ကိုင်တွေစုဖွဲ့ထားသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ အဖွဲ့ဝင်ဖြစ်သည်။

ပြီးခဲ့သောစနေနေ့(အောင်တိုဘာလ ၂၉ရက်)တွင်လည်း ကေအိုင်အိုဌာနချုပ် လိုင်ဇာနှင့်မြစ်ကြီးနားမြို့အကြား ဝိုင်းမော်မြို့ နယ်၊ ဂါးဒါယန်ကျေးရွာကကေအိုင်အေတပ်ကို အစိုးရစစ်တပ် ဘက်က အမြောက်များနှင့်ပစ်ခတ်ရာတွင် ဓာတုဗေဒလက်နက် အမြောက် ကျည်၂လုံးကျရောက် ပေါက်ကွဲခဲ့ကြောင်း ကေအိုင်အေ ဘက်က ပြောဆိုသည်။

လွန်ခဲ့သော စက်တဘ်ာလ အတွင်းတွင်လည်း ဗမာအစိုးတပ်နှင့် ကေအိုင်အေတပ်အကြား တိုက်ပွဲပေါင်း ၈၆ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အစိုးရတပ်နှင့် ကေအိုင်အိုအကြား ဇွန်လ ၉ ရက်က စခဲ့သော တိုက်ပွဲကြောင့် နှစ်ဘက် အပစ်ရပ်သဘောတူညီချက် ပျက်ခဲ့ပြီး စစ်ပွဲများ စတင်ဖြစ်ပွားခဲ့သည်။

ဗိုလ်ချုပ် ဆေထင်ကို စစ်တွေတွင်

နိုင်ငံရေး သမားများ သွားရောက်ကြိုဆို

၁၄-၁၀-၂၀၁၁

စစ်တွေထောင်ထဲမှ လွတ်လာသူ ရှမ်းပြည်တပ်မတော် (SSA) မြောက်ပိုင်း SSA အဖွဲ့ နာယကနှင့် ရှမ်းပြည် အတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင်ဖြစ်သော ဗိုလ်ချုပ်ဆေထင်အားလွတ်လာသည့် နေ့က စစ်တွေမြို့တွင် နိုင်ငံရေးသမားများနှင့် ပြည်သူများက သွားရောက်ကြိုဆိုခဲ့ကြသည်။

''ဗိုလ်ချုပ်ဆေထင်ကို စစ်တွေ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကလူတွေရယ်။ ရခိုင်တိုင်းရင်းသားများ တိုးတက် ရေးပါတီကလူတွေရယ်။ ပီးရင်စစ်တွေက လူကြီးတချို့ လွတ်လာတဲ့နေ့က ထောင်ပူးဝမှာသွားရောက် ကြိုဆိုတာကို တွေ့ရပါတယ်။ ဗိုလ်ချုပ်ဆေထင်ထောင်ပူးဝက ထွက်လာတဲ့ မြင်ကွင်းကလူတွေအကုန်လုံးကိုဝမ်းသာပီတိ ဖြစ်စေခဲ့ပါတယ်'' ဟု ဗိုလ်ချုပ်ဆေထင်ကိုသွားရောက်ကြိုဆိုခဲ့သူ လူငယ် တစ်ဦးက ပြောသည်။

ထောင်ပူးဝတွင်ဗိုလ်ချုပ်ဆေထင်အားထောင်ပိုင်၊ ထောင်မှူးကြီး များကလည်း လက်ဆွဲနုတ်ဆက်ခဲ့ကြသည်ဟု အဆိုပါလူငယ် က ဆက်ပြောသည်။

''အဘဗိုလ်ချုပ်ဆေထင်ကရယ်ပြုံးပြုံးနဲ့ ထောင်ပူးဝမှာ ထောင်မှူး၊ ထောင်ပိုင်တွေကိုလက်ဆွဲနုတ်ဆက်ပါတယ်။ ပီးရင်လူတွေက သွားရောက်ကြိုဆိုနုတ်ဆက်ကြပါတယ်။ လူက ၅၀ခန့်ရှိပါတယ်။ အဲသလိုနုတ်ဆက်ပီးတာနဲ့ ချက်ချင်း လေဆိပ်ကိုကားနဲ့ယူသွားပါတယ်။ ပီးရင်ကိုရန်ကုန်ကိုပို့ လိုက်ပါတယ်''ဟုပြောသည်။

စစ်တွေထောင်ထဲမှလွတ်မြောက်လာသူအကျဉ်းသား ၂၉၀ရှိပြီး ထိုအထဲတွင်ဗိုလ်ချုပ် ဆေထင်အပါအဝင်နိုင်ငံရေး အကျဉ်းသား (၃)ဦးသာလွတ်လာသည်ဟုသိရသည်။အဆိုပါ လွတ်လာ သူများမှာ ဗိုလ်ချုပ်ဆေထင်(ခေါ်)စိုင်းကျော်စိန်၊ ကိုဇော်မင်းခေါ် တေဇာနှင့်ကိုစိုးလွှင်ခေါ် ကိုတိုးလွှင်တို့ ဖြစ်ကြောင်းသိရသည်။

ဗိုလ်ချုပ်ဆေထင်သည် ယခုအခါ ထောင်ထဲတွင် ခံစားခဲ့ရသော မျက်စေ့၊ နှလုံး၊ သွေးတိုးနှင့် ဆီးချိုရောဂါများကြောင့် ရန်ကုန်တွင် ကျန်းမာရေး စစ်ဆေးနေကြောင်း သိရသည်။

စစ်တွေထောင်ကလွတ်လာသည့်အချိန်တွင် ဗိုလ်ချုပ်ဆေထင်မှာ အသက် ၈၅ နှစ်အရွယ် ရှိပြီဖြစ်ပြီး စစ်ကိုင်းတိုင်း ခန္တီးထောင်၊ မန္တလေး အိုးဘိုထောင်နှင့် နောက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေထောင်ကို ပြောင်းရွှေ့ခံခဲ့ရသည်။

ဗိုလ်ချုပ်ဆေထင်ကို တခြားရှမ်းခေါင်းဆောင်များနှင့်အတူ ရှမ်း ပြည် အတိုင်ပင်ခံကောင်စီဖွဲ့စည်းရန်ကြိုးစားမှုဖြင့် ဖမ်းဆီးခံခဲ့ရ ပြီးနိုင်ငံတော်ပုန်ကန်မှု၊ အကြည်ညိုပျက်စေမှုဖြင့် ၂၀၀၅ ခုနှစ် ဖန်နဝါရီလ ၈ ရက်နေ့ကထောင်ဒဏ် ၁၀၆ နှစ်ချမှတ်ခဲ့သည်။

နစက နှစ်ဦး အသတ် မခံရမှီ သေနတ်ဖြင့်

ပြန်လည် ပစ်ခတ်မှု ဖြစ်ပွားခဲ့

၃-၁၁-၂၀၁၁

မောင်အေး

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကြက်ရိုး ကုန်တန်း မူဆလင် ကျေးရွာတွင် အသတ်ခံခဲ့ရသော နစက အရာရှိတစ်ဦးနှင့် တပ်သားတစ်ဦးတို့မှာ သူတို့ အသတ်မခံရမှီ သေနတ်ဖြင့် ပြန် လည်ပစ်ခတ်ခဲ့သည်ဟု သေဆုံးမှုဖြစ်စဉ် အကျဉ်းနှင့်ပတ်သက်ပြီး နစက တပ်ဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောသည်။

''သူတို့က သေနတ်နဲ့ ပြန်ပစ်ခတ်ခဲ့ပါတယ်။ ကုလားရွာသား (၆) ဦးခန့် ဒဏ်ရာ ရသွားတယ်လို့ သိရတယ်။ ဒါပေမယ့် နစက တပ်သားတဦးဘဲ လွတ်သွားတယ်။ နောက်နှစ်ဦးက ရွာထဲက မထွက်နိုင်ဘဲ ဖမ်းမိသွားပြီး အသတ်ခံသွားကြရတာ ဖြစ်ပါ တယ်။''

သေဆုံးသွားသူနှစ်ဦးမှာ ရသေ့တောင်မြို့နယ် တောင်ပိုင်းတွင် တည်ရှိသောအငူမော် စခန်းမှဖြစ်ကြသည်။ သေဆုံးသူ အရာရှိမှာ စစ်တပ်ကနေ နစကသို့ ပြောင်းလာသူ ဒုဗိုလ်မြတ်ဆွေနှင့် ရဲတပ်မှ ပြောင်းလာသူ တပ်သားအောင်ကျော်ဇောတို့ ဖြစ်ကြ သည်။ ကျန်တဦးမှာ ထွက်ပြေးလွတ်မြောက်လာကြောင်း သိရှိရ သည်။

အခင်းဖြစ်ပွားသည့် ဖြစ်စဉ်အကျဉ်းကိုလည်း သူက ယခုလို ပြော သည်။

''သူတို့ သုံးဦးမှာ နွားမှောင်ခိုလမ်းတွေကို ပိတ်ဆို့ဖို့သွားကြတာ ဖြစ်ပါတယ်။ အခု မူဆလင် အိဒ်ပွဲတော်နဲ့ နီးလာတော့ အဲဒီ ဘက်က ဘင်္ဂလာကို နွားမှောင်ခို ခိုးကျော်တဲ့ လမ်းတွေရှိတယ်။ အဲဒီ လမ်းတွေကိုပိတ်ဖို့ သွားတဲ့အချိန်မှာ ရွာသားတယောက်က သူတို့ရွာမှာ နွားမှောင်ခိုသမားတွေ ရောက်နေတယ်ဆိုပြီး လာ ခေါ်လို့ လိုက်သွားကြတယ်။ အဲဒီ မှောင်ခိုသမားကို ဖမ်းပြီး ရယကအိမ်မှာ အပ်ထားတယ်။ သူတို့ ခရီးဆက်တယ်။ ပြန်လာ တဲ့အချိန်မှာ မှောင်ခိုသမားက မရှိတော့ဘူး။ ဒါကြောင့် ကျေးရွာ အုပ်ချုပ်ရေးမှူးကိုရိုက်ပြီး စစ်ဆေးမေးမြန်းတယ်။ သူကလည်း ထွက်ပြေးသွားတော့ အိမ်သားကို ရိုက်ပြီး စစ်ဆေးတဲ့အခါ အဲဒီ အချိန်မှာ အိမ်သားတွေက ဓါးပြ၊ ဓါးပြဆိုပြီး အော်တယ်။ အဲဒီ ကနေ ကုလားတွေဝိုင်းလိုက်လာပြီး သူတို့ကို ဝိုင်းဖမ်းတယ်။ အဲဒီ ကနေ ဖြစ်သွားတာ့ဟုပြောသည်။''

ထိုသို့ အော်စဉ် ရွာသားများ ဝိုင်းအုံလိုက်လာသဖြင့် သေနတ်နှင့် ပစ်ခတ်ခဲ့သည့်အတွက် ရွာသားတချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ သို့ သော်လည်း ရွာသားများက နစကများကို ဖမ်းမိသွားပြီး နစက နှစ်ဦးကို အသေသတ်လိုက်ကြောင်း သူက ဆက်ပြောသည်။

''အသတ်ခံရတဲ့သူတွေ သေနတ်နဲ့ပစ်ခဲ့လို့ ဒဏ်ရာရသွားသူတွေ ရော၊ ကျန်တဲ့ ရွာသားတွေရော အကုန်လုံး ထွက်ပြေးသွားကြ တယ်။ ဘင်္ဂလာဒေ့ရှ်ကို ထွက်ပြေးဖို့များပါတယ်။ သူတို့က အခု လို ပြစ်မှုမျိုးဖြစ်ပြီးရင် ဘင်္ဂလာကို ထွက်ပြေးတာများပါတယ်။ သေနတ်တွေကိုတော့ နောက်ပိုင်းမှာ ကျန်နေခဲ့တဲ့ ရွာသားတွေက နစကကို လာအပ်တယ်လို့ သိရပါတယ်''ဟု သူကပြောသည်။

အဆိုပါ ပြဿနာကြောင့် ဒေသတဝိုက်တွင် ဆူဆူပူပူ ဖြစ်နေပြီး ကြက်ရိုး ကုန်တန်းကျေးရွာတွင် ယခုအချိန်ထိ နစက တပ်ဖွဲ့ဝင် အများအပြား နေရာယူထားကြပြီး ရွာသားများကို စစ်ဆေးမှုများ ပြုလုပ်နေကာ တချို့ကျေးရွာသားများကိုလည်း ဖမ်းဆီးထား ကြောင်း သိရှိရသည်။

ရန်ကုန် မြို့တော်ခန်းမထဲတွင် ဗုံးနှစ်လုံးကွဲ

၃၀-၁၀-၂၀၁၁

ရန်ကုန်မြို့တော်ခန်းမထဲတွင်ယနေ့(တနင်္ဂနွေနေ့) ညနေကဗုံးနှစ်လုံး ပေါက်ကွဲခဲ့ ကြောင်း မျက်မြင် ရခိုင်အမျိုးသားတစ်ဦးကနိရဉ္စရာသို့ပြောသည်။

''ဟုတ်ကဲ့ ပထမ တစ်လုံးက ညနေ ၇ နာရီ ၄၅ မိနစ်မှာကွဲတယ်။ နောက်တစ်လုံးက ၉ နာရီတိတိမှာကွဲပါတယ်။ ည (၉) နာရီ ကွဲတဲ့အခါ ကျနော်တို့ ဆူလေဘုရားနားမှာ ရှိပါတယ်။ အသံကကျယ်လောင်လောင်ကြားရပါတယ်။ အခုဗုံးတွေကို မိုင်းရှင်းလင်းရေး အဖွဲ့က ဖေါက်ခွဲပစ်တာလို့ပြောပါတယ်''ဟုသူကပြောသည်။

အဆိုပါ ဗုံးများကိုမြို့တော်ခန်းမထဲတွင်ရှာဖွေတွေ့ရှိသဖြင့်အခြေအနေအရ ဖေါက်ခွဲ ပစ်ခြင်း ဖြစ်ကြောင်းသူကဆက်ပြောသည်။

''ဗုံးတွေကိုဘယ်လိုမှမဖေါက်ခွဲဘဲဖေါ်ယူလို့မရတာကြောင့်ဖေါက်ခွဲပစ်ရတာဖြစ်တယ်လို့ ရဲကို တီးခေါက်မေးကြည့်တဲ့အခါသူတို့က ပြောပါတယ်။ ညနေ ၉ နာရီ ဗုံးပေါက်ကွဲတဲ့ အချိန်မှာကျနော်တို့ကကိုက် ၁၀၀ အကွာလောက်မှာဆူလေဘုရားနားက ကြည့်နေ ကြတာဖြစ်တဲ့အတွက်အသေအချာကြားရပါတယ်။ ရဲ ၂၀၀ က မြို့တော်ခန်းမကို ဝိုင်းဝန်းထားပါတယ်။ လူတွေကတော့ဘေးပတ်ဝန်းကျင်က ရပ်ကြည့်နေကြပါတယ်''ဟု သူကဆက်ပြောသည်။

ဗန္ဓုလပန်းခြံဘက်ကရောဆူလေဘုရားလမ်း ဘက်ကလမ်းကိုပိတ်ထားခဲ့သည်။ သို့သော်လည်းအနီးပတ်ဝန်းကျင်တွင်သတင်းလာယူနေသောသတင်း ထောက်များနှင့် လုံခြုံရေးယူထားသော ရဲများဖြင့်ပြည့်နှက်နေခဲ့သည်ဟု သိရသည်။

''ကျွန်တော်တို့က မြို့တော်ခန်းမမှာဗုံးတွေ့တယ်ဆိုတဲ့အတွက်သွားရောက် ကြည့်ရာ ကနေ ညနေ ၉နာရီမှာဗုံးပေါက်ကွဲတာကို ကိုယ်တိုင်ကြားရတာဖြစ်ပါတယ်။ လူတွေကတော့အချင်းချင်းထောင်တာလိုလို၊ မိုင်းသတိပေးဖို့လုပ်သလိုလိုဝေဖန်ပြောဆို မှုတွေတော့ရှိနေပါတယ်။ အတိအကျ ပြောဖို့တော့ ခက်ပါတယ်''ဟု သူကပြောသည်။ ယခုဗုံးမှာ မြို့တော်ခန်းမထဲတွင်ထောင်ထားသောဗုံးများဖြစ်ပြီးမိုင်းရှင်းလင်းရေးအဖွဲ့မှ ဖေါက်ခွဲပစ်ခြင်းဖြစ်သဖြင့် လူအထိအခိုက်မရှိကြောင်း သိရသည်။

သမိုင်းသုတေသီ ဆရာကြီး ထွန်းရွှေခိုင်

ရခိုင်မြို့ များတွင် သမိုင်းဆိုင်ရာ ရှင်းလင်းပွဲများ ပြုလုပ်

၄-၁၁-၂၀၁၁

ရခိုင်သမိုင်းသုတေသီ၊ စစ်တွေ ကောလိပ်မော်ကွန်းထိန်း(ဟောင်း)ဆရာကြီး ဦးထွန်းရွှေခိုင်သည်ရခိုင်ပြည်နယ်မြို့နယ် အများအပြားသို့ဆင်းပြီးရခိုင်သမိုင်းနှင့်ပတ်သက်ပြီးရှင်းလင်းဟောပြောပွဲများ ပြုလုပ်နေကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့တွင် ရခိုင်သမိုင်းဆိုင်ရာရှင်းလင်း ဟောပြောပွဲကို နိုဝင်ဘာလ ၃ ရက်နေ့က စေတီကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း တက်ရောက်ခဲ့သူ တစ်ဦးက ပြောသည်။

''အခု ဆရာကြီး ရှင်းလင်းပြောကြားတာကတော့ ရခိုင်သမိုင်းကို သက်သက် ဟောပြောတာဖြစ်ပါတယ်။ ဘယ်လူမျိုး၊ ဘယ်ဘာသာ၊ ဘယ်သူ့ကိုမှဆန့်ကျင်ပြီး ဟောပြောတာမဟုတ်ဘူး။ ကိုယ့်သမိုင်းကို ကိုယ်ပြောတာပါ။ ရခိုင်သမိုင်းဟာဘယ်လို ရှည်လျားလွန်းပြီးဘယ်လိုဖြတ်သန်းစီးဆင်းခဲ့တယ်ဆိုတာကို လူငယ်တွေသိအောင် ပြောပြတဲ့ပွဲဖြစ်ပါတယ်''ဟုပြောသည်။

ဟောပြောပွဲတွင်ဆရာကြီး ဦးထွန်းရွှေခိုင်နှင့် အတူရန်ကုန်မှအတူလိုက်ပါလာသူ ရခိုင်သားကြီး ဦးလှမြင့်လည်း ရခိုင်သမိုင်းနှင့် ပတ်သက်ပြီး ဟောပြောခဲ့သည်ဟု သိရသည်။

''စစ်အစိုးရတုန်းကခုလိုရခိုင်သမိုင်းတွေကို ပြောပြခွင့်တဲ့မရခဲ့တော့ဒီကနေ့ လူငယ်တွေဟာကိုယ့်သမိုင်းကို ကိုယ်မသိတော့ဘူး။ ကိုယ့်သမိုင်းကို ကိုယ်မသိရင် ကိုယ်ဘဝကို ကိုယ်မေ့နေတဲ့ သဘောမျိုးပေါ့။ ဒါကြောင့် ကိုယ့်သမိုင်းကို ကိုယ်သိအောင် ဆရာကြီးက ဟောပြောတာဖြစ်ပါတယ်။ ဦးလှမြင့်လည်းဟောပြောပါတယ်။ ဦးစံရွှေမောင်က အခမ်းအနားမှူး ပြုလုပ်ခဲ့ပါ တယ်'' ဟုပြောသည်။

ဟောပြောပွဲ အခမ်းအနားကို ညနေ ၇ နာရီမှစတင်ခဲ့ပြီးည၌ ၁၁ နာရီတွင် ပြီးဆုံးခဲ့သည်။ လူပေါင်း ၄၀၀ ခန့်တက်ရောက်နားထောင်ခဲ့ကြသည်။

အလားတူ ဟောပြောပွဲ တရပ်ကိုလည်း မောင်တောမြို့မြို့မကျောင်းတွင်နိုဝဘာလ ၃ ရက်နေ့နံနက်ကပြုလုပ်ခဲ့ကာ ဆရာကြီး ဦးထွန်းရွှေခိုင်နှင့် ဦးလှမြင့်တို့က ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ လူပေါင်း ၅၀၀ ခန့် တက်ရောက်နားထောင်ခဲ့သည်။

ဆရာကြီးထွန်းရွှေခိုင်နှင့် အဖွဲ့သည် နိုဝဘ်ာလ ၄ ရက်နေ့က ဘူးသီးတောင်မှ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာသို့ ထွက်ခွာသွားပြီး စေတီပြင်ကျေးရွာနှင့် ရသေ့တောင်တွင် ဆက်လက် ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်သူ၊ ရခိုင်သားတိုင်း ရခိုင်ပြည်အတွက် အုတ်တချပ်၊ သဲတပွင့်ဖြစ်ဖြစ် လုပ်ပီးနိုင် ကတ်ပါစီ။

ရခိုင်လူငယ် ၁၁ ယောက် အုပ်စုထဲမှ ကိုခိုင်ကျော်မိုးနှင့်

ကိုဇော်ထွန်းနိုင် အင်းစိန်ထောင်မှ လွတ်မြောက်လာ

၁၈–၁၁–၂၀၁၁

၂၀၀၉ ခုနှစ်ကဖမ်းဆီးထောင်ချခံရသော ရခိုင်လူငယ် (၁၁)ဦးထဲမှ ခိုင်ကျော်မိုး နှင့် ဇော်ထွန်းနိုင် နှစ်တို့သည် ယနေ့ (နိုဝဘ်ာလ ၁၈ရက်) နံနက်က အင်းစိန် ထောင်ထဲမှ ထောင်ရက်စေ့သဖြင့် ပြန် လည် လွတ်မြောက် လာခဲ့သည်။

ကိုခိုင်ကျော်မိုးကသူတို့လွတ်မြောက်လာ ကြောင်းကိုယခုလိုနိရ္ဇရာသို့ပြောသည်။

''ဒီကနေ့နံနက်ကကျွန်တော်နဲ့ဇော်ထွန်း နိုင်တို့အင်းစိန်ထောင်ကလွတ်လာပါ တယ်။ လွတ်လာတာကထောင်သက် တမ်းစေ့တဲ့ အတွက်လွတ်လာတာဖြစ်ပါ တယ်။''

သူတို့ ထောင်ချခံရသည့် အကြောင်း အရင်းကိုလည်းသူကယခုလိုပြောသည်။

''မတရား အသင်းအဖွဲ့ ပုဒ်မ ၇ နဲ့ တရားစွဲပြီး ထောင်ချလိုက်တာပါ။ ရခိုင်ပြည်လုံး ဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး AASYC ရဲ့ အဝေးရောက် Coordinator ဆိုပြီးတော့ ကျွန်တော့်ကို ထောင်ချ လိုက်တာပါ။ ကျွန်တော်တို့ တဖွဲ့လုံးက AASYC နဲ့ ပတ်သက်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ ကျွန်တော် တို့ ၁၁ ဦး အဖမ်း ခံရပါတယ်။ ၂၀၁၀ခုနှစ် ၁၁ လပိုင်းမှာ ကျွန်တော်နဲ့ ဇော်ထွန်းနိုင်ကိုတယောက် ကို ထောင်သုံးနှစ်စီ ချလိုက်ပါတယ်။ နောက်ထပ် ၈ ဦးကတော့ ထောင်ထဲမှာ ကျန်နေခဲ့ပါသေးတယ်''

လက်ရှိ အင်းစိန်ထောင်ရှိ နိုင်ငံရေး အကျဉ်းသားများ၏အခြေအနေကိုလည်း ကိုခိုင်ကျော်မိုးက ယခုလို ပြောသည်။

''ထောင်ထဲမှာ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေကို အရင်နဲ့ စာရင် နည်းနည်း ဦးစားပေးလာတာကို တွေ့ရ ပါတယ်။ နောက်ပြီးတော့ ဆေးကုသခွင့် တွေလည်း နည်းနည်းခွင့်ပြုပေးလာတာ ကို တွေ့ရပါတယ်။ ဒါပေမယ့် သာမန် အကျဉ်းသားတွေကတော့ ဘာအခွင့် အရေးမှမရှိသေးဘူး။ နိုင်ငံရေးအကျဉ်း သားတွေခုလို ဦးစားပေးလာတာက ပြည်တွင်းထဲမှာ ပြောင်းလဲလာနေတဲ့ နိုင်ငံရေးရာသီဥတုရပ်ဝန်းနဲ့ လိုက်ပြီး တော့သူတို့ကနည်းနည်း လျှော့ပေါ့ ပေး တယ်လို့နားလည်ရပါတယ်။ ကျန်ကိစ္စ တွေကတော့ အပြောင်းအလဲ မရှိသေး ပါဘူး။ အယင်ပုံစံဒီဇိုင်း အတိုင်းပါဘဲ။ လူကြီးတွေလာရရင်ထောင်ထဲက အခန်း တွေကိုထုံးသုတ်တယ်။ ဟိုဟာဒီဟာလုပ် တယ်။ Window Dressing အဆင့်ပဲ ရှိပါသေးတယ်။''

ကိုခိုင်ကျော်မိုးနဲ့အတူထောင်ထဲကလွတ် လာတဲ့ ကိုဇော်ထွန်းနိုင်ကလည်း သူ ထောင်ထဲကလွတ်လာတဲ့အတွက်ဖြစ်ပေါ် မိသော ခံစားမှုကို ယခုလို ပြောသည်။

''ဘယ်လို ခံစားရသလဲဆိုရင် ထောင်က လွတ်တော့ ပျော်ပါတယ်။ ဒါပေမယ့် ပျော်သင့်သလောက် မပျော်နိုင်ပါဘူး။ ဘာဖြစ်လို့ဆိုတော့ ထောင်ထဲမှာကျန်နေခဲ့တဲ့ ကိုယ့်အမှု တွဲတွေနဲ့ကိုယ် ထောင်ကျနေတဲ့ နိုင်ငံ ရေးအကျဉ်းသားတွေရဲ့ မျက်နှာတွေကို မြင်ပြီးတော့ အထူးစိတ်မကောင်း ဖြစ် မိပါတယ်။ ခံစားချက်တွေက တော့ပြော လို့မရအောင် ထိပါဘဲ'' ဟုပြောသည်။

ယခုကဲ့သို့ ထောင်ချခံရခြင်းအပေါ် သူ့ အမြင်ကိုလည်း ယခုလို ပြောသည်။

ကိုယ့်လူမျိုး၊ကိုယ့်နိုင်ငံသားတွေ အ တွက် အလုပ်လုပ်လို့ထောင်ကျရတာ ဖြစ်တဲ့အတွက်ဂုဏ်ယူပါတယ်။ ဝမ်းနည်း မှုတခုလည်းမဖြစ်ပါ။ ဒီလုပ်ရပ်ဟာ နိုင်ငံသားတိုင်း လူမျိုးတိုင်းလုပ်ရမယ့် အလုပ်ပါ။ ဒါကြောင့်ဝမ်းမနည်းပါဘူး'' ဟု သူကပြောသည်။

ကိုခိုင်ကျော်မိုးနှင့် ကိုဇော်ထွန်းနိုင်တို့မှာ ကျန်းမာရေးကောင်းကြောင်းနှင့်အနာ ဂတ်တွင် မြန်မာပြည်တွင် ငြိမ်းချမ်းရေး ရရှိရန်နှင့်ရခိုင်လူငယ်များဖွံ့ဖြိုးတိုးတက် ရန်အတွက်ကြိုးပမ်း ဆောင်ရွက် သွားမည် ဖြစ်ကြောင်းပြောကြားသည်။

၎င်းပြင် ထောင်ထဲတွင်ကျန်နေခဲ့သော ထွန်းလင်းကျော်၊ ကိုကျော်ဝင်း၊ ကိုမဲလုံး အပါဝင် လုပ်ဖော်ကိုင်ဘက် (၈)ဦး လွတ်မြောက်လာရေးအတွက် အင်တိုက် အားတိုက်ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

နောက်ကျန် ရခိုင်–ကရင် ရဲဘော်သုံးဦး

အိန္ဒိယ ထောင်ထဲမှ လွတ်မြောက်လာ

၁၆–၁၁–၂၀၁၁

(မောင်အေး)

အိန္ဒိယနိုင်ငံ ကာလကတ္တား အကျဉ်းထောင်မှ လွတ်မြောက်လာသည့် ရခိုင်ကရင် ရဲဘော် ၃၄ ဦးထဲမှမလွတ်ဘဲကျန်ရှိလိုက်သည့် ရဲဘော် ၃ သုံးဦးယမန်နေ့(နိုဝဘ်ာလ ၁၅)ကအပြီးအပိုင် လွတ်မြောက်လာပြီ ဖြစ်သည်။

ယခု လွတ်မြောက်လာသည့် ရဲဘော်သုံးဦးမှာ ရခိုင်အမျိုးသားလူလူ၊ ဟေးလီနှင့်ကရင် အမျိုးသား မောင်နိုင်တို့ ဖြစ်သည်။

သူတို့ ၃ ဦး လွတ်မြောက်လာသည့် ကိစ္စနှင့် ပတ်သတ်ပြီးအဖွဲ့ခေါင်းဆောင် ကိုဉာလင်းက ယခုကဲ့သို့ ပြောသည်။

''သူတို့ မနေ့ကနံနက်ပိုင်းက လွတ်တယ်။ သူတို့ကို ကာလကတ္တားကနေ အမှုစစ်ဖို့ ပို့ပလေယားကို ဒီလ ၉ ရက်နေ့က ပို့လိုက် တယ်။ ပို့ပလေးယား ၁၄ ရက်နေ့က ရောက် သွားတယ်။ သူတို့တရားရုံးကို သွားတယ်။ အဲဒီမှာတခါတည်းလွတ်လိုက်တာ။ အမှန်က သူတို့ရုံးချိန်းက ၁၈ ရက်နေ့မှဆိုတော့ လွတ်ရမှာအဲဒီနေ့မှလွတ်ရမှာအခုတော့ စော စောစီးစီး လွတ်ပေးလိုက်တယ်။''

ယခုလွတ်မြောက်လာသည့် ၃ဦးမှာ ပို့ ပလေးယားကျွန်းတွင် အကျဉ်ချုပ်နှင့်နေရစဉ် အိန္ဒိယရဲတပ်သားတဦးနှင့်စကားများခဲ့သဖြင့် တရားစွဲဆိုခံခဲ့ရသည့်အတွက် ယခုကဲ့သို့ ထောင်မှ မလွတ်ဘဲကြန့်ကြာနောက်ကျနေခဲ့ ရခြင်းဖြစ်ကြောင်းကိုဉာလင်းက ဆက်ပြော သည်။

''ကျွန်တော်တို့ ပို့ပလေးယားမှာ ရှိနေတုန်း ကသူတို့နဲ့အစောင့်ပုလိပ်တဦးနဲ့ စကားများ ကြတယ်။ ရန်ဖြစ်တဲ့အဆင့်တော့ မဟုတ်ပါ ဘူး။ စကားများကြတဲ့အဆင့်ပါ။ ဒါကို ပုလိပ် ကအမြင်ကပ်ပုဒ်မနဲ့တရားစွဲတာမျိုးပါ။ ဥပမာ တာဝန်ချိန်မှာနှောင့်ချက်တဲ့အမှု၊ ဝတ္တရား နှောင့်ချက်မှုနဲ့ တရားစွဲခံရတဲ့ အတွက်သူတို့ နောက်ကျ ကျန်ခဲ့တာပါ။''

အခုအခါ သူတို့သုံးဦးမှာ ပို့ပလေးယားကျွန်း တွင်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း နယူး ဒေလီသို့ပို့ဆောင်မည်ဖြစ်ကြောင်းသိရသည်။

''သူတို့ကိုဒီနယူးဒေလီကိုပို့မှာပါ။ ကျွန်တော် တို့နဲ့အတူနေထိုင်မှာပါ။ ဒီမှာ နေထိုင်ရေး ကတော့ကျပ်တည်းပါတယ်။ ဒါပေမဲ့ နေကြ ရမှာပါ။ အခုတော့ UNHCR ကတော့ အကူ အညီပေးထားပါတယ်။ ဒီနှစ် ဒီဇင်ဘာလ အထိ ကူညီပေးဖို့ဆိုပြီးသူတို့ပြောထားတယ်။ ဒီနှစ်ကုန်ရင်တော့နောက်နှစ်အတွက်မသေချာ သေးဘူးသူတို့မှာဘတ်ဂျက် မရှိသေးဘူးလို့ ပြောတယ်။ အခုတော့ UNHCR အကူအညီ နဲ့ နေကြပါတယ်။''

သူတို့အထဲမှ ၃၁ ယောက်ကို ယခုနှစ် မေလ ၁၉ရက်နေ့က ကာလကတ္တား အကျဉ်း ထောင်မှလွတ်ပေးခဲ့သည်။ ယခုခါ သူတို့ မှာဒေလီမြို့တွင် UNHCR ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာရုံးမှ အကူအညီနှင့် နေထိုင်လျှက်ရှိသည်။

၁၉၉၈ ခုနှစ်ဖေဖေါ်ဝါရီလကအိန္ဒိယ ထောက် လှမ်းရေးမှအန်ဒမင်ကျွန်းရှိလန်းဖေါ့ ကျွန်းတွင် စစ်အခြေစိုက် စခန်းတခုတည်ဆောက်ရန် ခေါ်ယူပြီး ကျွန်းပေါ် အရောက်တွင် ရခိုင်ပြည် တပ်မတော်မှ ဗိုလ်ရာဇာအပါ အဝင် ခေါင်းဆောင် ၆ဦးကို အိန္ဒိယစစ်တပ်မှ သတ်ဖြတ်ခဲ့ပြီး ကျန်ရဲဘော် ၃၄ ဦးကို အိန္ဒိယ အစိုးရမှ နှစ်ပေါင်း ၁၀ ကျော်အကြာ ဖမ်းဆီး ထိန်းသိမ်းထားခဲ့သည်။

အဆိုပါရဲဘော်များမှာ ကရင်အမျိုးသား အစည်းအရုံးလက်အောက်ခံ KNLA မှကရင် ရဲဘော်များနှင့်ရခိုင်ပြည် အမျိုးသား ညီညွတ် ရေးပါတီ NUPA လက်အောက်ခံ Arakan Army မှ ရဲဘော်များ ဖြစ်ကြသည်။

AASYC မှ ၉၀ ရွေးကောက်ပွဲနိုင် ပါတီများသို့ အိပ်ဖွင့်စာပို့

၁၆–၁၁–၂၀၁၁

မောင်အေး

ရခိုင်ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)မှ ၁၉၉၀ ခုရွေးကောက် ပွဲတွင် အနိုင် ရရှိခဲ့သည့် NLD နှင့် ALD အပါအဝင် တခြား နိုင်ငံရေး ပါတီများသို့ အိပ်ဖွင့်ပေးစာ တစောင်ကို ရေးသား ပေးပို့ခဲ့သည်။

ရခိုင် ကျောင်းသားနှင့် လူငယ်များဖြင့် အခြေခံ ဖွဲ့စည်းထားသော ထိုင်း အခြေစိုက် AASYC သည် အဆိုပါ အိပ်ဖွင့် ပေးစာကို နိုဝဘ်ာလ ၁၅ ရက်နေ့က ရေးသားပေးပို့ခဲ့သည်။

အိပ်ဖွင့်ပေးစာ ရေးသားပေးပို့ ရခြင်း၏ အဓိကအကြောင်းအရင်းကို အဖွဲ့ပြော ရေး ဆိုခွင့်ရှိသူ ကိုထွန်းဇော်ကယခု ကဲ့သို့ ပြောသည်။

''၁၉၉၀ ခုရွေးကောက်ပွဲမှာ ဝင်ပြိုင်ခဲ့တဲ့ ပါတီတွေက အခုထပ်ပြီးပါတီ မှတ်ပုံ တင်ဖို့နဲ့ ရွေးကောက်ပွဲ ဝင်ဖို့အတွက် ပြင်ဆင်နေတဲ့ အနေထားကိုတွေ့ရပါ တယ်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကို လက်ခံပြီး ရွေးကောက်ပွဲ ဝင်လိုက်ရင် အရင်က ရှိခဲ့တဲ့ ရပ်တည်ချက်တွေ တိမ်းစောင်းသွားနိုင်တယ်။ ဒါကြောင့် အရင်ရှိခဲ့တဲ့ မိမိတို့ ရပ်တည်ချက်တွေ ကို ပြန်လည်သုံးသပ်ပြီး လုပ်ဆောင် သွားဖို့နိုင်ဖို့အတွက် ခုလို အိပ်ဖွင့် ပေးစာကိုရေးသားပေးပို့ရတာဖြစ်ပါတယ် '' ဟု ပြောသည်။

AASYC၏ အိပ်ဖွင့်ပေးစာတွင် ရွှေဂုံ တိုင်ကြေငြာချက်မှ နောက်တလှမ်း ဆုတ်၍ ရပ်တည်ခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်နိုင်သည်ထက် လူသတ်၊ ဓားပြ၊ မုဒိန်းကောင်များကို သွယ်ဝိုက်သောနည်းဖြင့် သိဒ္ဓိတင်ပေး ရာသာရောက်ပေလိမ့်မည်ဟုဖေါ်ပြသည်။ ၎င်းအပြင် ယခုပြင်ဆင် ပေးလိုက် သည့် ပါတီမှတ်ပုံတင်ခွင့် ဥပဒေမှာ လည်းလွှတ်တော်အတွင်းမှာအတိုက်အခံ များကို အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်ခိုင်းမည့် စစ်အာဏာရှင်များ၏ နည်း ပရိယာယ်သာဖြစ်ကြောင်း လူကြီးမင်း များအနေဖြင့် သတိချပ်သင့်ကြောင်း ဖေါ်ပြသည်။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ကိုယ် စားလှယ် (၁၁)နေရာနှင့် တတိယ ကိုယ်စားလှယ် အများဆုံး အနိုင်ရရှိခဲ့ သော ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ပါတီကို ပြန်လည် မှတ်ပုံတင် မည့် သတင်းများထွက်ပေါ်နေ၍ AASYCမှ ရေးသားပေးပို့သောစာနှင့် ပတ်သက်ပြီး အမြင် သဘောထားကို မေးကြည့်ရာ ပါတီအတွင်းရေးမှူး ဦးအေးသာအောင်က ယခုကဲ့သို့ပြော သည်။

''ကျွန်တော်တို့ ဒီကြားဖြတ်ရွေး ကောက်ပွဲကို ဝင်ဖို့မစဉ်းစားဘူး။ ဒီလို မစဉ်းစား ရတာကလည်း အခုအချိန်မှာ ALDက အမျိုးသားရေး နိုင်ငံရေး အတွက် ပြင်ဆင်ဖို့နဲ့ အခြေအနေ အရပ်ရပ်တွေကို ပြန်လည်ဆန်းစစ် သုံးသပ်ဖို့ လိုသေးတဲ့အတွက် ဖြစ်ပါတယ်။''

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် တနိုင်ငံလုံး အတိုင်းအတာဖြင့် တတိယမဲအများ ဆုံးရခဲ့သည့် ပါတီဖြစ်သော်လည်း ရခိုင်ပြည်နယ်ကို အဓိကထားပြီး ပါဝင် ယှဉ်ပြိုင်ခဲ့သောပါတီဖြစ်သဖြင့်လာမည့် ကြားဖြတ် ရွေးကောက်ပွဲကိုဝင်ရန် ရည်ရွယ်ချက် မရှိကြောင်း ဦးအေးသာ အောင်က ပြောသည်။

လက်ရှိ ၂၀၁၀ရွေးကောက်ပွဲဖြင့် ရခိုင်ပြည်နယ်တွင် အနိုင်ရရှိထားသော RNDPမှ ပြည်နယ် လွှတ်တော်အမတ် ဦးအောင်မြကျော်အားယခု ထွက်ပေါ် လာသော AASYC၏အိပ်ဖွင့် ပေးစာ နှင့်ပတ်သက်ပြီးမေး ကြည့်ရာပါတီ ပေါ်လစီပိုင်းဖြစ်သဖြင့် ပါတီဥက္ကဌ ဒေါက်တာအေးမောင်ကို မေးရန် ပြောကြားသည်။

ရခိုင်နိုင်ငံအရေးကျွမ်းကျင်သူ ၈၈ မင်းပြားမြို့နယ် သပိတ်ကော်မီတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးကျော်မြသာကလက်ရှိ ဖြစ်ပေါ်နေ သောနိုင်ငံရေး အခြေအနေများနှင့် ပတ်သက်ပြီး သူ့အမြင်ကိုယခုလို ပြောသည်။

ALD မှတ်ပုံတင်လာရင် ရခိုင်ပါတီ နှစ်ခုဖြစ်သွားမယ်။ RNDP နဲ့ ALD အပြိုင်ဖြစ်လာမယ်။ ဒီလိုအပြိုင်ဖြစ် လာရင် သူတို့ပါတီတွေကို ထောက်ခံ ကြတဲ့ လူတွေလည်းအုပ်စုနှစ်ခုဖြစ် လာမယ်။ မြို့တိုင်းရွာတိုင်းမှာအကွဲ အပြဲဖြစ်လာမယ်။ ဒီလိုဖြစ်လာရင် အမျိုးသားညီညွတ်ရေးလည်းပျက်သွား မယ်။ဒီလိုပျက်သွားရင် ရခိုင်ပြည် အတွက် အလုပ်လုပ်တဲ့နေရာမှာပိုပြီး အနှောင့်အချက်ဖြစ်မယ်။ အဲလိုအကွဲ အပြဲဖြစ်လာမယ်ဆိုရင် တခြားပါတီ တွေကဘဲ မဲရသွားနိုင်တယ်။ ရခိုင်တွေ ဒီလောက် ဆင်းရဲနေတဲ့ကြားမှာ ထပ်ပြီး ရန်ဖြစ်လာဖို့မဖြစ်ရအောင် ကျွန်တော် အနေနဲ့ ALD အနေနဲ့စောင့်ကြည့် သင့်တယ်လို့မြင်တယ်''ဟု ပြောသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်NLDသာမကရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ် ALDတို့မှပါတီ ပြန်လည် မှတ်ပုံတင်ပြီးကြားဖြတ် ရွေးကောက်ပွဲ ဝင်ရန်ပြည်တွင်း ပြည်ပတွင် သတင်း များ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ် နေသည်။

၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက် လိုက်သည့် လွှတ်တော်ကိုယ်စား လှယ်များ အနက် ပြည်သူ့လွှတ်တော်တွင် နေရာ ၄၀၊ အမျိုးသား လွှတ်တော်တွင် ခြောက် နေရာ၊ တိုင်းဒေသကြီး နှင့် ပြည်နယ် လွှတ်တော်တွင် နှစ်နေရာ စုစုပေါင်း ၄၈ နေရာတွင် လွှတ်တော်ကိုယ်စား လှယ်များလစ်လပ် လျက်ရှိသည်။

အဆိုပါ လစ်လပ်နေသည့်ရေများတွင် ကိုယ်စားလှယ်များ အစားထိုးရန် ကြား ဖြတ်ရွေးကောက်ပွဲအတွက်ပြင်ဆင်ထား ကြရန် နိုဝင်ဘာလ ဒုတိယ အပတ်က ရွေးကောက်ပွဲကော်မရှင်ကပြည်နယ်နှင့် တိုင်းဒေသကြီးများရှိအဖွဲ့ခွဲများကို အ ကြောင်းကြားထားကြောင်းသိရှိရသည်။

ဓညဝတီ ရေတပ်စခန်းက သိမ်းယူသွားသော

လယ်မြေ ၁၀၇ ဧကအတွက် လျော်ကြေးရလိုကြောင်း ကျေးရွာသားများ အသနားခံ

၁၂–၁၁–၂၀၁၁

ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာမှ ရွာသားများက ဓညဝတီရေတပ်စခန်း အတွက် သိမ်းယူသွားသော လယ်မြေ ၁၀၇ ဧကအတွက်လျော်ကြေးရလိုကြောင်း ရခိုင် ပြည်နယ်ဝန်ကြီးချုပ်ထံ အောက်တိုဘာလ ၂၆ ရက်နေ့ကစာရေးပြီး မေတ္တာရပ်ခံလိုက် ကြောင်းသတင်းရရှိသည်။

''စုစုပေါင်း အသိမ်းခံရတဲ့ လယ်မြေက ၁၀၇ ဒသမ ၅၀ဧက ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ် ကတည်းကလျော်ကြေးတပြားတချပ်မှမပေးဘဲ သိမ်းယူသွားတာဖြစ်ပါတယ်။ အခုအဲဒီ လယ် မြေတွေအတွက်လျော်ကြေးရလိုကြောင်း ပြည် နယ်ဝန်ကြီးချုပ်ကိုရွာသား ၄၃ ဦးကို စာရေး ပြီး မေတ္တာရပ်ခံထားပါတယ်။ အကြောင်း ပြန်ကြားချက်တော့မရသေးပါဘူး''ဟုကျေးရွာ သား တစ်ဦးကပြောသည်။

ယခုကဲ့သို့လျော်ကြေးရလိုကြောင်း လျှောက် ထားရခြင်းမှာ ကျေးရွာသားများ အနေဖြင့် လယ်သိမ်းခံရသဖြင့် လုပ်ကိုင် စားသောက် စရာမရှိဘဲအခက်အခဲဖြစ်ကြရ၍ ဖြစ်ကြောင်း သူကဆက်ပြောသည်။

''ရေတပ်ဌာနချုပ်အတွက်ဆိုတော့လယ်တွေ ကို ပြန်ရဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒါပေမယ့်လယ်မြေတွေဟာဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာတဲ့လယ်မြေတွေ ဖြစ်တဲ့အတွက် ပိုင်ဆိုင်တဲ့ လယ်သမားတွေ အနေနဲ့ တန်ရာ တန်ကြေးကိုလျော်ကြေးရသင့်တယ်လို့ ယူဆ တဲ့အတွက်အခုလိုစာရေးပြီးအသနားခံတာ ဖြစ်ပါတယ်''ဟု သူကပြောသည်။

စစ်တောကျေးရွာမှလယ်သမားများမှာ လယ် မြေများ အသိမ်းခံရပြီးနောက် အလုပ်လက်မဲ့ ဖြစ်သွားကာအများစုကျေးရွာသားများမှာ စားဝတ်နေရေး အထူး ဒုက္ခဖြစ်နေကြောင်း သိရသည်။

ကျေးရွာသားများလယ်မြေများ ပြန်ရလို ကြောင်းအသနားခံစာမိတ္တူအားရခိုင်တိုင်းရင်း သားများတိုးတက်ရေးပါတီ ကျောက်ဖြူမြို့ နယ်ရုံးသို့ပို့ပေးထားကြောင်း ကျောက်ဖြူ ပြည်နယ်လွှတ်တော်အမတ်ဦးတင်ဖေကလည်း အတည်ပြုပြောကြားသည်။

''စုစုပေါင်း တိုင်ကြားတာက ၄၃ ဦး ဖြစ်ပါ တယ်။ စာထဲမှာရေးထားတာကို ပြောရရင် အထက်ပါ အကြောင်းအရာနဲ့ ပတ်သက်၍ ကျောက်ဖြူမြို့နယ် စစ်တောကျေးရွာအုပ်စုမှ လယ်မြေဧက ၁၀၇ ဒသမ ၅၀ ကို ၁၉၉၇ –ခုနှစ်က ဓညဝတီ ရေတပ်စခန်းအတွက် သိမ်းပိုက်ခဲ့ရာမည်သည့်လျော်ကြေးမှ မရရှိဘဲ အသိမ်းခံခဲ့ရပါသည်။ ဤလယ်မြေများသည် ကျွန်တော်များ၏ မိဖဘိုးဘွားလက်ကပင် လုပ်ကိုင်စား သောက်လာသော လယ်မြေများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤလယ်မြေများ အတွက်နစ်နာကြေးရပါလိုကြောင်း လျှောက် ထားအပ်ပါသည်ဆိုပြီး ပါရှိပါတယ်''ဟု ပြောသည်။ ယခုကဲ့သို့ စာရေးပြီး အသနား ခံထားသော်လည်း ရခိုင်ပြည်နယ် အစိုးရထံမှ တစုံတရာအကြောင်းပြန်ကြားခြင်း မရှိသေး ကြောင်း ကျေးရွာသားများက ပြောသည်။

ဂီရိ တနှစ်ပြည့် ဆုတောင်းပွဲ အခမ်းအနား မှအဆက်

အတွက်ဖယောင်းတိုင်ထွန်းညှိပြီး စက္ကန့် ၃၀ခန့် ငြိမ်သက်ကာ မိမိကိုးကွယ်ရာ ဘာသာအလိုက်ဆုတောင်းခဲ့ကြပြီး ယင်း နောက်ပိုင်းအခမ်းအနားကို ဖွင့်လှစ်ခဲ့ သည်။ထိုင်းမြန်မာ နယ်စပ်ရွှေ့ပြောင်း စာသင်ကျောင်း(BHSOH) ကျောင်းမှ ကျောင်းအုပ်ကြီး ခိုင်ဦးမောင်က အခမ်း အနားဖွင့် မိန်းခွန်းပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လာခြင်းသည် သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးနေသည့်အတွက်ကြောင့် ဖြစ်သည်ဟု ပြောကြားသည်။

''ကျွန်တော်တို့ငယ်ငယ်တုန်းက ရခိုင်ပြည်မှာသဘာဝ ဘေးအန္တရာယ် ဆိုတာတခါမှ ဘဲကျရောက်တတ်ပါတယ်။ ခုလို ခဏခဏမကျရောက်ခဲ့ပါဘူး။ ဘာဖြစ်လို့မကျညရောက်သလဲဆိုရင် သဘာဝဘေးအန္တရာယ်ကို ကာကွယ်တဲ့ သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုမရှိတဲ့ အတွက် ဖြစ်ပါတယ်။ အခုရခိုင်ပြည်က သဘာဝ ပတ်ဝန်းကျင်ကို လောဘသက္ကာယကြီးတဲ့ စစ်အာဏာရှင်တွေက နည်းမျိုးစုံနဲ့ ဖျက်ဆီးနေတာကြောင့် သဘာဝဘေး အန္တရာယ်တွေ ဆက်တိုက်ဆိုသလို ကျရောက်နေတာ ဖြစ်တယ်။''

အခမ်းအနားတွင် ကရင်တော်လှန်ရေး သမားတစ်ဦးလည်းဖြစ်၊ လက်ရှိမှာ ထိုင်းမြန်မာနယ်စပ်ရွှေပြောင်း စာသင်ကျောင်း CDCကျောင်းအုပ်ဆရာကြီး ဦးရွှေနှင်းကလည်း ယခုလိုပြောသည်။

''ပြည်သူပြည်သားတွေအားလုံး လွတ်ငြိမ်းဖို့ရေ၊ ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် တနင်္ဂနွေ နေ့တိုင်းဆုတောင်းပါတယ်။ ပထမဆုံးတော့ ၂၀၀၇ရွှေဝါရောင် တော်လှန်ရေးကို အခြေခံပြီးတော့ ဆုတောင်းပွဲတွေလုပ်ကြတယ်။ နောက်ပိုင်း နာဂစ်တို့၊ဂီရိတို့ဝင်လာတော့ အဲဒါတွေ အတွက်ပါဆုတောင်းကြတယ်။ ဘာဘဲဖြစ်ဖြစ် မြန်မာပြည်သူပြည်သားတွေ သဘာဝဘေးအန္တရာယ်ကကင်းလွတ်ဖို့၊ အဖိနှိပ်ခံဘဝကလွတ်မြောက်ဖို့၊ တိုင်းပြည်အေးချမ်းဖို့၊ တိုင်းပြည်ဖွံ့ဖြိုးပြီး ပြည်သူပြည်သားတွေ စိတ်ချမ်းမြေ့ဖို့ဆိုတာတွေကိုကျွန်တော်တို့အမြဲတမ်း ဆုတောင်းနေကြရမှာ ဖြစ်ပါတယ်။''

အခမ်းအနားတွင် ဂီရိမုန်တိုင်းကြောင့် ပျက်စီးသွားပုံများကို ရိုက်ကူးထားသော ဗွီဒီယိုများကို ၁၅မိနစ်ခန့် ပြသပြီး ဂီရိဒေသမှ ဓါတ်ပုံ ၃၀၀ကျော်ကိုလည်း ပြသခဲ့သည်ဟု သိရသည်။

အခမ်းအနားကို တိုင်းရင်းသား အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ရခိုင်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ တသီး ပုဂ္ဂလိကများနှင့် ရခိုင်အလုပ်သမားများအပါအဝင် စုစုပေါင်း ၁၂၀ခန့် တက်ရောက်ခဲ့သည်။

၎င်းအပြင် ထိုင်းနိုင်ငံ ပူကတ်မြို့တွင်လည်း လေးဝတီ ရခိုင်မျိုးချစ် လူမှုရေးအသင်းမှ ဦးဆောင်ပြီး ကျင်းပခဲ့ရာလူပေါင်း ၈၀ နီးပါးခန့်တက်ရောက်ခဲ့သည်ဟု သိရသည်။

ကျင်းပရသည့် ရည်ရွယ်ချက်ကို လေးဝတီ ရခိုင်မျိုးချစ် လူမှုရေးအသင်းမှ ဥက္ကဌ ကိုစိုးမြင့်က နိရဥ္ဆရာသို့ယခုကဲ့သို့ ပြောသည်။

''ကျွန်တော်တို့ ရခိုင်ပြည်မှာ လွန်ခဲ့တဲ့ တနှစ်က ဂီရိမုန်တိုင်းကျခဲ့တဲ့ တနှစ်ပြည့် အထိမ်းအမှတ်တခုပါ။ ရခိုင်ပြည်မှာ မုန်တိုင်းကြောင့် သေဆုံးသွားတဲ့ လူတွေ၊ အခုလက်ရှိဆင်းရဲဒုက္ခဖြစ်နေတဲ့ လူတွေရဲ့ ဘဝအခြေအနေတွေကို ဝမ်းနည်းမှု တခုအနေဖြင့် လုပ်ရတာဖြစ်ပါတယ်။''

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ကတိုက်ခတ်ခဲ့သောဂီရိ ဆိုင်ကလုန်မုန်တိုင်း တစ်နှစ်ပြည့် ဝမ်းနည်းဖွယ် ဆုတောင်းပွဲအခမ်းအနားများကို ပြည်ပတွင်သာမက ပြည်ထဲရှိ ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့များတွင်လည်း ကျင်းပခဲ့သည်ဟု သိရသည်။

ဂီရိမုန်တိုင်းသည် ၂၀၁၀ခုနှစ်က အောက်တိုဘာလ ၂၂ရက်နေ့ ရခိုင်ပြည်နယ်မှကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော၊ မင်းပြား၊ အမ်းမြို့နယ်များ ကိုဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါ မုန်တိုင်းကြောင့် လူပေါင်း ၁၀၀ကျော် သေဆုံးကာ လူပေါင်း၂၆၀၀၀၀ ကို ထိခိုက်စေခဲ့သည်။ လူပေါင်း ၇၀၉၇၅ ဦးကို အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။

ရခိုင်အမျိုး သမီးငယ် တဦး တက်ရောက် စကားပြော မှအဆက်

ဒုတိယ အချက်ကတော့ NLDရဲ့ ၂၃ နှစ်မြောက် တည်ထောင်တဲ့နေ့ အခမ်းအနားဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်မတို့ ALDအနေနဲ့ NLDနဲ့ ဘယ်လိုနိုင်ငံရေးအရ အဆက်အစပ်ရှိတယ်ဆိုတဲ့ဟာကို ပြောခဲ့ပါတယ်။ တတိယအနေနဲ့ကျတော့ ရခိုင်အမျိုးသားတွေကို ကိုယ်စားပြုပြီး အခုအချိန်မှာ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ပြောခဲ့ပါတယ်''ဟု ပြောသည်။

မြန်မာသံရုံးရှေ့ဆန္ဒပြပွဲသို့ မြန်မာတိုင်းရင်းသားလူမျိုးပေါင်းစုံ၁၀၀ခန့် တက်ရောက်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ အားလုံး ချွင်းချက်မရှိ ချက်ချင်းလွတ်ပေးရန်၊ မြစ်ဆုံဆည် စီမံကိန်းကို ရပ်တန့်ပေးရန်၊ တိုင်းရင်းသားလူမျိုးများအပေါ်မှာ ထိုးစစ်ဆင်နေခြင်းများကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။

၎င်းအပြင် ညနေပိုင်းတွင် NLDတည်ထောင်သည့်၂၃နှစ်ပြည့် ဂုဏ်ပြုပွဲအခမ်းအနားတရပ်ကို ဘားမားကင်ပိန်း ယူကေ ရုံးတွင်ပြုလုပ်ရာ NLD ယူကေ ဥက္ကဌ ဒေါက်တာဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များ၊ ကချင်တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ ကလည်း သူတို့၏ပြည်နယ် အကြောင်းကိစ္စများကို ပြောကြားခဲ့သည်ဟု သိရသည်။

အခမ်းအနားတွင် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူ မမေသက်နွယ်က ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်ပြီး ပြောဆိုခဲ့ပုံကိုလည်း သူမက ယခုကဲ့သို့ ပြောသည်။

''ရွှေသဘာဝ ဓါတ်ငွေ့စီမံကိန်း ကိစ္စပေါ့လေ။ အဲဒီ ပရိုဂျက်ကနေ အစိုးရက ငွေကြေး အမြတ်အစွန်းတွေ အများကြီးရတယ်။ထွက်တဲ့သဘာဝ ဓါတ်ငွေ့ကိုလည်း တရုတ်ပြည်ကိုရောင်းဖို့ အားလုံးစီစဉ်ထားပြီးသားပါ။ အဲဒီတော့ မြန်မာနိုင်ငံမှာ ဒီလိုမျိုး ရေနံနဲ့သဘာဝဓါတ်ငွေ့ ကရတဲ့ဒီငွေတွေဟာ နိုင်ငံအတွက် အများကြီးဝင်ငွေရှိတယ်။ ဒါပေမယ့် အဲဒီလို အခြေအနေမှာ ကျွန်မတို့ရခိုင်ပြည်နယ်ဟာမြန်မာတနိုင်ငံလုံးမှာ ဒုတိယ အဆင်းရဲဆုံးပြည်နယ်ဖြစ်နေတယ်။ နောက်တခုက ရခိုင်ပြည်နယ်မှာ ၉၇ ရာခိုင်နှုန်းသော ပြည်သူတွေဟာ လျှပ်စစ်မီးမရကြဘူး။ ကျွန်မတို့ဒေသက ရွာတွေမှာ ဆိုရင်လည်း ဘယ်နေရာမှ လျှပ်စစ်မီးမရှိဘူး။ မြို့ဆိုရင်လည်းမဟာဓါတ် အားလိုင်းကသွယ်တဲ့ လျှပ်စစ်ကိုရကြတာမဟုတ်ဘူး။ လူတွေက အကုန်လုံးက မိမိပြည်နယ်မှာ ဓါတ်ငွေ့တွေအလျှံအပယ်ထွက်နေ ပေမယ့် တစုံတရာ သုံးစွဲခွင့်မရဘဲ ဒုက္ခဖြစ်နေကြရတဲ့ အခြေအနေတွေကို အဓိကထား ပြောခဲ့ပါတယ်'' ဟုပြောသည်။

NLD တည်ထောင်တဲ့ ၂၃ နှစ်မြောက် အခမ်းအနားကို ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားပါတီမှ ကိုယ်စားလှယ်များ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစုပေါင်း ၁၀၀နီးပါးခန့် တက်ရောက်ခဲ့သည်ဟု သိရသည်။

ရွှေဂတ်စ်ရပ်တန့်ရေးဆန္ဒပြ မှအဆက်

နံနက် ၁၁နာရီထိ ပြုလုပ်ခဲ့ကြသည်ဟု သူက ပြောသည်။

မြန်မာအစိုးရသည်နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နေသော ရွှေသဘာဝ ဓါတ်ငွေ့စီမံကိန်းမှ ဓါတ်ငွေကများကို ယခုအခါတူးဖေါ်နေသည်။ အဆိုစီမံကိန်းမှရရှိသောဓါတ်ငွေ့များကို တရုတ်နိုင်ငံသို့ ပိုက်လုံးများ သွယ်တန်းက ရောင်းချရန် တရုတ်အစိုးရနှင့် သဘောတူထားပြီဖြစ်သည်။

''မြန်မာပြည်သူ တရပ်လုံးကဝိုင်းဝန်းကန့်ကွက်တဲ့အတွက် တရုတ်နဲ့ပူးပေါင်းတည်ဆောက်ဖို့ စီစဉ်နေတဲ့ မြစ်ဆုံရေကာ စီမံကိန်းရပ်တန့်သွားပြီးတဲ့ နောက်ပိုင်းမှာ ဒီရခိုင်က ရွှေဂတ်စ်စီမံကိန်းကိုလည်း ရပ်တန့်သွားအောင် ကျနော်တို့ကပထမဆုံးအနေနဲ့ဆန္ဒပြပွဲကိုစီစဉ်တာ ဖြစ်ပါတယ်။ ဒီဆန္ဒပြပွဲကနေ မြန်မာပြည်သူ တရပ်လုံး ပါဝင်တဲ့ဆန္ဒပြတောင်းဆိုမှုတွေ နိုင်ငံတကာထိကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင်ကျနော်တို့ကမျှော်လင့် ထားပါတယ်။ ဒီလိုအတိုင်းအတာထိ ဖြစ်လာအောင်လည်းကျနော်တို့က ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်'' ဟုကိုမျိုးခိုင်ကပြောကြား သွားသည်။

အဆိုပါ စီမံကိန်းမှ ထွက်ရှိသော သဘာဝဓါတ်ငွေ့အားတရုတ်နိုင်ငံသို့ ရောင်းစားထားသဖြင့်မြန်မာအစိုးရမှာ နှစ်ပေါင်းသုံးဆယ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ၂၉၀၀ကျော် ရရှိမည်ဟုခန့်မှန်းပြောဆိုထားသည်။၎င်းပြင် အရှေ့အလယ်ပိုင်း နိုင်ငံများနှင့် အာဖရိကတိုက်မှ သင်္ဘောများဖြင့်တင်ပို့သော ရေနံစိမ်းများကိုလည်းကျောက်ဖြူရေနံတင် ဆိပ်ကမ်းမှ တဆင့်ပိုက်လိုင်းများဖြင့် တရုတ်ကို တင်ပို့မည်ဖြစ်ရာ မြန်မာအစိုးရမှာ နောက်ထပ် ဘီလီယံ ဆယ်နှင့်ချီပြီ အကျိုး အမြတ်ရရှိမည်ဖြစ်သည်။

ရခိုင်မှထွက်ရှိလာမည့် သဘာဝဓါတ်ငွေ့အား မြန်မာအစိုးရမှ ရခိုင်ပြည်နယ် တိုးတက်ရာတိုးတက်ကြောင်းအတွက် တစုံတရာသုံးစွဲရန် အစီအစဉ်မရှိသည့် အပြင်ရရှိလာသောနိုင်ငံခြား ဝင်ငွေများမှလည်း တချို့တဝက်ကိုရခိုင်ပြည်နယ် အတွက်ခွဲဝေပေးရန်သဘောထား မရှိကြောင်းထွက်ပေါ်လာသော လတ်တလောသတင်းများအရ သိရသည်။

တရုတ်ကိုရောင်းချရန် တူးဖေါ်နေသော သဘာဝဓါတ်ငွေ့များအတွက် ရခိုင်ပြည်သူများမှာ တစုံတရာ အကျိုးခံစားခွင့်မရသည့်အပြင်လယ်မြေများ အသိမ်းခံရခြင်း၊ နေအိမ်များပြောင်းရွှေ့ခံရခြင်း၊ မတရားလုပ်အားပေး စေခိုင်းခြင်းစသည့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို ခံစားနေကြရသဖြင့် ရခိုင်ပြည်သူများ အကြားတွင် အဆိုပါစီမံကိန်းအပေါ် အထူး မကျေနပ်မှုတိုးပွားနေပြီ ရွှေဂတ်စ် စီမံကိန်းကိုရပ်တန့်ရန်အထူး လိုလားနေကြသည်။

ယခုမလေးရှား မြန်မာသံရုံးရှေ့တွင် မြန်မာတိုင်းရင်းသားလူမျိုး ပေါင်းစုံ ၂၅၀ ကျော်ခန့်က ရွှေသဘာဝဓါတ်ငွေ့ရပ်တန့်ရန်ဆန္ဒပြမှုမှာ ရခိုင်အမျိုးသားများ၏ မကျေနပ်မှုကိုတစိတ်တဒေသ ရောင်ပြန်ဟပ်နေသော လုပ်ရပ်ဖြစ်ကြောင်း ပြည်တွင်းပြည်ပလေ့လာ သုံးသပ်သူများကဝေဖန်သုံးသပ်လျှက် ရှိကြသည်။

ရခိုင်ယဉ်ကျေးမှု အဆိုအကနှင့် ကျင်ပညာ သရုပ်ဖော် မှအဆက်

သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား လုပ်နိုင်ခဲ့တာကိုမဟာချိုင်မြို့တော်ဝန်က ကြားသိသွားလို့ဒီဈေးပွဲတော်မှာ ကျနော်တို့ရိုးရာ ယဉ်ကျေးမှုကို ဖော်ထုတ်ပြသဖို့ ခွင့်ပေးသွားလို့ အခုလိုကျင်းပနိုင်တာ ဖြစ်ပါတယ်။ ငွေရေးကြေးရေး အခက်အခဲ အပါဝင်ကပြ သီဆိုမဲ့လူတွေ အခက်အခဲ စတဲ့အခက်အခဲများစွာကြားထဲက ရတဲ့ အခွင့်အရေးကို ကျနော်တို့ အကောင်းဆုံး စီစဉ်ပြီးလုပ်ခဲ့ကြရတာ ဖြစ်ပါတယ်'' ဟု ဆိုသည်။ ယခုအစီအစဉ်တွင် ပါဝင်သူများမှာစက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်နေကြသော ရွှေ့ပြောင်း အလုပ်သမားများ ဖြစ်ကြသဖြင့် ကြိုတင် ပြင်ဆင်ရန် အချိန် လုံလုံလောက်လောက် ပေးနိုင်စွမ်း မရှိကြပါ။ ထို့ပြင်ယဉ်ကျေးမှု အက အတွက် အဝတ်အစားများ ရခိုင်စည်တော် စသည်တို့မှာလည်း ဘန်ကောက်နှင့် မဟာချိုင်တွင်ကိုယ်ပိုင်မရှိသဖြင့် မဲဆောက်မှငှါးရမ်း အသုံးပြုရခြင်းဖြစ်သည်။ တင်ပြဖျော်ဖြေသွားကြသော ကကွက်များမှာ 'မဟာမုနိဘဂဝါ'ယိမ်းနှင့် 'ဗုဒ္ဓပူဇနိယ' ယိမ်း။ အဆိုတော်မြတ်ခိုင်ကျော်၏ 'သာစွရခိုင်'တေးသရုပ်ဖော်။ ရခိုင်ကျင်ပညာသရုပ်ပြပွဲနှင့်ဝင်းကိုခိုင်၏ 'မဟာနွယ်' တေးသရုပ်ဖော်တို့ ဖြစ်ကြသည်။

ရခိုင်ကျင် ရွှေမောင်းတန်းတွင် ရွှေမောင်း ၅လုံးတိတိရထားခဲ့ဖူးသော တောင်ကုတ်မြို့နယ်မှ ကိုအောင်အောင်လွင်နှင့် ရွှေမောင်း ၄ လုံးရရှိခဲ့ဖူးသော ရသေ့တောင်မြို့နယ်မှ ကိုစိုးဝင်းမောင်တို့က ကျင်ပညာ သရုပ်ပြကွက်များကို လှလှပပ ပြသသွားကြသဖြင့် ပရိသတ်များက လက်ခုပ် တဖြောင်းဖြောင်းတီးကာ အားပေးခဲ့ကြသည်။ ကျင်ပညာသည် ရှေးရခိုင်ဘုရင်လက်ထက် အဆက်ဆက်က အသုံးပြုခဲ့သော ကိုယ်လုံဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်း သယ်ယူသင့်ကြောင်းရိုးရာလည်း မပျောက်ပျက်ရအောင်နှင့် မတရားစော်ကားလာသူ ရန်သူကိုလည်း ကာကွယ်နိုင်ရန် သင်ယူလိုကထိုင်းနိုင်ငံရောက်ကျင်သန်ကြီးများက လူငယ်များကို ပညာအမွေပေးကာ သင်ပေး သင့်ကြောင်း ကိုအောင်အောင်လွင်က ပြောသည်။

''ကျနော်တို့ ဘဝအခြေအနေအရ ဒီမှာ အသက်မွေးနေရပေမဲ့ အခွင့်သာတဲ့အခါ ကိုယ့်ရိုးရာကိုယ့်ယဉ်ကျေးမှုကို ဖော်ထုတ်ရမယ်ထိန်းသိမ်းရမယ် လက်ဆင့်ကမ်းရမယ်။ ဒီကနေ့ကျနော်တို့ မဟာချိုင်မှာ ကျနော်တို့ရဲ့ ယဉ်ကျေးမှု အနုပညာကို ဖော်ထုတ်ရတယ်၊ ကျနော်အရမ်း ဂုဏ်ယူတယ်။ပျော်တယ်။ဒါ့အပြင် ဒီပွဲလုပ်လိုက်တဲ့အခါ ဘာတွေ ထပ်သိလာရလဲဆိုတော့ ထိုင်းနိုင်ငံအတွင်းမှာ မဟာချိုင်မှာပါရွှေမောင်း ၈၅ လုံးရဖူးတယ်ဆိုတဲ့ ကျင်သန်ကြီးတွေဆယ်နဲ့ချီတဲ့ ရွှေမောင်းတွေကိုအနိုင်ရလာတဲ့ ကျင်သန်းကြီးတွေ အကြောင်းကို သိလာရတယ်။ ပြီးတော့ တိုင်းနဲ့ ပြည်နယ် အဆင့်ထိပါဝင်ခဲ့ဖူးတဲ့ အနုပညာရှင်တွေဂီတပညာရှင်တွေ ရှိနေတယ်ဆိုတဲ့သတင်းတွေကို ကြားနေရတယ်။ အခုပွဲမှာဒီပုဂ္ဂိုလ်တွေနဲ့ လက်တွဲခွင့်မရလိုက်ပေမဲ့ နောင်ဆိုရင် အတူတူလက်တွဲကာကိုယ့်အမျိုးသား ယဉ်ကျေးမှုတွေဖော်ထုတ်တဲ့အခါ ယှဉ်တွဲပြီး လုပ်ခွင့်ရလာမယ်လို့ မျှော်လင့်ပါတယ်။ ကျင်ပညာကို သင်ယူလိုသူများရှိက ကျနော်ကိုယ်တိုင်လည်း သင်ပေးပါမယ်။ အခြားသော ကျင်သန်ကြီးများကလည်း သင်ပေးကြပါလို့ပြောလိုပါတယ်'ဟု သူက ဆိုသည်။

ယခု ပြုလုပ်သောပွဲတွင် မဟာချိုင်မှ ရခိုင်အသင်းအဖွဲ့ ခေါင်းဆောင်များ။ ဘန်ကောက်မှရခိုင်အသင်းအဖွဲ့ ကိုယ်စားပြုခေါင်းဆောင်များနှင့် ရပ်ထိုင်းဖောင်ဒေးရှင်းတို့ပူးပေါင်းက လုပ်ဆောင်ကြခြင်း ဖြစ်သည်။ ယခုအစီအစဉ်အတွက် အလွန်အားရကျေနပ် ပျော်ရွှင်ကြောင်း စီစဉ်သူများထဲမှ ခေါင်းဆောင်တဦးဖြစ်သူ ကိုခိုင်ကျော်ကျော်က ပြောသည်။

''အခုလို ကိုယ့်ရိုးရာကို ဖော်ထုတ်ခွင့်ရတဲ့ အလွန်ကျေနပ်ပါတယ်။ ပါဝင်ကူညီကြသူ အပင်ပန်းခံအအိပ်ပျက်ခံပြီး လုပ်ကိုင်ကြသူတွေအားလုံးကိုလည်း အရမ်းကျေးဇူးတင်တယ်လို့ ပြောလိုပါတယ်'' ဟု ဆိုသည်။

လာရောက်အားပေးကြသော ရခိုင်ပရိသတ်များသည် ရိုးရာကမမ။ မဟာနွယ် စသောရခိုင်သားများအကြိုက် သီချင်းများကိုသံပြိုင်သီဆိုကခုန်ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်ဟု သိရသည်။

ဘီဘီစီ ဌာနချုပ်ရှေ့တွင် ဆန္ဒပြ

ဘီဘီစီဌာနမှတာဝန်ရှိသူ တဦးမှလည်း ဆန္ဒပြသူများအားလာရောက်တွေ့ဆုံခဲ့ ကြောင်း သူက ဆက်ပြောသည်။

''ဘီဘီစီအာရှပစိဖိတ်ရေးရာ မန်နေဂျာလို့ ပြောတဲ့သူတယောက်ရုံထဲကထွက်လာခဲ့ ပါတယ်။ကျနော်တို့ကလည်းဒီက ရဲအကူအညီနဲ့ အဲဒီလူဆီကို Arakanese Community (UK)ကိုယ်စားအင်္ဂလိပ်လို ရေးထားတဲ့စာရွက်စာတမ်းတွေကိုပေးခဲ့ပါတယ်။ အဲဒီစာရွက်စာတမ်းတွေဆိုတာကလည်း ရခိုင်ပြည်နယ်ဟာရခိုင် လူမျိုးနဲ့သာသက်ဆိုင်တယ်ဆိုတဲ့ အကြောင်း၊ အဲဒါနဲ့ပတ်သက်လို့သမိုင်းအထောက်အထားတွေရေးသားထားတဲ့ စာရွက်စာတမ်းတွေပေးခဲ့ပါတယ်။ မြန်မာနိုင်ငံက လူမျိုးစု ၁၃၅မျိုးထဲမှာ လည်း ဒီရိုဟင်ဂျာဆိုတဲ့ လူမျိုးမရှိဘူးဆိုတာကိုလည်း သူတို့ကို ပြောခဲ့ပါတယ်။ ပြီးတော့ဒီသတင်းအမှားကိုရေးတဲ့ ဘီဘီစီကAnna Joneဆိုတဲ့ အမျိုးသမီးနဲ့ ဘီဘီစီကမြန်မာလူထုကို တောင်းပန်ဖို့အတွက် လည်းစာရေးသားပေးခဲ့ပါတယ်။ဒီအတွက် မန်နေဂျာဆိုတဲ့ သူကဒီကိစ္စကို အမြန်ဆုံးသူ တို့လုပ်ပေးမယ်၊ ဖြေရှင်းပေးမယ်ဆိုပြီး တော့ ကတိပေးခဲ့ပါတယ်။''

အဆိုပါဆန္ဒပြပွဲတွင် 1(Burma) (Burma)---- (Not for Sale)(Not for Sale) 2(Arakan State) (Arakan State) --- (Not for Sale) (Not for Sale) 3(Anna Jones)---- (Out) (Out) 4 (Anna Jone stop giving wrong information about Rohingya) ---- (Now) (Now) 5(BBC stop giving wrong information about Rohingya) ---- (Now) (Now) 6(Anna Jones stop creating conflict in Burma) ----- (Now) (Now) 7(BBC stop creating conflict in Burma) ----- (Now)(Now) စသည့် ကြွေးကြော်သံများဖြင့် တောင်းဆိုခဲ့ကြသည်။ ယခုကဲ့သို့ ဆန္ဒပြရခြင်းကြောင့်ဘီဘီစီ အနေဖြင့်တစုံတရာတန့် ပြန်လာလိမ့် မည်ဟုသူတို့အနေဖြင့် မျှော်လင့်ကြောင်း၊ အကယ်၍တုန့်ပြန်မှုများမရှိခဲ့သော်လည်း Anna Jones အပါအဝင် ဘီဘီစီ ဌာနမှ ရခိုင်လူထုနှင့် မြန်မာလူထုကို တရားဝင် တောင်းပန်ဖြေရှင်းသည့်အထိ တိုက်ပွဲဝင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူကပြောသည်။အဆိုပါ အငြင်းပွားဖွယ်ရာ မြေပုံကို၂၀၁၀ ခုနှစ်နိုဝင်ဘာ ၆ရက်နေ့က Asia-Pacificဌာနမှ သတင်းထောက် Anna Jonesရေးသားသည့် Bleak Outlook for Burma' sethnic Groups ဆောင်းပါးတွင် သတင်းနှင့်အတူပူးတွဲဖော်ပြခဲ့သည်။ထိုအတွက်ကြောင့် နောက်ပိုင်းတွင်ရခိုင်အမျိုးသားများအပါအဝင် မြန်မာတိုင်းရင်းသားများကလည်း ကန့်ကွက်ရှုပ်ချလာကြခဲ့သည့်နောက် ယခုနှစ်အောက်တိုဘာလအတွင်းတွင်အဆိုပါ ဓါတ်ပုံကိစ္စနှင့်ပတ်သက်ပြီးပြင်းပြင်း ထန်ထန်ကန့်ကွက်ရှုတ်ချမှု မှာအထွတ် အထိပ်သို့ရောက်ရှိလာခဲ့သည်။ထို့နောက်ပိုင်း ဘီဘီစီ သတင်းဌာနမှအဆိုပါဓာတ်ပုံနေရာတွင် ရခိုင်အမျိုးသမီးငယ်များဓါတ်ပုံတစ်ပုံကိုထည့်ပြီး အပြောင်းအလဲများပြုလုပ်ခဲ့သည်။ သို့သော်လည်း ရိုဟင်ဂျာဆိုသူများ၏ဓါတ်ပုံကိုမူ ထပ်မံထည့်သွင်းဖော်ပြထားဆဲဖြစ်သည်။

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ်
October-November 2011

လန်ဒန် NLD နှစ်ပတ်လည်နေ့ ရခိုင်အမျိုးသမီးငယ် တဦး တက်ရောက်စကားပြော

၂၉-၉-၂၀၁၁
(မောင်ရမ္မာ)

စက်တဘ်ာလ၂၇ရက်နေ့တွင် ကျရောက်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့် ၂၃ နှစ် ပြည့်မြောက်နေ့တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ မြန်မာသံရုံးရှေ့တွင် မြန်မာနိုင်ငံသားများ သွားရောက်ဆန္ဒပြကြရာ ရခိုင်အမျိုးသမီးငယ်တစ်ဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

အဆိုပါအမျိုးသမီးမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် အမျိုးသမီးတစ်ဦးဖြစ်သူ မမေသက်နွယ် ဖြစ်သည်။

သူမအနေဖြင့် အချက်သုံးချက်ကို အဓိကအလေးထား ပြောကြားခဲ့ကြောင်း နိရဉ္စရာသို့ ပြောသည်။

''ပထမ သံရုံးရှေ့မှာကျတော့ ကျွန်မက အချက်သုံးချက်ကို ပြောဖြစ်ပါတယ်။ ပထမအချက်ကတော့ ရွှေဝါရောင်တော်လှန်ရေးနေ့ဟာ မြန်မာတနိုင်ငံလုံးအတွက် အရုပ်ဆိုး အကျဉ်းတန်ခဲ့တဲ့နေ့ ဖြစ်တယ်။ ဒီနေ့ကို ဘယ်လိုမှ မမေ့သင့်၊ မမေ့ပျောက်သင့်တဲ့ အကြောင်းကိုပြောခဲ့ပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁

ရခိုင်ယဉ်ကျေးမှု အဆိုအကနှင့် ကျင်ပညာ သရုပ်ဖော်

ပြပွဲကို ထိုင်းနိုင်ငံ ဈေးပွဲတော်တွင် တင်ဆက် ပြသ

၆-၁၀-၂၀၁၁
(ဘစောတင်)

ထိုင်းနိုင်ငံစမွတ်စာခွန်ခရိုင်မဟာချိုင် ဈေးပွဲတော်တွင် ရခိုင်ယဉ်ကျေးမှု အဆိုအကနှင့် ကျင်ပညာ သရုပ်ဖော်ပြပွဲကို အောက်တိုဘာလ ၂ ရက်နေ့က တင်ဆက်ပြသခဲ့ကြောင်း သတင်းရရှိသည်။

မဟာချိုင်မြို့တွင် ယခင်က မိမိတို့အမျိုးသား ယဉ်ကျေးမှု အနုပညာများကို တင်ဆက်ပြသရန် အခွင့်အလမ်းမရရှိခဲ့ဘူးကြောင်းယခုနှစ် ပထမ အကြိမ်ကျင်းပခဲ့သောဆရာတော် ဦးဥတ္တမနေ့ အခမ်းအနား၏ နောက်ဆက်တွဲအဖြစ် ဤပွဲကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိတို့ရိုးရာယဉ်ကျေးမှုကို အခက်အခဲများစွာကြားထဲမှ ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့ရကြောင်းကို ဖြစ်မြောက်ရေး အဖွဲ့ခေါင်းဆောင် တဦးဖြစ်သူ ကိုဦးသန်းမောင်က ပြောသည်။

''ကျနော်တို့ ရခိုင်ယဉ်ကျေးမှုပွဲကို ဒီမှာက တကြိမ်တခါမှ လုပ်ခွင့်မရခဲ့သေးဘူး။ ပြီးခဲ့တဲ့ ဆရာတော် ဦးဥတ္တမနေ့မှာ ကျနော်တို့

စာမျက်နှာ ၄ ကော်လံ ၄

မလေးရှားတွင် တိုင်းရင်းသား

ပေါင်းစုံ လက်တွဲ၍ ရွှေဂတ်စ် ရပ်တန့်ရေး ဆန္ဒပြ

၃-၁၀-၂၀၁၁

ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖေါ်နေသော ရွှေဂတ်စ် သဘာဝဓါတ်ငွေ့ စီမံကိန်းကို ရပ်တန့်ရန် တိုင်းရင်းသားပေါင်းစုံပါဝင်သော မြန်မာနိုင်ငံသား ၂၅၀ ခန့်က မလေးရှားရှိမြန်မာသံရုံးရှေ့တွင် ယနေ့ (အောက်တိုဘာလ ၁၃ ရက်နေ့)တွင် သွားရောက်ဆန္ဒပြခဲ့ကြကြောင်း သတင်းရရှိသည်။

ဆန္ဒပြပွဲကို နံနက်၁၀နာရီကမလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးရှေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ရခိုင်အမျိုးသားများသာမက တိုင်းရင်းသားပေါင်းစုံက လက်တွဲပါဝင်ကာ ဆန္ဒပြခဲ့ကြသည်ဟု ဦးဆောင်သူတစ်ဦးဖြစ်သူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ-မလေးရှားဌာနခွဲ)မှ အတွင်းရေးမှူးကိုမျိုးခိုင်က ပြောသည်။

''တိုင်းရင်းပေါင်းစုံပါဝင်တယ်။ အကုန်လုံး လက်တွဲပြီး ရွှေသဘာဝဓါတ်ငွေ့ စီမံကိန်းကိုရပ်တန့်ဖို့ တောင်းဆိုဆန္ဒပြကြတာဖြစ်ပါတယ်။ ခန့်မှန်းချေအားဖြင့် လူပေါင်း ၂၅၀ ကျော်ပါဝင်ပါတယ်။ ဒီရွှေဂတ်စ်စီမံကိန်းကို အဓိကရပ်တန့်ပေးဖို့တောင်းဆိုခဲ့ကြပါတယ်''ဟု ပြောသည်။

ဆန္ဒပြပွဲ အခမ်းအနားအား ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ- မလေးဌာနခွဲ)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (မလေးရှာ ဌာနခွဲ)၊ ရခိုင်ဒုက္ခသည်များ ကူညီထောက်ပံ့ရေးကော်မီတီ၊ မြန်မာနိုင်ငံ လူမျိုးပေါင်းစုံညွန့်ပေါင်းအဖွဲ့(COBEM)တို့မှ ဦးစီးဆောင်ရွက်ခဲ့ကြောင်းသိရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ- မလေးဌာနခွဲ)မှလည်း ပူးပေါင်းပါဝင်ခဲ့သည်။

''အဓိက ကျနော်တို့တောင်းတာက ရခိုင်က ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းကို ရပ်တန့်ဖို့တောင်းဆိုတယ်။ နောက်တစ်ခု နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ ပြန်လည်လွှတ်ပေးဖို့ တောင်းဆိုတယ်။ နောက်တစ်ခု လူ့အခွင့်အရေး ချိုးဖေါက်နေမှုတွေကို ရပ်တန့်ရန်နဲ့ မတရား လုပ်အားပေးစေခိုင်းနေတာကို ရပ်တန့်ဖို့ တောင်းဆိုခဲ့ပါတယ်''ဟု ကိုမျိုးခိုင်က ဆက်ပြောသည်။

ဆန္ဒပြပွဲသို့မလေးများအနီးကပ် စောင့်ကြည့်နေသော်လည်းတစ်စုံ တရာဟန့်တား ခဲ့ခြင်းမရှိသဖြင့် နံနက် ၁၀နာရီမှစတင်ခဲ့သော ဆန္ဒပြပွဲကို စာမျက်နှာ ၄ ကော်လံ ၁

အင်္ဂလန်ရောက် မြန်မာများ ဘီဘီစီ ဌာနချုပ်ရှေ့ တွင် ဆန္ဒပြ

(ယူကေရောက် ရခိုင်အပါအဝင် မြန်မာနိုင်ငံသားများက ယခုကဲ့သို့ ဆန္ဒပြခဲ့သည်)

၁၇-၁၁-၂၀၁၁
(မင်းဆက်ခိုင်)

ကမ္ဘာကျော်ဘီဘီစီသတင်းဌာနမှ သတင်းထောက် Anna Jone ၏ မှားယွင်းစွာရေးသားဖော်ပြခဲ့သည့် သတင်းနှင့်ဓါတ်ပုံအတွက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဘီဘီစီသတင်းဌာန ရုံးချုပ်ရှေ့တွင် ယူကေရောက် မြန်မာများကပြန်လည်ဖြေရှင်းတောင်းပန်ရန် နိုဝဘ်ာလ ၁၆ရက်နေ့က ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ဆန္ဒပြရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ဦးဆောင်ပါဝင်သူတဦးဖြစ်သူ ကိုလှမောင်က ယခုကဲ့သို့ နိရဉ္စရာသို့ပြောသည်။ ''အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမြေပုံက ရခိုင်ဒေသမှာ ရခိုင်လူမျိုးကို ဖော်ပြခြင်းမရှိပဲနဲ့ ဒီ ရိုဟင်ဂျာလို့၏ဆိုတဲ့ဘင်္ဂလီလူမျိုးတွေရဲ့ ဓာတ်ပုံကို ဖော်ပြတာကဒီလူမျိုးတွေ နေထိုင်တယ်ဆိုတာကို ပြောတာနဲ့အတူတူဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းရင်းသားတွေပဲ ရှိတယ်။ ဒီရိုဟင်ဂျာဆိုတဲ့ လူမျိုးဆိုတာမရှိဘူး။ မှားနေတဲ့ ကိစ္စတခုကိုမှားနေတယ်လို့ ကျနော်တို့ ကထောက်ပြတာပါ။ သူတို့ကအမှန်တရားကို လက်ခံ တယ်ဆိုရင်အမှန်အတရားအတွက် သူတို့ ဖြေရှင်းရပါလိမ့်မယ်။ ဒီကိစ္စကမြန်မာလူထုတရပ်လုံးကိုစော်ကားတာနဲ့အတူတူပါပဲ။ ဒီအတွက် ဒါကိုဘီဘီစီအနေနဲ့ပြန်လည်တောင်းပန်ရမယ် ဆိုပြီးတော့ ဘီဘီစီဌာနချုပ်ရုံးရှေ့မှာကျနော်တို့ တိုင်းရင်းသားတွေစုပေါင်းပြီးတော့ ဆန္ဒပြရခြင်းဖြစ်ပါတယ်။''

ဆန္ဒပြပွဲကို နိုဝဘ်ာလ ၁၆ရက်နေ့ နံနက် ၁၀း၃၀ မှ နံနက် ၁၁း၃၀ (လန်ဒန်စံတော်ချိန်)ထိ ဘီဘီစီဌာနချုပ်ရုံးရှေ့တွင် ရခိုင်အပါအဝင် တခြားမြန်မာတိုင်းရင်းသားများက စုပေါင်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅

ကျောက်ဖြူနှင့် တောင်ကုတ်တွင် ဂီရိ တစ်နှစ်ပြည့် အခမ်းအနား ကျင်းပ ပြုလုပ်

၂၄-၁၀-၂၀၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် တောင်ကုတ်မြို့များတွင် ဂီရိနှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကျောက်ဖြူမြို့တွင်ပြုလုပ်သောဂီရိနှစ် ပတ်လည်နေ့ အခမ်းအနားကို ကျောက်ဖြူ တိုးချဲ့ ၅လမ်း သန္တာမြီအဖိုးအဘောင် (အဖွား)မေ့ရိပ်သာ နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂီရိ နှစ်ပတ်လည်နေ့ကျင်းပရသည့် ရည်ရွယ်ချက်ကို ဦးဇင်းတစ်ပါးက ယခုလို မိန့်ကြားသည်။

''ဦးဇင်းတို့က လွန်ခဲ့တဲ့နှစ် အောက်တိုဘာလ ၂၂ ရက်နေ့မှာ ရခိုင်ကို ဂီရိမုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့အတွက် မြေပုံမြို့နယ်ကပြင်ဝန်းကျေးရွာအပါအဝင် တခြားနေရာဒေသတွေမှာ လူပေါင်း၈၀ကျော် သေဆုံးခဲ့ရပါတယ်။ သူတို့အတွက် ရည်စူးပြီးခုလိုအောက်မေ့ဆုတောင်းပွဲ ပြုလုပ်ရတာ ဖြစ်ပါတယ်''ဟုပြောသည်။

ကျောက်ဖြူတွင်ပြုလုပ်သော အခမ်းအနားသို့ လူပေါင်း ၁၂၀ ကျော်တက်ရောက်ခဲ့သည်။

အခမ်းအနားကို နံနက် ၁၀နာရီကနေ နေ့လည် ၁ နာရီထိပြုလုပ်ခဲ့ပါတယ်။ ရဟန်းတော်တွေကိုလည်းဆွမ်းကပ်လှူဒါန်းပြီး သေဆုံးသွားသူတွေအတွက် အမျှအတန်းတွေပေးဝေခဲ့ကြပါတယ်။

အခမ်းအနားသို့ သီလရှင်များ၊ အဖိုးအဘောင်များ၊ ကျောင်းသူကျောင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အလားတူ ဂီရိနှစ်ပတ်လည်နေ့ အခမ်းအနားကို တောင်ကုတ်မြို့တွင်လည်းကျင်းပပြုလုပ်ခဲ့ ကြောင်း သတင်းရရှိသည်။

ဂီရိ တနှစ်ပြည့် ဆုတောင်းပွဲ အခမ်းအနား ထိုင်းနိုင်ငံတွင်ကျင်းပ

(အခမ်းအနားတွင် ကိုအောင်မင်းဦး ပြောကြားနေစဉ်)

၂၂-၁၀-၂၀၁၁
(မောင်ရမ္မာ)

ဂီရိမုန်တိုင်း (၁)နှစ်မြောက်နေ့ ဝမ်းနည်းအောက်မေ့ဖွယ် ဆုတောင်းပွဲအခမ်းအနားကို၂၀၁၁ခုနှစ် အောက်တိုဘာလ ၂၂ ရက် (ယနေ့တွင်) ထိုင်းနိုင်ငံ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကိုရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကဦးဆောင်ပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့မယ်ပကျေးရွာ တောရဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆုတောင်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး အဆိုပါ အဖွဲ့၏ အမှုဆောင် ဒါရိုက်တာ ကိုအောင်မင်းဦးက နိရဉ္စရာသို့ ယခုလိုပြောသည်။

''ကျွန်တော်တို့ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဂီရိမုန်တိုင်းနဲ့ပတ်သက်ပြီးတော့ သတင်းမီဒီယာတွေက အလေးထားမှု အားနည်းတာကိုတွေ့ရပါတယ်။ အဲဒါကြောင့် ဗမာသတင်းမီဒီယာတွေအပါအဝင် နိုင်ငံတကာ သတင်းမီဒီယာတွေက အလေးထားလာအောင်နဲ့ ပြည်သူလူထုတွေကလည်း ဂီရိမုန်တိုင်းမှာ အမှန်တကယ်ဖြစ်ခဲ့တာတွေကို သိရှိလာအောင် ရည်ရွယ်ပြီးတော့ လုပ်ရတာဖြစ်ပါတယ်။ နောက်တခုက မြန်မာနိုင်ငံပြည်ပ အတိုက်အခံ အင်အားစုတွေကိုလည်း သူတို့နိုင်ငံရေး စည်းရုံးရေးခရီးစဉ်တွေမှာ ဂီရိမုန်တိုင်းခံ ရခိုင်ပြည်သူများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ လူသားချင်းစာနာထောက်ထားသည့်အကူအညီများရရှိလာဖို့ အတွက် ကိုယ်စား စည်းရုံးလှုံ့ဆော်သွားကြဖို့ အတွက်လည်းကို ရည်ရွယ်ပါတယ်။''

ဆုတောင်းပွဲ အခမ်းအနားတွင် တက်ရောက်လာသူများက ပထမဆုံးအနေဖြင့်ဂီရိမုန်တိုင်းကြောင့် သေဆုံးသွားသူများ

စာမျက်နှာ ၄ ကော်လံ ၁

Arakan နာမည်ကို အလွဲသုံးစား လုပ်မှု ဆန့်ကျင်

ကန့်ကွက်ပွဲများ ဆက်တိုက် ဖြစ်ပေါ်လာ

၂၉-၁၀-၂၀၁၁
(မင်းဆက်ခိုင်)

ရခိုင်အမျိုးသားပိုင် Arakanဆိုသော ဝေါဟာရကို လွဲမှားစွာအသုံးပြုနေသော လူတစ်စုအားကန့်ကွက်ရှုတ်ချပွဲအခမ်းအနားများကို ရခိုင်ပြည်နယ်အနှံ့အပြားတွင်ပြုလုပ်နေကြောင်း သတင်းရရှိသည်။

ယနေ့ (အောက်တိုဘာလ ၂၉)ရက်နေ့တွင်လည်း အဆိုပါ ရှုတ်ချကန့်ကွက်ပွဲကို မောင်တောမြို့ မြို့မကျောင်းတွင် ပြုလုပ်ခဲ့ကြသည်ဟုသိရသည်။

''ဟုတ်ပါတယ်။ ဒီကနေ့ကန့်ကွက် ရှုတ်ချပွဲကို မောင်တောမြို့မြို့မကျောင်းမှာ ပြုလုပ်ပါတယ်။ လူပေါင်း ၄၀၀ ကျော်တက်ရောက်ခဲ့ပါတယ်။ ပြုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်ပရောက် ဘင်္ဂလီတချို့က Arakanအမည်အား အလွဲသုံးစားလုပ်မှုအပေါ် ကန့်ကွက် ရှုတ်ချတာဖြစ်ပါတယ်'' ဟု မောင်တောဒေသသခံတစ်ဦးကပြောသည်။ အဆိုပါအခမ်းအနားအား နံနက် ၉နာရီခွဲမှ စတင်ကာ နေ့လည်(၁)နာရီထိ ပြုလုပ်ခဲ့ကြောင်းသိရသည်။ ''ဟောပြောဆွေးနွေးသူတွေကတော့ - ဦးသာသာမောင် (နတ်မြစ်လှိုင်းပြာ)၊ ဦးညိုလှအောင်တို့ ဖြစ်ကြပါတယ်။ ရခိုင်သမိုင်းဆိုင်ရာ ဟောပြမှုတွေနဲ့Arakanအမည်ကို အလွဲသုံးစားပြုလုပ်နေကြတဲ့အပေါ် ရှင်းလင်းဟောပြောတာဖြစ်ပါတယ်။ အဲဒီဆွေးနွေးချက် အပေါ်မှာတက်ရောက်လာတဲ့ ခမီးတိုင်းရင်းသားများနဲ့ သက်တိုင်းရင်းသားတွေက ထောက်ခံဆွေးနွေးခဲ့ကြပါတယ်'' ဟု သူကဆက်ပြောသည်။ အလားတူဆွေးနွေးပွဲတစ်ရပ်ကိုလည်း ဘူးသီးတောင်မြို့ အေးစေတီကျောင်းတွင် အောက်တိုဘာလ၂၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ ဘူးသီးတောင် ဒေသခံတစ်ဦးက ''အခမ်းအနားက နေ့လည် ၁၂ခွဲကနေစတာ ညနေ ၄နာရီထိုးသွားတာတောင်လူတွေကလုံးဝမပြန်ချင်ကြဘူး။ ကျွန်တော်တို့လူထုက တော်တော်ပေါက်ကွဲနေကြတယ်။တိုင်းပြည်အလုခံရတယ်ဆိုပြီးခံပြင်းနေကြပါတယ်''ဟု ပြောသည်။ အခမ်းအနားသို့ သံဃာတော် အပါး၃၀အပါအဝင် လူပေါင်း ၄၀၀ခန့်တက်ရောက်ခဲ့သည်ဟု သူကပြောသည်။ အခမ်းအနားတွင်ဦးသာသာမောင်

စာမျက်နှာ ၁၈ ကော်လံ ၁

ရခိုင်မှ လျှို့ဝှက် ယူဆောင်သွားသော ဆင်ဖြူ

နေပြည်တော်သို့ ရောက်ရှိ

၂၁-၁၁-၂၀၁၁
(မောင်ရမ္မာ)

ရခိုင်ပြည်နယ်မှ လျှို့ဝှက်ယူဆောင်သွားသော ဆင်ဖြူမှာနိုဝဘ်ာလ ၂၀ရက်နေ့က နေပြည်တော်သို့ရောက်ရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဆင်ဖြူမှာ ရခိုင်မှဆဌမမြောက် ဖမ်းဆီးရမိသောဆင်ဖြစ်ပြီးယခုတခေါက်တွင် ဆင်ဖြူကိုလျှို့ဝှက်စွာ ယူဆောင်သွားကြောင်း သိရသည်။

''ဆင်ဖြူရတိုင်း ဗမာပြည်သို့ ယူဆောင်သွားတော့ ဒီတခေါက်မှာ ရခိုင်ပြည်သူတွေဆန့်ကျင်ကန့်ကွက်မှာကို စိုးရိမ်ပုံရပါတယ်။ ဒါကြောင့် ဘူးသီးတောင်ဆိပ်ကမ်းကနေယူသွားတာ ဦးဇင်းတို့တောင်မသိလိုက်ဘူး။ အခုကဒီမိုကရေစီအစိုးရဖြစ်နေပြီဆိုတော့ရခိုင်လူထုတွေ ကန့်ကွက်မှာစိုးရိမ်ပုံရတယ်။ ဒါကြောင့် ဆင်ဖြူယူသွားတာ တစုံတရာ သတင်းထုတ်ထုတ်ပြန်မှုမလုပ်ဘဲ ယူဆောင်သွားပါတယ်။ အရင်ကတော့ဖမ်းမိတာနဲ့တိုင်းသိပြည်သိကျေညာပါတယ်'' ဟုဘူးသီးတောင်မှဦးဇင်းဝရသာမိကပြောသည်။ ဆင်ဖြူတော် ဖမ်းဆီးရမိပြီးနောက် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှအဆိုပါ ဆင်ဖြူတော်အား ရခိုင်ပြည်နယ် စစ်တွေမြို့တွင်ထားရှိရန် တောင်းဆိုသွားမည်ဆိုသော သတင်းများလည်း ထွက်ပေါ်ခဲ့သည်။ ဒက္ကားမြို့အခြေစိုက် ရခိုင်အမျိုးသမီးများ အစည်းအရုံး ဥက္ကဌဒေါ်စောမြရာဇာလင်းမှ ဆင်ဖြူဖမ်းဆီးယူဆောင်သွားခြင်းနှင့် ပတ်သက်ပြီး သူမအမြင်ကို နိရဥ္စရာသို့ယခုလိုပြောသည်။

''ရခိုင်အမျိုးသားတွေက ဆင်ဖြူတော်ကို အမြဲတမ်းတန်ဖိုးထားတယ်။ ဆင်ဆိုတာ ရခိုင်နာမ်လို့လည်းပြောလို့ရပါတယ်။ အဲဒီလို ရခိုင်သားတွေ တန်ဖိုးထားတာကို ယူနေတာဟာ ရခိုင်သားတွေကို သွယ်ဝိုက်တဲ့နည်းနဲ့ နာမ်နှိပ်တာတမျိုးဖြစ်ပါတယ်။အဲဒါကြောင့်ခုလိုယူဆောင်တာကို ကျွန်မအနေနဲ့ လုံးဝရှုပ်ချပါတယ်။ ဒီကိစ္စတွေကို ရခိုင်ပြည်သူတွေအနေနဲ့မျက်စိဖွင့်၊ နားစွင့်ပြီးတော့အားလုံးကန့်ကွက်ကြဖို့လည်း ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။'' မြန်မာနိုင်ငံတွင်ဖမ်းဆီး

စာမျက်နှာ ၁၈ ကော်လံ ၅

ကျောက်ဖြူ မဒေးကျွန်းတွင်

ရေနံတိုင်ကီများ စတင် တည်ဆောက်ပြီ

၆-၁၁-၂၀၁၁
(ခိုင်သဇင်)

တရုတ်မှ တည်ဆောက်နေသော ကျောက်ဖြူမြို့နယ် မဒေးကျွန်း ရေနက်ဆိပ်ကမ်း စီမံကိန်းတွင် ရေနံစိမ်းများ သိုလှောင်ရန်အတွက် ဆီတိုင်ကီ (Oil Tanks)များကို စတင်တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါကျွန်းပေါ်မှ အငယ်တန်း အင်ဂျင်နီယာတစ်ဦးက ရေနံတိုင်ကီများနှင့် အဆောက်အအုံများဆောက်လုပ်နေ ကြောင်းကိုယခုလိုပြောသည်။

''ဟုတ်ပါတယ် ဆီတိုင်ကီတွေကိုစတင်ဘာလကစပြီးတော့လုပ်ဆောင် နေပြီဖြစ်ပါတယ်။အခုလောလောစဉ်တော့ အောက်ခံဖောင်တည်းရှင်းကို ဦးစွာပထမပြုလုပ်နေတယ်၊အခုတော့ မြေတွေကို စက်တွေနဲ့ တူးဖော်တဲ့အ ဆင့်လောက်ပဲရှိသေးတယ်။ ဒါပေမယ့် တဘက်မှာ ကွန်ကရက်ကန်တွေ ဖေါင်းဒေးရှင်းကို စလုပ်နေပြီ ဖြစ်ပါတယ်'' ဟု ပြောသည်။

ရေနံတင် ဆိပ်ကမ်းနှင့် ရေနံစိမ်းတိုင်ကီများကို လာမည့်နှစ် နှစ်လည်ပိုင်းတွင် အပြီးသတ်ရန် ရည်ရွယ်ထားကြောင်း သူက ပြောသည်။

''အဲဒီ ရေနံတင်ကီတွေက အာဖရိကနဲ့အရှေ့အလယ်ပိုင်းက လာတဲ့ရေနံစိမ်းတွေကို သိုလှောင်မှာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ်မှာ တရုတ်ကို စတင်ပို့လွတ်မှာ ဖြစ်ပါတယ်။ အခုတော့နေ့ဆိုင်း ညဆိုင်းအသုံးပြုပြီးတည်ဆောက်နေတာ ဖြစ်ပါတယ်။ တည်ဆောက်တာကတော့ တရုတ်အင်ဂျင်နီယာတွေ ဦးဆောင် တည်ဆောက်နေတာ

စာမျက်နှာ ၁၈ ကော်လံ ၁

စိုင်းတင် ရေအားလျှပ်စစ် စီမံကိန်း

ဒီဇိုင်းရေးဆွဲသည့်

အဆင့်သာ ရှိသေး



၂၄-၉-၂၀၁၁

စီမံကိန်းစတင်တည်ဆောက်နေပြီဟု ရခိုင်ပြည်သူများအကြား ဝါဒဖြန့်ထားသော အစိုးရ၏စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်းမှာယခုအချိန်တွင် ဒီဇိုင်းရေးဆွဲသည့် အဆင့်မှာသာရှိသေးကြောင်း သတင်းရရှိသည်။

စက်တင်ဘာလ(၂၁)ရက်ကတင်သွင်းခဲ့သော တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်တာစံလှိုင်၏ ဘူးသီးတောင်မြို့နယ်ရှိ စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီးမေးမြန်းရာတွင် အမှတ် (၁) လျှပ်စစ်ဝန်ကြီး ဦးဇော်မင်းကစိုင်းတင်ရေအားလျှပ်စစ် စီမံကိန်းမှာဒီဇိုင်းရေးဆွဲသည့် အဆင့်မှာသာရှိသေးကြောင်း ယခုလိုပြောကြားသည်။

''စိုင်းတင်စီမံကိန်းသည် ဘူမိဗေဒအနေထားကြောင့် အကောင်းဆုံးဖြစ်ရန်အတွက် စူးစမ်းလေ့လာခြင်းများ၊ ဒီဇိုင်းရေးဆွဲခြင်းများအချိန်ယူ ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် စိုင်းတင်စီမံကိန်းသည် နွေရာသီတွင်လည်း လျှပ်စစ်ဓါတ်အားပိုမိုရရှိမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း''ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း အကြီးမားဆုံးရေတံခွန်ကြီး တစ်ခုဖြစ်သော စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်းအား ပြန်လည်စတင်အကောင်အထည်ဖေါ် တည်ဆောက်နေပြီဟု ရခိုင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်လက်ခံထားသော်လည်း ယခုအခါဝန်ကြီး၏ ဒီဇိုင်းရေးဆွဲသည့် အဆင့်၌သာရှိသေးသည်ဟု ပြောဆိုခြင်းကြောင့်အများစုပြည်သူများကို စိတ်ပျက်မှုဖြစ်စေခဲ့ကြောင်း ဘူးသီးတောင်မြို့ သဘော်ာဆိပ်ရပ်ကွက်မှ ပြည်သူတစ်ဦးကပြောသည်။

စိုင်းတင်ရေအားလျှပ်စစ် စီမံကိန်အားမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကပင် အကောင်အထည်ဖေါ်

စာမျက်နှာ ၁၈ ကော်လံ ၃

အစိုးရသစ်လက်ထက် စည်ပင်က ရခိုင်တွင် လူခွန်၊ နွားခွန်ကောက်

၂၄-၁၀-၂၀၁၁
(မောင်ရမ္မာ)

ဆင်းရဲမွဲတည်မှု လျှော့ချမည်ဟု ကြွေးကြော်နေသော ဦးသိန်းစိန် အစိုးရသစ် လက်ထက်တွင် စည်ပင်သာယာရေးမှစည်ပင် ဥပဒေကိုလိမ်လည် အကြောင်းပြပြီးလူခွန်၊ နွားခွန်များကို အတင်း ကောက်ခံနေသဖြင့် ရခိုင်ပြည်သူများအထူး ဒုက္ခရောက်နေကြကြောင်း သတင်း ရရှိသည်။

''အခုလိုကောက်ခံနေတာက ကျွန်မတို့ ကျောက်ဖြူမြို့မှာ ဖြစ်ပါတယ်။ အခုစည်ပင် သာယာရေးရုံးက ဂျပန်ဆိပ်ကမ်းကို ဆင်းရင် အဆင်း လူတစ်ယောက်ကို ၂၀၀ ကျပ်၊ အတက် ၂၀၀ကျပ် ကိုယ်တိုင် ဆိုင်းဘုတ်ထောင်ပြီး ကောက်နေပါတယ်။ ဒါပြင် စက်လှေတစီးကို တစ်နေ့ ငွေ ၁၅၀၀ကျပ်၊ ကုန်ပို့တဲ့ နွားလှည်း တစီး ဆိပ်ကမ်းကို ဆင်းရင် ၂၀၀ကျပ်ကောက်ပါတယ်။ လက်လှည်းတစီးကို ဆိပ်ကမ်းတစ်ခါဆင်းရင် ၄၀၀ကျပ် ကောက်ခံနေပါတယ်''ဟုကျောက်ဖြူမြစ်နားတန်းမှ

စာမျက်နှာ ၁၈ ကော်လံ ၁

ဆရာကြီး ဦးရွှေဇံ ကွယ်လွန်သွားခြင်းမှာ အစားထိုးမရသော

ဆုံးရှုံးမှုဖြစ်ကြောင်း ရခိုင်အမျိုးသားများက ပြောကြား

၂၁-၁၀-၂၀၁၁
(မောင်ရမ္မာ)

ရခိုင်သမိုင်းသုတေသီ ပညာရှင်စာရေးဆရာကြီး ဦးရွှေဇံ ကွယ်လွန်သွားခြင်းမှာ ရခိုင်လူမျိုးများအတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုကြီးဖြစ်ကြောင်း ရခိုင်အမျိုးသားများက ပြောသည်။

စစ်တွေ ဒီဂရီကောလိပ်နှင့် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခဟောင်း ဒေါက်တာကျော်သိန်းက ဆရာကြီး ကွယ်လွန်သွားခြင်းမှာ သာမန်ဆုံးရှုံးမှုမျိုး မဟုတ်ကြောင်း ယခုလို နိရဥ္စရာသို့ ပြောသည်။

''ဆရာကြီးဦးရွှေဇံ ကွယ်လွန်သွားတာဟာသာမန် ဆုံးရှုံးမှုမျိုး မဟုတ်ဘူး။ အစားထိုးမရတဲ့ ဆုံးရှုံးမှုဖြစ်ပါတယ်။ သူ့ဘဝတလျှောက်လုံးမှာအများအကျိုး အတွက်ရွက်ဆောင်သယ်ပိုးခဲ့သလိုဆရာကြီးရေးသားခဲ့သော စာပေများမှာ အလွန်တရာတန်ဖိုးရှိကြောင်း ပြောလိုပါတယ်''ဟု ပြောသည်။

စာမျက်နှာ ၁၇ သို့

Arakan Post Monthly Journal ရခိုင်သတင်းစဉ်

ကျောက်ဆောင်တိုက်မိ မှအဆက်

အဆိုပါအောင်တံခွန်သင်္ဘောအမှတ် (၂)မှာ တောင်ကုတ်မြို့မှသူဌေးဦးကျောက် တောင်မှအစိုးရထံမှကန်ထရိုက်ရယူပြီး လုပ်ကိုင်နေသောသင်္ဘော ဖြစ်သည်။

''လူတွေက အရမ်းကိုကံကောင်းတယ်ဆိုပြီးပြောနေကြပါတယ်။ ဒီလိုကျောက်တန်းတစ်ခုကို သင်္ဘောတိုက်မိခဲ့ပေမယ့် လူတစ်ဦးတယောက်မှ အသေအပျောက်မရှိသလိုဒဏ်ရာရတာလည်းမရှိတဲ့အတွက် ခရီးသည်တွေရော ဒေသခံပြည်သူတွေက တွေကရော ဘုရားမတယ်။ နတ်ကောင်းနတ်မြတ်တွေ မတယ်ဆိုပြီး ပြောဆိုနေကြပါတယ်''ဟု သူကဆက်ပြောသည်။

မြန်မာအစိုးရထုတ်သတင်းစာများက အဆိုပါသင်္ဘောပေါ်တွင် ရဟန်းတော်၁၀ပါး၊ ကျား ၁၅၃ ဦး၊ မ ၁၇၂ဦး၊ ကလေး၂၀၊ သင်္ဘောဝန်ထမ်း၂၀စုစုပေါင်း၃၇၅ဦးပါဝင် ကြောင်းနှင့်ထိုအထဲတွင်မြေပုံမြို့မှကျောက် ဖြူသို့ မျက်စိအခမဲ့ကုသရန် လိုက်ပါလာသူ ၈၀ပါဝင်ကြောင်းရေးသားဖော်ပြသည်။

အဆိုပါသင်္ဘောသည်စစ်တွေ၊ပေါက်တော၊ မင်းပြား၊မြေပုံ၊ရေနီကြီး၊ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်ရေကြောင်းခရီးစဉ်ကို ပြေးဆွဲနေသည့်သင်္ဘောဖြစ်သည်။ ရေလမ်းကြောင်းလွဲချော်ပြီး ကျောက်ဆောင်အားဝင်တိုက်မိသဖြင့် သင်္ဘောဦးပိုင်းပေါက်ကွဲသွားကြောင်းသိရသည်။ အောင်တံခွန်(၂) သင်္ဘောမှာစစ်တွေမြို့မှ နိုဝင်္ဘာလ၂၁ ရက်နေ့ နံနက် ၇နာရီတွင်တောင်ကုတ်မြို့သို့ထွက်ခွာလာရာ ၂၂ရက်နေ့ နံနက် ၄ နာရီခွဲတွင်ကျောက်တန်းကို တိုက်မိကာ သောင်တင်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါသင်္ဘောခရီးစဉ်နှင့်ပတ် သက်ပြီး Elevenတွင်ယခုလိုဖော်ပြသည်။

၂၁-၁၁-၂၀၁၁ရက် တနင်္လာနေ့ နံနက်(၆) နာရီမှစတင်ထွက်ခွာလာသည့် ကျွန်းပတ်သင်္ဘောမှာ မင်းပြားမြို့နယ် ကျွဲရိုပြင်ကျေးရွာအနီးတွင် နံနက်(၉)နာရီ (၃၀) မိနစ် အချိန်သောင်တင်နေခဲ့ပြီး ည (၅)နာရီအချိန်မှစတင်လွတ်မြောက် လာကာ မင်းပြားမြို့သို့ ည(၆)နာရီတွင်ဆိုက်ကပ်နိုင်ခဲ့ပါသည်၊ (၆)နာရီ (၃၀) မိနစ်တွင် ပြန်လည် ထွက်ခွာလာကာ ည(၁၀း၀၀) နာရီတွင်မြေပုံမြို့သို့ရောက်ရှိပါသည်၊ ကုန်တင် ၊ကုန်ချများပြုလုပ်ပြီး ည(၁၁း၃၀) အချိန်တွင်ကျောက်ဖြူသို့ မောင်းနှင်လာရာ င/ပသုံကျေးရွာ အနီးနောင်တော်မြစ်ကိုဖြတ်မောင်းလာစဉ်သံသမကျောက် (ဒေသခေါ်-ကျွဲရှို)ကျောက်တန်းကို (၂၂ -၁၁-၂၀၁၁)အင်္ဂါနေ့အာရုံတက်ချိန် (၀၄း၃၀) အချိန်တွင်ရေကြောင်းလွဲချော်ပြီး ၄င်းကျောက်တန်းကိုဝင်တိုက်ခဲ့ခြင်း ဖြစ်ကြောင်းပြောသည်။သင်္ဘောပေါ် ပါလာသူများကို အနီးအနားမှငါးဖမ်းစက်လှေများနှင့် ရေတပ်သင်္ဘော များက ကယ်တင်ခဲ့ရသည်။

ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်ဗဟို မျက်နှာစုံညီအစည်းအဝေး မှအဆက်

စုံညီ အစည်းအဝေးနှင့်အခမ်းအနားများ ကျင်းပခဲ့ရသည့် အကြောင်းကို ယခုလို နိရဉ္စရာသို့ ပြောသည်။

''အောက်တိုဘာလ ၁၀ ရက်နဲ့၁၁ ရက်နေ့မှာ ဗဟိုခေါင်းဆောင်တွေရဲ့ မျက်နှာစုံညီ အစည်းအဝေးကို လုပ်ဖြစ်ပါတယ်။ ပါတီခေါင်းဆောင်တွေ၊ ရခိုင်က မြို့နယ်ဥက္ကဋ္ဌတွေ၊ ၁၉၉၀ရွေး ကောက်ပွဲနိုင်အမတ်တွေ တက်ရောက်ခဲ့ကြပါတယ်။ အဓိကတော့ လက်ရှိနိုင်ငံရေး အခြေအနေတွေနဲ့ အနာဂတ် ပါတီရပ်တည်ရေးပိုင်းကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်''ဟု ပြောသည်။

ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် ပါတီမှတ်ပုံတင်ပြီး နောက် လာမည့်ရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်ရန် ဆွေးနွေးခဲ့ကြသည်ဟုသတင်း ထွက်ပေါ်နေမှုမှာ မှန်ကန်ပါသလားဟု နိရဉ္စရာက မေးမြန်းရာ ဦးအေးသာအောင်ကယခုလို ပြောကြားသည်။

''ရွေးကောက်ပွဲဝင်ဖို့အတွက် ပြောင်းလဲလာတဲ့၊ တိုးတက်လာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီး မှတ်ပုံတင်သင့်ရင်လည်း တင်ဖို့ သဘောထားရှိပါတယ်''ဟုပြောသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှာ ၁၉၉၀ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ တတိယ အမတ် အများဆုံးအနိုင်ရထားသော ပါတီဖြစ်သော်လည်း ၂၀၀၃-၂၀၀၄ခုနှစ်က ဖျက်သိမ်းခံခဲ့ရကြောင်း၊ သို့သော်လည်း ရခိုင်ပြည်သူများ အကျိုးအတွက် ယနေ့တိုင်ကြိုးစားဆောင် ရွက်လျှက်ရှိကြောင်းနှင့် နောင်ကိုလည်း ယခုထက်ပို၍ ထိရောက်စွာလုပ်ဆောင်နိုင် ရန်စီစဉ်ဆောင်ရွက်နေကြောင်း ဦးအေးသာအောင်က ပြောသည်။

အောက်တိုဘာလ ၁၂ရက်နေ့က ပြုလုပ်သော ၂၃ နှစ်မြောက် ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်နှစ်လည် အခမ်းအနားအား ဦးအေးသာအောင် နေအိမ်တွင် ပြုလုပ်ခဲ့ရာ လူပေါင်း ၁၀၀ နီးပါးခန့် တက်ရောက်ခဲ့သည်။ တက်ရောက်ခဲ့သူများအထဲ တွင် NLDဒုဥက္ကဋ္ဌ ဦးတင်ဦး၊ ဗဟို ခေါင်းဆောင်များဖြစ်ကြသည့် ဦးဝင်းတင်တို့လည်း တက်ရောက်ခဲ့ကြသည် ဟုသိရသည်။ ယနေပိုင်းရွှေကောင်း Hopop တွင်ပြုလုပ်သော၂၃နှစ်မြောက်ညစာစား ပွဲတွင် ရခိုင်အမျိုးသား၆၀ကျော်တက် ရောက်ခဲ့သည်ဟု သိရသည်။

ရခိုင် လူ့ အခွင့်အရေးအဖွဲ့ ဖွဲ့စည်း

၈-၁၀-၂၀၁၁

(မောင်ရမ္မာ)

ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော ရခိုင်လူငယ်များစုပေါင်းပြီး ရခိုင်ပြည်၏ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလုပ်ဆောင်နိုင်ရန်အတွက် 'ရခိုင်လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေး အဖွဲ့' ကိုဖွဲ့စည်းသည်ဟု အဖွဲ့တာဝန်ရှိသူက ပြောသည်။

အဖွဲ့၏ တာဝန်ရှိသူဒါရိုက်တာကိုအောင်မင်းဦးက ဖွဲ့စည်းရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်ပြီး နိရဉ္စရာသို့ ယခုလိုပြောသည်။

''အဓိက ရည်ရွယ်ချက်ကတော့ ရခိုင်ပြည်မှာဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေကိုကျွန်တော်တို့က နိုင်ငံတကာနဲ့ မြန်မာပြည်သူ ပြည်သားတွေကိုအသိပေးချင်တယ်။ မျှဝေချင်တယ်။ နောက်တခုက ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံကိုအကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာတဲ့ ရခိုင်အမျိုးသားတွေရဲ့လူမှုဘဝအခက်အခဲတွေကို တတ်နိုင်သမျှ အကူအညီပေးသွားချင်တယ်။ ဒီလို ရည်ရွယ်ချက်တွေကြောင့်ဖွဲ့စည်းရတာ ဖြစ်ပါတယ်။''

အဖွဲ့အစည်းကို လုပ်ငန်းဌာန ၉ခုဖြင့် ဖွဲ့စည်းထားပြီး ၎င်းလုပ်ငန်းဌာနတခုချင်းစီတွင် လျင်မြန်စွာ လုပ်ကိုင်နိုင်ရန် အတွက်ဒါရိုက်တာ၊ တွဲဖက်ဒါရိုက်တာနှင့် လုပ်ငန်းအဖွဲ့ဝင် (၉)ဦးနှင့် အကြံပေးအဖွဲ့ဝင် ၇ ဦးဖြင့်ဖွဲ့စည်းထားသည်ဟုသိရသည်။

အဖွဲ့၏ ရှေ့လုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကိုအောင်မင်းဦးက ယခုကဲ့သို့ ပြောသည်။

''ကျွန်တော်တို့ ရခိုင်ပြည်မှာရှိနေတဲ့ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း၊ ကုလားတန်မြစ်ကြောင်းစီမံကိန်းနဲ့ တခြားရေကာတာနဲ့ပတ်သက်တဲ့ စီမံကိန်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကိုရှေ့ထားပြီးတော့ မြန်မာပြည်သူတွေနဲ့နိုင်ငံတကာ အသိုင်းအဝိုင်းတွေကသိလာအောင် သုတေသနလုပ်သွားမယ်။ စာအုပ်စာတမ်းတွေ ဖြန့်ဝေသွားဖို့ဖြစ်ပါတယ်။ ပြည်သူလူထုကိုလည်းအဲဒါတွေနဲ့သက်ဆိုင်တဲ့စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ယဉ်ကျေးမှုဆိုင်ရာတွေကိုအသိပညာပေးသွားဖို့ဖြစ်ပါတယ်။''

အဖွဲ့၏ အင်တာနက်စာမျက်နှာဖွင့်ပွဲအခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲကိုလည်း အောက်တိုဘာလ ၉ရက်နေ့တွင် ထိုင်းနိုင်ငံ၊တက်ခရိုင်၊မဲဆောက်မြို့တွင်

စာမျက်နှာ ၁၂ သို့

ဂီရိ တနှစ်ပြည့်ပြီ ဖြစ်သော်လည်း အစိုးရ၏

လျစ်လျူရှုမှုကို မုန်တိုင်းသင့် ပြည်သူများ ခံနေကြရဆဲ

မောင်အေး

ယခုလ ၂၂ ရက်နေ့တွင် ဂီရိ မုန်တိုင်း တိုက်ခတ်ခဲ့သည်မှာ တနှစ်ပြည့်မြောက်သွားပြီ ဖြစ်သော်လည်း သက်ဆိုင်ရာ အစိုးရ၏ လျစ်လျူရှုမှုကို မုန်တိုင်းသင့်ရခိုင်ပြည်သူများခံနေကြရဆဲ ဖြစ်သည်။

မုန်တိုင်း အဓိကတိုက်ခတ်ခဲ့ရာ နေရာဒေသများဖြစ်ကြသည့် ကျောက်ဖြူ၊မြေပုံ၊အမ်းနှင့်ပေါက်တောမြို့နယ်များမှ မုန်တိုင်းသင့်ပြည်သူများမှာယခုအချိန်ထိအိမ်ယာများ ဆောက်လုပ်နိုင်ခြင်းမရှိသည့်အပြင်အစားအသောက်မဖုံလုံခြင်း၊ သောက်သုံးရေများမရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့ခြင်းများနှင့် ရင်ဆိုင်နေကြရသည်။

မြေပုံမြို့နယ် ကျွန်းသာယာ ကျေးရွာမှရွာသားတဦးကိုလက်ရှိအခြေအနေနှင့် ပတ်သက်ပြီး နိရဉ္စရာမှဆက်သွယ် မေးမြန်းရာ သူက ယခုကဲ့သို့ပြောသည်။

''အခြေအနေက အခုအချိန်ထိဆိုးနေတုန်းဖြစ်ပါတယ်။ စားစရာလည်းမရှိ။ နေစရာလည်းမရှိ ဖြစ်နေပါတယ်။ ခက်တာက ဒီနှစ်မှာ ရာသီဥတုကလည်းဆိုးနေလို့ အလုပ်အကိုင်ကလည်း အဆင်မပြေတဲ့အတွက် လူတွေကဘာကိုမှ ပြန်မပြင်နိုင်သေးပါဘူး။ ဒါကြောင့် အိမ်မဆောက်နိုင်တဲ့ မိသားစုက ကျွန်တော်တို့ရွာမှာ ဆိုရင်တဝက်ကျော်ခန့် ရှိနေပါတယ်။ မိုးကာတွေကို မိုးပြီး တမိုးလုံးနေခဲ့ရတဲ့ မိသားစုတွေလည်း ရှိပါတယ်''ဟု ပြောသည်။

မုန်တိုင်းတိုက်ပြီးစတွင် ယခင်မြန်မာ့နအဖစစ်အစိုးရမှ အိမ်မိုးသွပ်များ၊ အစားအသောက်များပေးပို့ကူညီ လှူဒါန်းနေကြောင်း သတင်းစာများကနေ့တိုင်းလိုလို ရေးသားဖော်ပြခဲ့သဖြင့် အဆိုပါအကူအညီများကို ရရှိခြင်း ရှိ-မရှိ မေးမြန်းရာ သူကယခုလို ဆက်လက် ပြောကြားသည်။

''အစိုးရကအိမ်မိုးသွပ်တွေကူညီတာမရှိပါဘူး။ အိမ်ဆောက်လုပ်ရေးနဲ့ ပတ်သက်ပြီး အရပ်သားတွေကိုအစိုးရကူညီတာဘာမှမရှိပါ။ စာသင်ကျောင်းတွေ အတွက်တော့ သွပ်တွေကူညီတာရှိပါတယ်။ ဒါကလည်းများများစားစားမဟုတ်ပါ။ အစားအသောက်ကတော့အန်ဂျီအိုတွေကပေးတာဘဲရှိပါတယ်။ ဒါလည်းနှစ်လကျော်သုံးလလောက်ဘဲရပါတယ်။ ကျန်တဲ့လတွေမှာမရတော့ပါဘူး''ဟုပြောသည်။ယခုကဲ့သို့အကူအညီများ ဖြတ်တောက်ခံခဲ့ရသဖြင့် အများစုပြည်သူများမှာ စားဝတ်နေရေး အထူးအခက်အခဲဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့်ကျွန်းသာယာ၊ ပြင်းဝန်းစသည့်ကျေးရွာများတွင်ထမင်းနပ်မှန်အောင် မစားရသူများရှိခဲ့သည်ဟုသိရသည်။

အဆိုပါဒေသတွင် လယ်ယာလုပ်ငန်းမရှိသဖြင့် ဆန်များကို တခြားဒေသများမှမှာယူတင်သွင်းကြရသည်။ ယခုအချိန်ထိ ဆန်အညံ့ စားတအိတ်ကို ကျပ် ၂၀၀၀၀ ကျော်ရှိကြောင်း သူက ပြောသည်။

ကျောက်ဖြူမြို့နယ်တွင် ပြည်သူများ၏ အခြေအနေကိုလည်း ကျောင်းထိုင် ဆရာတော် တစ်ပါးက ယခုလိုပြောသည်။

''ဦးဇင်းတို့မောက်တုန်းကြီး၊ချောင်းကြီးဖျား၊ ရွှေညိုမကျေးရွာ

စာမျက်နှာ ၁၂ သို့

ရခိုင်ပြည်တွင် မီးလောင်ကျွမ်းမှုများ ဆက်တိုက်ဖြစ်ပွား

၂၁-၁၁-၂၀၁၁

ရခိုင်ပြည်နယ်မြို့နယ်တချို့တွင် နိုဝင်္ဘာလအတွင်းမီးလောင်မှု ကြိမ်တိုင်တိုင် ဆက်တိုက်ဖြစ်ပွားခဲ့သည်။

နိုဝင်္ဘာလ ၁ရက်နိကရမ်းဗြဲမြို့နယ်ကျောက်နီမော်ကျေးရွာတွင် မီးလောင်မှုတခုဖြစ်ပွါးခဲ့၍အိမ်ပေါင်း၂၀၀ကျော် မီးထဲပါသွားခဲ့သည်။ ထိုကဲ့သို့မီးလောင်မှုကြောင့်ဒေသခံအိား အကြီးအကျယ်ဒုက္ခရောက်ခဲ့ကြသည်။ ၄င်းအပြင် မင်းပြားမြို့မဈေးကြီးတွင် နိုဝင်္ဘာလ ၁၂ရက်နေ့ ညနေရနာရီအချိန်တွင်မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ဆိုင်ခန်းပေါင်း ၅၆ရမီးထဲပါးသွားခဲ့သည်။

ဆုံးရှုံးမှုတန်ဖိုးအားဖြင့်သိန်းပေါင်း ထောင်သောင်းချီ၍ရှိကြောင်း၊ အဆိုပါမီးမှာ ဈေးကြီးအတွင်းရှိ ဦးကျော်စိန်မောင်ဆိုင်ခန်းတွင် စားအုံးဆီကိုအပူပေးရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်ဟု သိရသည်။ မင်းပြားမြို့တွင်မီးသတ်ကားပျက်နေသည့်အတွက် ကြောင့်လာရောက်မီးမငြိမ်းနိုင်ခဲ့ဟုမြို့ခံတဦးကယခုကဲ့ပြောသည်။

''မင်းပြားမြို့ကမီးသတ်ကားပျက်နေတဲ့အတွက် လာရောက်ငြိမ်းသက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒဒါကြောင့် မြောက်ဦးမြို့ ကမီးသတ်ကို မီးငြိမ်းပေးဖို့အတွက်ခေါ်ခဲ့ပါတယ်။ဒါပေမယ့် မီးစလောင်ကျွမ်းလို့ ၃နာရီလောက်ကြာမှမီးသတ်ကားကရောက်လာပါတယ်။ အဲဒီအချိန်မှာက ဈေးကြီးတခုလုံး မီးလောင်ကျွမ်းပြီး ပြာကျသွားပါပီ။ ဘာမှ မကျန်တော့ပါဘူး။''

အလားတူနိုဝင်္ဘာလ ၁၇ရက်နေ့ ညနေ(၆) နာရီမှာမြောက်ဦးမြို့ လက်ကောက်ဈေးမှ ကံလှရပ်ကွက်တွင် မီးလောင်ခဲ့သည့်အတွက် ဆရာဦးကျောက်ခဲအိမ်၊ ဦးစိန်ဖြူအောင်အိမ်၊ ဒေါ်မစောယဉ်အိမ် အပါအဝင် ဗွီဒီယိုပြစက်ရုံ (၄)ရုံ မီးထဲပါသွားခဲ့သည်။

''မီးကညနေ၆နာရီကျော်မှာစလောင်တာဖြစ်ပါတယ်။ လောင်တာကလက်ကောက်ဈေးရပ်ကွက် ကံလှရပ်တံတားဦးအနီးက အိမ်

စာမျက်နှာ ၉ သို့

ရွှေသဘာဝဓါတ်ငွေ့ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး လှုပ်ရှားမှု

ရခိုင်ပြည်တွင် ပြုလုပ်



၁၁-၁၁-၂၀၁၁

ရခိုင်ကထွက်သော သဘာဝဓါတ်ငွေ့ဖြင့် ၂၄နာရီလျှပ်စစ်မီးရရှိရေးပိုစတာ ကမ်းပိန်းလှုပ်ရှားမှုတစ်ခုကို ရခိုင်ပြည်နယ် အနှံ့အပြားတွင် တန်ဆောင်မုန်း လပြည့်နေ့ကပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ပိုစတာကပ် လှုပ်ရှားမှုအား ၂၄ နာရီလှုပ်ရှားမှုအင်အားစု (ရခိုင်ပြည်)မှ ဦးဆောင်လှုပ်ရှားခဲ့ခြင်းဖြစ်ပြီး စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်ဖြူ၊ ရမ်းဗြဲ။ တောင်ကုတ်နှင့်တခြားမြို့များတွင် နိုဝင်္ဘာလ၁၀ရက် တန်ဆောင်မုန်းလပြည့်နေ့ကပြုလုပ်ခဲ့ကြောင်း သိရသည်။

''အဓိကဇာတ်ပွဲသဘင်တွေနဲ့ လူစည်ကားတဲ့နေရာတွေမှာတပြိုင်တည်း၊တချိန်တည်း အချိန်ကိုက် ချိတ်ဆက် လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုကို ပြုလုပ်ရတာက မြန်မာအစိုးအနေနဲ့ ရခိုင်ကမ်းလွန် ရွှေသဘာဝဓါတ်ငွေ့သိုက်မှထွက်တဲ့သဘာဝဓါတ်ငွေ့များကို အသုံးပြုပြီး ရခိုင်ပြည်နယ်တဝန်း ကျေးလက်၊ မြို့ပြဒေသများအားလုံးကိုချက်ချင်း(၂၄) နာရီလျှပ်စစ်မီး ရရှိအောင် လုပ်ပေးဖို့တောင်းဆိုတိုက်ပွဲဝင်လိုက်တာ ဖြစ်ပါတယ်''ဟု လှုပ်ရှားသူတစ်ဦးက ပြောသည်။ ချက်ချင်း(၂၄)နာရီလျှပ်စစ်မီး ရရှိရေးအတွက်ရေးဆွဲထားသောပိုစတာများကိုလမ်းဘေး ဓါတ်မီးတိုင်များ၊ အစိုးရ အဆောက်အအုံများ၏ဝင်းခြံတံခါးများတွင် ကပ်ခြင်း၊ လူအများအပြား

စာမျက်နှာ ၁၂ သို့

လယ်သမားများပိုင်မြေ ဗိုလ်မှူး တစ်ဦး ရောင်းစား၍ လယ်သမားများ လယ်မဲ့ယာမဲ့ဖြစ်

၂၉-၉-၂၀၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပျားတဲရွာအနီးမှ လယ်သမားများပိုင်မြေများကို မြေစာရင်းဦးစီးဌာနတွင် ဗိုလ်မှူးအဆင့်ရှိသူတစ်ဦးက သူ့အမည်ဖြင့် နာမည်ဖေါက်ပြီးရောင်းစားသွားသဖြင့် လယ်သမားများမှာ လယ်မဲ့ယာမဲ့ဘဝသို့အလိုလိုနေရင်း ရောက်ရှိသွားကြရသည်ဟု သတင်းရရှိသည်။

အဆိုပါ မြေကွက်ဧရိယာမှာ ၂၄ဧကရှိပြီး ဗိုလ်မှူး ဦးစန်းမောင်မောင်ဆိုသူက အိန္ဒိယကုမ္ပဏီတစ်ခုသို့ သိန်းကျပ် (၄၀၀)ဖြင့်ရောင်းစားသွားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒေသသို့ကိုယ်တိုင်သွားရောက်ခဲ့သူလူငယ်တစ်ဦးက ''အဲဒီဗိုလ်မှူးဦးစန်းမောင်မောင်က အဲဒီမြေတွေကိုမြေစာရင်းဌာနမှာသူ့နာမည် ဖေါက်ပြီး Punj Loyd ဆိုတဲ့အိန္ဒိယကုမ္ပဏီကို ရောင်းစားသွားတာပါ။ အခု အဲဒီကုမ္ပဏီကမြေကွက်တွေမှာ စီမံကိန်း စတင်နေပါပြီ''ဟု ပြောသည်။

ရွာသားများမှာ ၎င်းတို့ပိုင်သော လယ်မြေများ၊ စားကျက်မြေများကို အိန္ဒိယကုမ္ပဏီမှ စက်ကရိယာများဖြင့်လာရောက် တူးဖေါ်ပြီးမှ မိမိတို့လယ်မြေများ အသိမ်းခံရသည်ကို သိရှိကြရသည်ဟုသူက ဆိုသည်။

''ကျွန်တော်တို့သိရသလောက်ဗိုလ်မှူး စန်းမောင်မောင်က ခယကလက်ထက်မှာ ကျောက်ဖြူမှာ တာဝန်ကျဖူးတယ်လို့သိရပါတယ်။ သူက မြေတိုင်းဌာနကဝန်ထမ်းတွေကိုငွေနည်းနည်းပေးပြီး အဲဒီမြေတွေကိုသူ့နာမည်နဲ့ဖေါက်ပြီးတော့ ရောင်းစားသွားတာဖြစ်တယ်လို့သိရပါတယ်''ဟု သူက ဆက်ပြောသည်။

ကျောက်ဖြူတွင် တာဝန်ကျခဲ့သော စစ်ဘက်ဆိုင်ရာလူကြီးများသည်နိုင်ငံခြားစီမံကိန်းများ တည်ဆောက်မည့်နေရာများ၊ ဂတ်စ်နှင့်ရေနံပိုက်လိုင်း ဖြတ်သန်းမည့်နေရာများကို မြေပုံများကိုကြည့်ပြီး သိရှိထားသဖြင့် အဆိုပါနေရာများကို မြေတိုင်းဦးစီးဌာနနှင့် ပေါင်းပြီးမိမိပိုင်မြေအဖြစ် ဂရမ်ဖေါက်ထားခဲ့ကြသည်ဟု သိရသည်။

ထိုအထဲတွင် ယခင်အနောက်ပိုင်းတိုင်းမှူး ဖြစ်ခဲ့သော ပြည်ထဲရေး ဝန်ကြီးဟောင်း ဗိုလ်ချုပ်မောင်ဦးလည်း ပါဝင်ကာကျောက်ဖြူမှ(၆)မိုင်အကွာတွင် တည်ရှိသော ဂုံးချိန်ကျေးရွာရှိအများပြည်သူပိုင် မြေကွက်တစ်ခုကို

စာမျက်နှာ ၁၂ သို့

လွတ်မြောက်လာသည့် အထဲတွင် ရခိုင်နိုင်ငံရေး အကျဉ်းသား ၇ ဦးသာ ပါဝင်

၁၃-၁၀-၂၀၁၁

ဝါကျွတ်လပြည့် အောက်တိုဘာလ ၁၂ရက်နေ့က လွတ်ပေးလိုက်သော နိုင်ငံရေးအကျဉ်းသား ၃၀၀ နီးပါးထဲတွင် ရခိုင်မှ နိုင်ငံရေးအကျဉ်းသား (၇) ဦးခန့်သာ ပါဝင်ကြောင်းသိရသည်။

ပါဝင်ခဲ့သော အကျဉ်းသားများထဲတွင် ထောင် ၁၇ နှစ်ကျော် ချမှတ်ခံထားရသော တောင်ကုတ်မြို့မှ ကိုမင်းအောင်လည်းပါဝင်ပြီးစစ်ကိုင်းတိုင်း ကလေးထောင်မှ လွတ်မြောက်လာခဲ့သည်။

''ဟုတ်ပါတယ်။ ကိုမင်းအောင် ကလေးထောင်က လွတ်လာတယ်လို့သတင်းရပါတယ်။ မနက်ဖြန် လောက်မှ တောင်ကုတ်ကို ရောက်လာနိုင်ပါတယ်'' ဟု သူ၏လုပ်ဖေါ် ကိုင်ဘက်တစ်ဦး ပြောသည်။

နိုရဥ္စရာဆက်သွယ်သည်ဟု မြန်မာစစ်အစိုးရထံ သစ္စာဖေါက်သူတစ်ဦး၏ သတင်းပေးချက်ဖြင့် ဖမ်းဆီးခံရပြီးထောင်(၅)နှစ်ချခံရသူ တောင်ကုတ်မြို့မှ ကိုစန်းလွင်လည်းသံတွဲထောင်မှ လွတ်မြောက်လာခဲ့သည်။

တခြား လွတ်မြောက်လာသူ နာမည်ကြီးနိုင်ငံရေး အကျဉ်းသားမှာအရှင်ဣဿရိယခေါ် ကိုအောင်စိုးဖြစ်ပြီးဘူးသီးတောင်ထောင်ထဲမှ လွတ်မြောက်လာခဲ့သည်။

အရှင်ဣဿရိယသည် ရွှေဝါရောင်တော်လှန်ရေး ဖြစ်ပွားပြီးနောက် ဘင်္ဂလာဒေ့ရှ်ဘက်သို့ တိမ်းရှောင်ကြိုးစားစဉ်မောင်တောမြို့ မြို့မကျောင်းတွင် ဖမ်းဆီးလူဝတ်လဲခံရကာ ထောင်ဒဏ် (၇) နှစ်ခွဲ ချမှတ်ခံခဲ့ရသည်။

''အရှင်ဣဿရိယခေါ် ကိုအောင်စိုးလွတ်ပါတယ်။ စုစုပေါင်း ဘူးသီးတောင်ထောင်ထဲကနိုင်ငံရေး အကျဉ်းသား၄ဦး လွတ်ပါတယ်။ ကျန်နေတာကတော့ ကိုဌေးကြွယ်တို့ရယ်၊ အသက် ၇၅ နှစ်ရှိနေပြီ ဖြစ်တဲ့ ဦးခွန်ထွန်းဦးတို့နဲ့ အမှုတွဲ ဦးထွန်းညိုစတဲ့ သူတွေ ဖြစ်ပါတယ်။ ထောင်မှာကျန်နေခဲ့တဲ့ နိုင်ငံရေးသမားကအများကြီးဘဲ။ လွတ်တာကနည်းနည်းပဲ''ဟု ဘူးသီးတောင်ထောင်မှ လွတ်လာသူ စမ်းချောင်း ကိုကိုကြီးက ပြောသည်။

ပေါက်တောမြို့နယ် ဇာတိနိုင်ငံရေး အကျဉ်းသား နှစ်ဦးလည်းလွတ်မြောက်လာရာ အဆိုပါ ပုဂ္ဂိုလ်များမှာ ဦးကောဝိဒနှင့်ဦးမြတ်ထွန်းတို့ ဖြစ်ကြသည်။ ဦးကောဝိဒသည် ရန်ကုန်ငွေကြာယံ ကျောင်းတိုက်မှ ၂၀၀၇အောက်တိုဘာ၄ ရက်နေ့တွင် ရွှေဝါရောင်တော်လှန်ရေးတွင် ဦးဆောင်ပါဝင်မှုဖြင့်

စာမျက်နှာ ၁၂ သို့

ရခိုင်တွင် ၂၄ နာရီ လျှပ်စစ်မီး ရရှိရေး စာတန်းဖတ်ပွဲ ကျင်းပ

၁၃-၁၁-၂၀၁၁

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ရခိုင်ပြည်နယ်တွင် ၂၄နာရီ မီးရရှိရေးနှင့် ရွှေသဘာဝဓါတ်ငွေ့ စီမံကိန်းဆိုင်ရာ စာတမ်းဖတ်ပွဲတစ်ခုကို နိုဝင်ဘာလ ၁၃ရက်နေ့က ပြုလုပ်ခဲ့သည်။

စာတန်းဖတ်ပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို စာတန်းဖတ်သူ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဒုဥက္ကဌ ဦးတင်ဝင်းက ယခုလိုပြောသည်။

''ရခိုင်တပြည်နယ်လုံး လျှပ်စစ်မီး ၂၄နာရီရရှိရေး အတွက်ဖြစ်နိုင်မယ့် နည်းလမ်းတွေကို ရှာဖွေဖို့ အတွက်ဒီစာတန်းဖတ်ပွဲကိုပြုလုပ်ရတာဖြစ်ပါ တယ်။''

အခု လက်ရှိ အစိုးရမှရခိုင်ပြည်နယ်မှ ထွက်ရှိသော သဘာဝဓါတ်ငွေ့ကို ရခိုင်ပြည်နယ်အတွက် တစုံတရာ အသုံးပြုရန်အစီအစဉ်မရှိကြောင်း တရားဝင်ပြောကြားထားသဖြင့် အဆိုပါကိစ္စကို စာတန်းတွင်ထည့်သွင်း ဆွေးနွေးပါသလားဟု နိုရဥ္စရာကမေးမြန်းရာဦးတင်ဝင်းကယခုလို ပြောသည်။

''ဆွေးနွေးပါတယ်။''

၎င်းပြင်သူက ''နိုင်ငံတော် အစိုးရက ပြည်ထောင်စု လွှတ်တော်မှာ သက်ဆိုင်ရာဝန်ကြီးတွေက ရခိုင်က ထွက်တဲ့ ရွှေသဘာဝဓါတ်ငွေ့နဲ့ပတ်သက်ပြီး ပြောကြားထားတဲ့အပေါ်မှာ အထောက်အထားနဲ့

စာမျက်နှာ ၁၂ သို့

ကြံ့ခိုင်ရေး၊ အုပ်ချုပ်ရေးမှူး ကျေးရွာသားများထံမှ တရားမဝင် ငွေကောက်

၂၃-၁၁-၂၀၁၁

(ခိုင်သိန်း)

ရခိုင်ပြည်နယ်ရှိ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တည်ရှိရာအမ်းမြို့နယ်တွင် ကြံ့ခိုင်ရေးပါတီဝင် တချို့နှင့်ကျေးရွာအုပ်ချုပ်မှုးများ ပူးပေါင်းကာ မရှိဆင်းရဲသားတောင်သူများထံမှငွေများ အတင်း အဓမ္မ ကောက်ခံနေကြောင်း ကျေးရွာသားများက သတင်းပေးပို့သည်။

''ကျွန်တော်တို့ ဒလက်ချောင်းမှာရှိတဲ့ အနောက်ရွာ၊ မြောက်ရွာတွေကကြံ့ဖွံ့ပါတီဝင်တွေနဲ့ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေဟာရွာမှာ လောင်း(လှေ)ငယ် တွေနဲ့ ထင်းခုတ်၊ ဝါးခုတ်၊ ကြိမ်ခုတ် ပြီးတော့ ဝမ်းစာ ရှာစားနေကြတဲ့မရှိ ဆင်းရဲသားတွေဆီက ငွေတွေအတင်းအဓမ္မ ကောက်ခံပါတယ်။ သူတို့ ကောက်ခံတဲ့ ငွေကိုမပေးရင်မသွားရဘူး၊ ကျွန်တော်တို့မရှိ ဆင်းရဲသားတွေက ဒီအလုပ်ကို မလုပ်ပြန်ရင်လည်းထမင်းငတ်မှာဆိုတော့ သူတို့ တောင်းတဲ့ငွေကို ပေးနေကြရပါတယ်။'' ဟု ဒလက်ချောင်း မြောက်ရွာသားတဦးက နိုရဥ္စရာသို့ ပြောသည်။

တောတောင်များသို့သွားပြီး ထင်းခုတ်၊ ဝါးခုတ်၊ ကြိမ်ခုတ်သွားမည့်လောင်း (လှေ)ငယ်တစီးကို ၃၀၀၀ ကျပ်၊ လောင်းကြီးတစီးကို ၅၀၀၀ကျပ်နှင့် ဘုတ်တစီးကို ၁၀၀၀၀ကျပ်ထိ ကောက်ခံနေသည်ဟု သူက ပြောသည်။

ယခုကဲ့သို့ ကောက်ခံနေသူများ ကြံ့ခိုင်ရေးပါတီမှ ကျေးရွာ အတွင်းရေးမှူး ဦးအောင်စိုး၊ အဖွဲ့ဝင် ဦးကြည်အောင်၊ ဦးကျော်၊ ဦးကိုကိုလေးနှင့် ဒလက်ချောင်းသစ်တောအုပ်ဖော်ဦးနှင့် ဦးစောရွှေ သိန်းတို့ ဖြစ်သည်။

''အခု သူတို့ကဝါးခုတ်ရင်လည်း ငွေပေး၊ ဟင်းသီးဟင်းရွက်ရောင်းရင်လည်း ငွေပေးရပါတယ်။ သူတို့တောင်းတဲ့ငွေကို မပေးနိုင်ဘူးဆိုရင် လူကိုဖမ်းပြီးရိုက်နှက်တာ၊အချုပ်ခန်းထဲ ထည့်တာ တွေလည်း လုပ်ပါတယ်'' ဟု သူက ပြောသည်။

အမ်းမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများတွင် နေထိုင်ကြသောဒေသခံပြည်သူများမှာ တောတောင်ကိုအမှီပြုပြီးသစ်ခုတ်၊ ဝါးခုတ်၊တောင်ယာလုပ်ကိုင်

စာမျက်နှာ ၁၂ သို့

လက်ရှိ အစိုးရ လိမ်နေတယ်ဟု စစ်တွေ ရွှေဝါရောင်ကို ဦးဆောင်သူ အရှင် ဣဿရိယ ပြောကြား

၁၈-၁၀-၂၀၁၁

လက်ရှိ သမ္မတ ဦးသိန်းစိန် အစိုးရသည် နိုင်ငံရေး အကျဉ်းသားအနည်းငယ်ကို လွှတ်ပေးပြီးတိုင်းပြည်ကို လိမ်လည်ရန်ကြိုးပမ်းနေသည်ဟု သူထင်မြင်ကြောင်း ဘူးသီးတောင်ထောင်ထဲမှ မျှားမကြာမီက လွှတ်မြောက်လာသူအရှင်ဣဿရိယက ပြောကြားသည်။

ထောင်မှ လွှတ်လာပြီး မျှားမကြာမီ စစ်တွေ ရွှေဝါရောင်တော်လှန်ရေးကို ဦးဆောင်ခဲ့သူ အရှင်ဣဿရိယအား နိုရဥ္စရာမှ ဆက်သွယ်မေးမြန်းရာတွင် အရှင် ဣဿရိယမှ သူ့အမြင်ကို ထိုသို့ ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့သည်။

''အရေးကြီးတဲ့နိုင်ငံရေးသမားတွေတစ်ဦး တစ်လေမှ အပ ကျန်တဲ့ခေါင်းဆောင်တွေ လွှတ်မလာဘူး။ အသက်အရွယ်ကြီးရင့်နေတဲ့ဗိုလ်ချုပ်ဆေထင်ကို လွှတ်ပေးတယ်။ ဒါပေမယ့်ဦးခွန်ထွန်းဦးကျတော့ လွှတ်မပေးဘူး။ ဆက်ဖမ်းထားတယ်။ ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်နဲ့ တခြားကျောင်းသား ခေါင်းဆောင်တွေကို ကျတော့ ဆက်ဖမ်းထားတယ်။ ဒါတွေကိုကြည့်ရင် တိုင်းပြည်ကိုလိမ်ညာဖို့ကြိုးစား နေတယ်လို့ဘဲ ဦးဇင်းမြင်ပါတယ်။

၎င်းပြင် အရှင်ဣဿရိယက လွှတ်မြောက်လာသူ

စာမျက်နှာ ၁၉ သို့

နယ်ဝေး ယူဆောင်သွားသော အရှင်ပညာစာရ ကျောင်းမှ ကလေးငယ်များ ပြန်လည်ခေါ်ယူရန် ABC ၏အစီအစဉ် မရေရာ

၂၅-၁၀-၂၀၁၁

(မောင်အေး)

ရမ္မာဝတီ အရှင်ပညာစာရ ဖမ်းဆီးခံပြီးနောက် ရခိုင်ပြည်နယ်ကို ကျော်လွန်ပြီး နယ်ဝေးဒေသသို့ ယူဆောင်သွားခြင်းခံရသူ ကလေးငယ်များကို ရခိုင်သို့ ပြန်လည်ခေါ်ယူရန် အစီအစဉ်မှာ မရေမရာ ဖြစ်နေကြောင်း ABC မိဘမဲ့ ကလေးဂေဟာမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံ အကွက်(၁၃)တွင် စစ်တွေမှ မြို့မိ မြို့ဘများ ဦးစီး ဖွင့်လှစ်ထားသော A.B.C မိဘမဲ့ ကလေးသူငယ် စောင့်ရှောက်ရေး ဂေဟာမှ အဆိုပါ ကလေးငယ်များကို ပြန်လည် ခေါ်ယူရန် စီစဉ်နေသော်လည်း အခြေအနေမှာ မရေမရာ ဖြစ်နေကြောင်း ဂေဟာ အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းက နိုရဥ္စရာသို့ ယခုလိုပြောသည်။

''အဲဒါက ကျွန်တော်တို့ ABC ကော်မီတီက ကလေးတွေကို ခေါ်ဖို့ဆိုပြီး သက်ဆိုင်ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဆီကို စာတင်ထားပါတယ်။ စာတင်ထားပေမယ့် သူတို့ကိုတော့ လောလောဆယ်

စာမျက်နှာ ၁၃ သို့

နတ်မြစ်အတွင်းမှ ဆယ်ယူရရှိခဲ့သော ရဟန်းတော် အသတ်ခံခဲ့ရဖွယ်ရှိ

၁၇–၁၁–၂၀၁၁

မြန်မာ–ဘင်္ဂလာ နယ်စပ် နတ်မြစ်အတွင်းမှ ယမန်နေ့ (နိုဝင်ဘာလ ၁၆ရက်)က အလောင်း ဆယ်ယူရရှိခဲ့သော ရဟန်းတော်မှာ အသတ် ခံခဲ့ရဖွယ်ရှိကြောင်း ရဲစစ်ချက်က ဖေါ်ပြသည်ဟု သိရသည်။

ကော့ဘဇားမြို့ရှိ ရင်ခွဲရုံတွင်ထားသော ရဟန်းတော် အလောင်းကို ကိုယ်တိုင် သွားရောက်ကြည့်ရှုပြီး ဓါတ်ပုံရိုက်ခဲ့သူ နီရဋ္ဌရာ ကော့ဘဇား သတင်းထောက် ကိုထွန်းထွန်းမှ သူမြင်တွေ့ရသော အခြေအနေကို ယခုလိုပြောသည်။

''လည်ပင်းကို သက်န်းနဲ့ချည်ထားတယ်။ နောက်ကျောမှာလည်း ဒဏ်ရာတွေ တွေ့ရတယ်။ လက်မှာလည်းတွေ့ရတယ်။ လည်ပင်းကို သင်္ကန်းနဲ့ရစ်သတ်ပြီး ရေထဲကို ပစ်ချလိုက်တာ ဖြစ်ပုံရတယ်။ ရဲကလည်း အသတ်ခံရတယ်ဆိုပြီး သံသယ ဖြစ်နေပါတယ်''ဟု ပြောသည်။

ဘင်္ဂလာရဲအဖွဲ့မှ အဆိုပါရဟန်းတော်မှာ ဘင်္ဂလာဒေချ့်ဘက်ခြမ်း နတ်ကျောက်ဆရီ မြို့နယ်တွင် ကျောင်းထိုင်နေသော ဆရာတော်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံက ဖြစ်ပုံရကြောင်း ပြောဆိုသည်ဟု ကိုထွန်းထွန်းက ပြောသည်။

''လက်မောင်းတွေမှာ မင်ထိုးထားတဲ့အတွက် မြန်မာနိုင်ငံဘက်က ဖြစ်ဖို့များတယ်။ ရဲကတော့ အခုနတ်ကျောက်ဆရီကို စုံစမ်းနေတယ်လို့ သိရပါတယ်။ မြန်မာဘက်က လာရောက် ကျောင်းထိုင်တဲ့ ဆရာတော်လို့ပြောနေကြပါတယ်။''ဟု သူက ပြောသည်။

အဆိုပါ ဆရာတော်အလောင်းအား ဘင်္ဂလာဒေချ့်ဘက်ခြမ်း ခေါင်းတိုးဘက် နတ်မြစ်အဖျားတွင်မျှောပါနေစဉ် ဒေသခံများကအကြောင်းကြားသဖြင့် ဘင်္ဂလာဒေချ့်ရဲနှင့် နယ်ခြားစောင့်တပ်ဖွဲ့မှ ဆယ်ယူခဲ့ပြီး ကော့ဘဇားဆေးရုံသို့ ပို့ဆောင်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓ ဆင်းထုတော်များ မဖွယ်မရာ ပြုလုပ်ခံရ၍ စစ်တွေတွင် မကျေနပ်မှုတိုးပွား

၂၈–၉–၂၀၁၁

(ထွန်းထွန်း)

ရခိုင်ပြည်နယ် မြို့တော် စစ်တွေတွင် ဗုဒ္ဓဆင်းထုတော်များကို အမည်မသိသူများက မဖွယ်မရာ ပြုလုပ်ထားခဲ့သဖြင့် ဒေသခံ ဗုဒ္ဓဘာသာများအကြားအထူးမကျေနပ်မှု တိုးပွားနေကြောင်း သတင်း ရရှိသည်။

စစ်တွေမြို့ အာဂျိတ်တောင်ကုန်း သချိုင်းဟောင်း အနီးရှိ သရက်ဦး ဘုန်းတော်ကြီးကျောင်းတွင် ဘုရားကြီး ၃ ဆူ၏ မျက်နှာတော်များကို ကြက်ချေး ရေနံများဖြင့် မဖွယ်မရာ သုတ်လိမ်းထားပြီး မျက်နှာနဖူးတော်တွင်လည်း မထင်မရှား ရခိုင်လို 'ခွီး'ဆိုသောစာလုံးကိုရေးသားထားသည်ဟုသိရသည်။

၎င်းပြင် အမြင့် ၄ ပေ ကျော်ရှိသော ရခိုင်ဘုရင် စန္ဒသူရိယ၊ ရှင်သီဝလိနှင့် ဇီဝကဆင်းတုတော်များ၏ မျက်နှာများကို လည်းကြက်ချေးရေနံများဖြင့် လိမ်းကျံထားသည်ဟု ဒေသခံ များက ပြောသည်။

ယခုကဲ့သို့ မဖွယ်မရာလုပ်ထားခြင်းကို စက်တင်ဘာလ ၂၃ ရက်နေ့က ပြုလုပ်ထားခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

''ဒီလို လုပ်တာက ဒီလ ၂၃ရက်နေ့မှာပါ။ အခုဒေသခံ ဗုဒ္ဓ ဘာသာဝင်တွေက ဒီလိုလုပ်တဲ့ အပေါ်မှာအတော်ကို မကျေမနပ် ဖြစ်နေကြတယ်။ အနီးအနားက မွတ်ဆလင် ဘာသာဝင်တွေ လုပ်တယ်ဆိုပြီး ထင်နေကြတယ်။ ဒီကိစ္စ ပြည်နယ် ဝန်ကြီးချုပ်ထိတက်တိုင်ထားတယ်။ ပြေပြေ လည်လည်မဖြေရှင်းနိုင်ရင် ပြဿနာကြီးထွားလာနိုင်ပါတယ်''ဟု သူကဆက်ပြောသည်။

အဆိုပါကိစ္စကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ တိုင်ကြားထားပြီး နောက်ပိုင်း မသင်္ကာမှုဖြင့် ဒေသခံမွတ်ဆလင် (၅)ဦးကို စစ်တွေမြို့ အမှတ် (၁) ရဲစခန်းတွင် ခေါ်ယူစစ်ဆေးခဲ့ကြောင်း သူက ပြောသည်။

''အဲဒီအမှုနဲ့ပတ်သက်ပြီးတော့ မသင်္ကာမှုနဲ့ ဒေသခံမွတ်ဆလင်လူမျိုး ၅ဦးကို အမှတ် (၁) ရဲစခန်းမှာ ခေါ်ယူစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ လူတွေကတော့ စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြပါတယ်''ဟု ပြောသည်။ ယခုလိုလုပ်ရပ်မှာ ယခင်ကတခါမှ မဖြစ်ပွား ခဲ့ဖူးကြောင်းနှင့် ယခု လုပ်ရပ်အပေါ် ဗုဒ္ဓ ဘာသာဝင်များကအထူး ခံပြင်းနေကြောင်း သိရသည်။

ယခုလုပ်ရပ်အပေါ် ဘာသာရေး အဓိကရုဏ်းဖြစ်အောင် အာဏာပိုင်များ ဖန်တီးခြင်းလည်း ဖြစ်နိုင်ကြောင်း အမည်မဖေါ်လိုသူ နိုင်ငံရေး လှုပ်ရှားလာအကဲခတ်သူ တစ်ဦးကပြောသည်။

''အခု စစ်တွေမှာ ဘာသာရေး အဓိကရုဏ်းတွေ ဖန်တီးနိုင်လာတဲ့ အခြေအနေရှိတယ်။ သတိထားရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ သရက်ဦး ဘုန်းတော်ကြီးကျောင်းက ဘုရားကြီးကို မဖွယ်မရာလုပ်ထားတာတွေ အာဏာပိုင်တွေလည်း ဖြစ်နိုင်တယ်။ တိုင်းပြည်မှာ ရှုပ်ထွေးနေတဲ့ နိုင်ငံရေးပြဿနာတွေ ပေါ်ပေါက်နေတဲ့အတွက် ဘာသာရေး အဓိကရုဏ်းမဖန်တီးနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး''ဟု သူက ပြောသည်။

ယခု လုပ်ရပ်မှာ အနီးအနားမှ မွတ်ဆလင်များက ပြုလုပ်သည်ဟု သတင်းထွက်နေပြီး ဒေသခံ ရခိုင် ဗုဒ္ဓဘာသာဝင်များက အထူး မကျေမနပ် ဖြစ်နေကြောင်း သတင်း ရရှိသည်။

မြန်မာ အမြောက်တပ် ဘင်္ဂလာ ငါးဖမ်းစက်လှေကို ပြန်ပေးဆွဲပြီး ကျပ် ၂၅ သိန်းနှင့် ပြန်လွှတ်ပေး

၂၈–၁၀–၂၀၁၁

ရခိုင်ကမ်းလွန်ပြင် မေယုမီးပြတွင် တာဝန်ကျနေသော အမြောက်တပ် ကင်းစခန်းမှ ဘင်္ဂလာဒေချ့်ငါးဖမ်း စက်လှေတစီးကို ပြန်ပေးဆွဲပြီး ကျပ်သိန်း ၂၅ယူကာပြန်လည် လွှတ်ပေးလိုက်သည်ဟု သတင်းရရှိသည်။

ဆင်မဖြူကျွန်းတွင်စီးပွားရေး လုပ်ကိုင်နေသူကိုမောင်သန်းမှ နီရဋ္ဌရာသို့ယခုလို ပြောသည်။

''သူတို့ တောင်းတာက ကျပ်သိန်း ၃၀ တောင်းပါတယ်။ ငါးဖမ်း စက်လှေပေါ်မှာ ပါသွားတဲ့ မိုဘိုင်းဖုံးနဲ့ ဆက်သွယ်ပြီး တောင်းတာပါ။ ပိုင်ရှင်က ကျပ်၂၅ သိန်းပေးပြီးငါးဖမ်းလှေကို ပြန်ရွေးခဲ့ရပါ တယ်''ဟု ပြောသည်။

စစ်တွေမြို့အနောက်ဘက်ရှိ မေယုမီးပြ တွင် တာဝန်ကျနေသော အမြောက်တပ်မှ အဖွဲ့တစ်ဖွဲ့သည်ဘင်္ဂလာဒေချ့် ရေပြင်ပိုင် နက်အတွင်းသို့ အောက်တိုဘာလ ၂၅ ရက်နေ့ညဥ့်အချိန်တွင် စက်ဘုတ် တစီးဖြင့်ရုတ်တရက် ဝင်ရောက်လာပြီး အုန်းကျွန်းအနီးရှိ မော်လဗီကျောက် ပင်လယ်ပြင်တွင်ငါးဖမ်းနေသော ဘင်္ဂလာ ဒေချ့်မှ ငါးဖမ်းစက်လှေတစီးကို ပြန်ပေး ဆွဲ ခေါ်ဆောင်သွားခဲ့သည်။

''အဲဒီ ငါးဖမ်းဘုတ်ပိုင်ရှင်က ဆူလတန် မာဇီးဖြစ်ပါတယ်။သူက ရှင်မဖြူကျွန်း ကပါ။ ပထမသိန်း ၃၀တောင်းတော့ ဘင်္ဂလာ တာကာ(၃)သိန်းပို့ပါတယ်။ အမြောက်တပ်က ပြောတာကဘင်္ဂလာ တာကာမလိုချင်ဘူး။ ကျပ်ဘဲလိုချင်တယ် လို့ပြောတဲ့အတွက် မောင်တောက ငွေလဲပြီးအချိုရည်ဗူးတွေ၊ သောက်ရေ သန့်ဗူးတွေနဲ့အတူ အောက်တိုဘာလ ၂၆ရက်နေ့မှာ မေယုမီးပြကိုသွားပြီး စက်လှေကို ရွေးယူခဲ့ရပါတယ်''ဟု သူက ဆက်ပြောသည်။

ယခုကဲ့သို့ မြန်မာအမြောက်တပ်မှ ဘင်္ဂလာ ငါးဖမ်းစက်လှေကို ပြန်ပေးဆွဲပြီး ငွေ ၂၅သိန်းတောင်းယူသွားသည့် အပေါ် ဆင်မဖြူကျွန်းမှတခြား ဒေသခံများက လည်းနီရဋ္ဌရာသို့အတည်ပြု ပြောကြား သည်။

သို့သော်လည်း မြန်မာ့ အမြောက်တပ်နှင့် ဆက်သွယ်ရန်ခက်ခဲသဖြင့် အဆိုပါ သတင်း ဟုတ်မဟုတ်ကို အတည်ပြုရန် မေးမြန်းနိုင်ခြင်းမရှိပါ။

မြန်မာအမြောက်တပ်သာမက နယ်စပ် တွင်တပ်စွဲထားသောနစက တပ်ဖွဲ့ဝင်များ အနေဖြင့်သူတို့တွင် ငွေအသုံး လိုလာ တိုင်းယခုကဲ့သို့ဘင်္ဂလာဒေချ့် ငါးဖမ်းစက် လှေများကိုပြန်ပေးဆွဲ ခေါ်ဆောင်သွားကာ ငွေတောင်းခံလေ့ရှိကြောင်း နယ်စပ်နေ ပြည်သူများက ပြောသည်။

ရခိုင်ပြည်တွင် မီးလောင်ကျွမ်းမှုများ မှအဆက်

တွေကို လောင်သွားတာဖြစ်ပါတယ်။ စုစုပေါင်းခန့်မှန်းခြေ သိန်းထောင်ချီပြီး ဆုံးရှုံးသွားပါတယ်''ဟု မြို့ခံတစ်ဦးက ပြောသည်။

''မီးသတ်ကားတစ်စီးဘဲ ရောက်ပါတယ်။ ၁၅ မိနစ်ဘဲ သတ်နိုင်ပါတယ်။ ဒေသခံ ပြည်သူတွေက ကိုယ့်အား ကိုယ်ကိုးပြီး မီးကို ငြိမ်းသတ်ခဲ့ရပါတယ်။ နောက်ထပ် မီးသတ်ကားနှစ်စီးကမင်းပြားကို ရောက် နေတဲ့အတွက် တစ်စီးဘဲ မီးလာသတ် ဖြစ်ပါတယ်''ဟု သူကဆက်ပြောသည်။

မောင်တောမြို့နယ် တမန်းသားကျေးရွာ တွင်လည်း နိုဝင်ဘာလ ၁၈ ရက်နေ့က မီးလောင်ခဲ့သည့်အတွက် အိမ်လေးလုံး မီးထဲကို ပါသွားခဲ့သည်။

မြေပုံမြို့နယ် စိတ္တရကျေးရွာကြီးတွင် ယခုလ ၁၉ရက်နေ့က မီးလောင်မှုတခု ဖြစ်ပွါးခဲ့ရာအိမ်ခြေ ၁၄၆ဆောင် မီးထဲ ပါသွားကြောင်းသိရှိရသည်။

နောက်ဆုံးသတင်းရရှိချက်အရနိုဝင်ဘာလ ၂၀ ရက်နေ့က ကျောက်ဖြူမြို့တွင် မီး လောင်မှု တခုဖြစ်ပွါးခဲ့သည်။ အဆိုပါ မီးလောင်မှုမှာ လဖက်ရည်တဆိုင်မှ စလောင် ကျွမ်းခြင်းဖြစ်ပြီး အနီးအနားရှိ ဒေသခံများ အချိန်မှီမီးငြိမ်းနိုင်လိုက်သည် ဟုကျောက်ဖြူဒေသခံများကပြောသည်။

ထိုင်းစက်ရုံ တစ်ခုမှ ရခိုင်အမျိုးသမီး ၃၁ ဦး အလုပ်ထုတ်ခံရ

၂၅–၁၁–၂၀၁၁

(မောင်ရမ္မာ)

ထိုင်းနိုင်ငံမဲဆောက်မြို့၊ မယ်ပရပ်ကွက် တွင်တည်ရှိသော အရုပ်ထုတ်လုပ်သော စက်ရုံမှရခိုင်အမျိုးသမီး ၃၁ဦးကို နိုဝင်ဘာလ၂၅ရက်နေ့ကအလုပ်မှ ထုတ်ပယ် လိုက်သည်။

''ကျွန်မတို့ကို ဒီနေ့နိုဝင်ဘာ ၂၅ရက်နေ့ နေ့လည် ၂နာရီမှာ အစည်းအဝေး ခေါ် ပါတယ်။ မန်နေဂျာကငါတို့စက်ရုံမှာ အလုပ်မရှိတော့ဘူး၊ မနက်ဖန်ကပင်စပြီး အလုပ်ဆင်းစရာမလိုတော့ဘူး။ လုပ်အား ခကို ဒီဇင်ဘာလ ၄ ရက်နေ့မဟုတ်ရင် ၆ ရက်နေ့ထုတ်ပေးမယ်။ဒီကြားထဲ စက်ရုံမှာ နေလို့ရသေးတယ်။ ထမင်းကျွေးထား မယ်။ လစာရတာနဲ့ စက်ရုံမှာနေလို့ မရ တော့ဘူးဆိုပြီးပြောပါတယ်''ဟု အလုပ် ထုတ်ခံရသူ ရခိုင်အမျိုးသမီးငယ် တဦးက နီရဋ္ဌရာသို့ပြောသည်။

ကြိုတင်အသိပေးခြင်းမရှိဘဲ ချက်ချင်း အစည်းအဝေးခေါ်ယူပြီးထုတ်ပယ် ခြင်း သည် တရားနည်းလမ်းမကျသည့်အပြင် အလုပ်သမားများ၏ အခွင့်အရေးကိုပါ ချိုးဖေါက်ရာရောက်သည်ဟု သူမက ဆက်ပြောသည်။

''သူတို့ကအလုပ်သမားတွေကို လိုတုန်း ကတော့ခေါ်တယ်၊မလိုချင်တော့ မောင်း ထုတ်တာမတရားဘူးပေါ့၊အလုပ် သမား တွေကိုနားခိုင်းတယ်ဆိုရင် အကုန်လုံး ကိုနားခိုင်းပေါ့၊ အကြောင်းပြချက် တစုံ တရာမရှိဘဲဘာကြောင့်ထုတ် ရတာလဲ၊ အခုလိုအလုပ်က ထုတ်ပယ်ခံရသူတွေ အနေနဲ့လစာထုတ်ပေးပြီးရင် ဘယ်မှာ သွားနေရမှာလဲ၊ ဘယ်မှာသွားလုပ်ရမှာ လဲ၊ အိမ်ကိုပြန်ဖို့လမ်းစရိတ်လည်း မရှိ တော့ဘူး၊ အားလုံးဒုက္ခရောက်ကြရမှာ ဖြစ်ပါတယ်။''

အဆိုပါစက်ရုံမှ အလုပ်ထုတ်ခံရသူ အမျိုး သမီးများမှာ အလုပ်သမားလက်မှတ် ရှိသူများဖြစ်ကြပြီးအလုပ်သမား လက် မှတ်ရရှိရေးအတွက်လူတဦးလျှင် ဘတ်ငွေ ၃၀၀၀စီ ပေးသွင်းခဲ့ရသည်ဟု သိရသည်။

အလုပ်ထုတ်ခံရသူ စုစုပေါင်း ၇၀အထဲ တွင်ရခိုင်အမျိုးသမီး၃၁ ဦးပါဝင်ကြောင်း နှင့်၎င်းစက်ရုံတွင်မြန်မာနိုင်ငံမှလာရောက် အလုပ်လုပ်ကိုင်နေသူအမျိုးသမီး စုစု ပေါင်း၄၀၀ကျော်ရှိကြောင်း၊ ထိုအထဲတွင် ရခိုင်အမျိုးသမီး ၉၀ကျော်ရှိသည်ဟု သူမကပြောသည်။ ယခုကဲ့သို့ မထင် မှတ်ဘဲ အလုပ်မှထုတ် ပယ်ခံရသဖြင့် ကျန်သူများမှာလည်း အလုပ်အထုတ်ခံရ မည်ကို အထူးစိုးရိမ်နေကြသည်ဟု သိရသည်။ထိုင်းအစိုးရမှ မဲဆောက်မြို့ တွင် အလုပ်လုပ်ကိုင်နေသောမြန်မာ အလုပ်သမားတဦး၏လုပ်အားခကို တနေ့ လျှင်ပျမ်းမျှဘတ်ငွေ (၁၆၂) ဘတ်တရား ဝင်သတ်မှတ်ထားသော်လည်း အဆိုပါ အရုပ်ထုတ်လုပ်သော စက်ရုံများတွင် လုပ်အားခ တနေ့ကိုဘတ်ငွေ(၈၀)သာ ရရှိ သည်ဟု သိရသည်။

အာရ်ကန်ပို့စ်ဂျာနယ်အား
ပြည်သူများလက်ထဲသို့
ထပ်ဆင့်ဖြန့်ဝေပေးခြင်းဖြင့်
ကူညီကြပါ။

အပြောင်းအလဲ ဖြစ်နေတာ မဟုတ်ဘူး

(ဦးအေးသာအောင်နဲ့ အင်တာဗျူး)

၁၇-၁၀-၂၀၁၁

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံမှာ တတိယအမတ်အများ ဆုံးအနိုင်ရခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုခေါင်းဆောင်တွေရဲ့ မျက်နှာစုံညီအစည်းအဝေးနဲ့ ၂၃နှစ်မြောက် နှစ်ပတ်လည်နေ့တွေကို အောက်တိုဘာလ ၁၀ ရက်နေ့ကနေပြီး ၁၂ ရက်နေ့အထိ ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။

အောက်တိုဘာလ ၁၀ရက်နေ့နဲ့ ၁၁ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပါတီဗဟိုခေါင်းဆောင်တွေရဲ့ မျက်နှာစုံညီအစည်းအဝေးကို ပါတီခေါင်းဆောင်တွေ၊ ရခိုင်ပြည်နယ်က ALD မြို့နယ်ဥက္ကဋ္ဌတွေ၊ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးအပြီးမှာ နီရဥ္စရာက အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်ကို တယ်လီဖုန်းကတဆင့် ပါတီရဲ့ပေါ်လစီ၊ ရပ်တည်ရေးပိုင်းနဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မေးမြန်းခွင့်ရခဲ့ပါတယ်။ ဦးအေးသာအောင်ကို ပါတီနောက်ဆုံး လှုပ်ရှားဆောင်ရွက်မှု အခြေအနေတွေကို စမေးမြန်းတဲ့အခါ သူကအခုလို ပြောပါတယ်။

ဦးအေးသာအောင်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ ဒီနှစ်မှာတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က နှစ်ပတ်လည်နေ့ကို ကျင်းပတာက အောက်တိုဘာ ၁၂ ရက်နေ့ကဖြစ်ပါတယ်။ အောက်တိုလဘာ ၁၀ရက်နဲ့ ၁၁ ရက်နေ့မှာတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က CEC နောက်ပြီး ရခိုင်ပြည်နယ်က မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေရယ်။ ပြီးတော့ ၁၉၉၀ ပြည့်ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ်တွေ တက်ရောက်ပြီး လက်ရှိ နိုင်ငံရေး အခြေအနေကို ဆွေးနွေးသုံးသပ်ကြပါတယ်။ အဓိကသုံးသပ်တာက သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲကိုအခြေခံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ ကောင်းတာတွေ ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဆွေးနွေးပွဲမှာ နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာဖို့၊ ၉၀ ရွေးကောက်ပွဲ ရလာဒ်ကိုလည်း တစုံတရာအသိမှတ်ပြုဖို့၊ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်သွားဖို့စတဲ့ အခြေအနေတွေကိုကြားရတဲ့အတွက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ရှေ့ကို သွားဖို့ မျှော်မှန်းချက်ရပ်တည်ချက်တွေကို အဓိကထားပြီး ဆွေးနွေးကြပါတယ်။

နီရဥ္စရာ။ အခု လက်ရှိအနေအထားမှာ ALD ကိုလည်း အစိုးရကဖျက်သိမ်းထားပါတယ်။ တကယ်လို့ လက်ရှိနိုင်ငံရေး အခင်းအကျင်းမှာပါဝင်မယ်ဆိုရင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံကိုအခြေခံပြီးတရားဝင် ရပ်တည်လှုပ်ရှားဖို့အတွက် ပါတီမှတ်ပုံတင်ရမယ်။ အဲဒီတော့ ALD အနေနဲ့ နောက်ထပ်ပါတီတရပ်အနေ ရပ်တည်ဖို့ မှတ်ပုံတင်ဖို့အစီအစဉ်ရှိပါသလား။

ဦးအေးသာအောင်။ အဓိကတော့ ၉၀ရွေးကောက်ပွဲမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က တတိယအများဆုံး အနိုင်ရထားပေမဲ့ ဖျက်သိမ်းခံထားရတဲ့ ပါတီတရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ရခိုင်ပြည်သူတွေက ပေးထားတဲ့ တာဝန်ကို ဆက်လက်ထမ်းဆောင်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့အညီ အခုအခြေအနေမှာတောင် မဟုတ်ဘူး။ အရင်ကအခြေအနေမှာလည်း တာဝန်ဝတ္တရားတွေကို မပျက်မကွက်ဆောင်ရွက်လာတာ ဖြစ်တယ်။ ရှေ့ကိုလည်းလိုအပ်ရင် လိုအပ်သလိုမပျက်မကွက်ဆောင်ရွက်သွားမဲ့ အစီအစဉ်တွေရှိပါတယ်။

နီရဥ္စရာ။ အခုလက်ရှိ အနေအထားမှာ ဦးသိန်းစိန်အစိုးရနဲ့ ALD ဆွေးနွေးဖို့ အစီအစဉ်ရှိပါလား။

ဦးအေးသာအောင်။ ALD နဲ့ဦးသိန်းစိန်အစိုးရနဲ့ဆွေးနွေးဖို့တော့မရှိဘူး။ ဒါပေမဲ့ CRPP ဆိုတာက ALD အပါအဝင် တခြားပါတီတွေနဲ့ပါ ပူးပေါင်းဖွဲ့စည်းထားတဲ့အတွက် ဆွေးနွေးပွဲဖြစ်လာလို့ ရှိရင်လည်း ဒီဆွေးနွေးပွဲနဲ့ပတ်သတ်ပြီး CRPP ကသာ တဆင့်အားလုံးပူးပေါင်း ဆွေးနွေးသွားမဲ့အစီအစဉ် ရှိပါတယ်။

နီရဥ္စရာ။ အခု သတင်းထွက်လာတာ ကျွန်တော်တို့ ကြားရသိရသလောက်ပေါ့လေ။ ALD အနေနဲ့ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံကို နည်းနည်းပြင်ပေးမယ်ဆိုရင် ပါတီအနေနဲ့မှတ်ပုံတင်ပြီးနောက်လာမဲ့ ရွေးကောက်ပွဲမှာဝင်ရောက် ယှဉ်ပြိုင်မယ်လို့ကြားရတယ်။ ဒါကမှန်ပါသလား။

ဦးအေးသာအောင်။ ရွေးကောက်ပွဲထက် အဓိကတော့ပြောင်းလဲ တိုးတက်လာတဲ့အခြေအနေ အပေါ်မှာမူတည်ပြီး မှတ်ပုံတင်သင့်ရင်လည်းတင်ဖို့တော့ သဘောထားရှိပါတယ်။

နီရဥ္စရာ။ ၁၉၉၀ခု ရွေးကောက်ပွဲမှာ ALDကို ရခိုင်ပြည်သူတွေက တခဲနက်ထောက်ခံအားပေးခဲ့တယ်။ လူထုထောက်ခံမှုက အဲသလိုအဆင့်မျိုးရှိနေတုန်းဘဲလား။ ၁၉၉၀ ခု ရွေးကောက်ပွဲ ပီးတဲ့ နောက်ပိုင်းမှာ လူထုနဲ့ ထောက်ခံ ပါဝင်မှုအားကဘယ်အတိုင်းအတာထိ ရှိသေးသလဲဆိုတာနည်းနည်း ရှင်းပြပေးစေချင်ပါတယ်။

ဦးအေးသာအောင်။ အဓိကတော့ ALD နိုင်ငံရေးလှုပ်ရှားမှုတွေကို ရန်ကုန်ကို ဗဟိုပြုပြီးလုပ်ရပါတယ်။ ဖမ်းဆီးမှုတွေ ဟန့်တားမှုတွေ အများကြီးရှိတဲ့ အကြားကတိုင်းပြည်အတွက် ပြည်သူတွေတဲ့ ပူးပေါင်းပြီး လှုပ်ရှားခဲ့တာတွေ အများကြီးရှိပါတယ်။ လှုပ်ရှားမှုတိုင်းမှာ လူထုပါဝင်မှုက အားနည်းနေပါတယ်။ ဒါပေမယ့် ရှေ့ဆက်ပြီးတော့ ပြည်သူလူထုတွေနဲ့ပါ လက်တွဲပြီးစည်းရုံးရေးလုပ်ငန်းတွေကို လုပ်ဆောင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။

နီရဥ္စရာ။ ဒီကနေ့ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံရေး အခင်းအကျင်းကိုကောဘယ်လိုမြင်ပါသလဲ။ ပြောပြပေးပါ။

ဦးအေးသာအောင်။ ဒီနေ့ နိုင်ငံရေးအခြေအနေကို သုံးသပ်ရရင် ကျွန်တော့်အနေနဲ့ အပြောင်းအလဲဖြစ်နေပြီလို့တော့မမြင်ပါ။ ဒါပေမဲ့ နိုင်ငံရေးအလှည့် အကွေ့တခုကို ရောက်နေတယ်လို့သာ ပြောချင်ပါတယ်။ အဲဒီ အလှည့်အကွေ့ဟာ မှန်မှန်ကန်ကန် လှည့်ဖို့၊ ကွေ့ဖို့တော့လိုပါတယ်။ အဲဒီ အလှည့်အကွေ့ဟာ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည့်မှာသာ တာဝန်ရှိတာ မဟုတ်ဘဲ ALD, NLD အပါအဝင် နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေမှာလည်း တာဝန်ရှိသလို တိုင်းရင်းသားပြည်သူအားလုံးမှာလည်း တာဝန်ရှိပါတယ်။ ဒါကြောင့် ဦးသိန်းစိန်နဲ့ဒေါ်အောင်ဆန်းစုကြည့်တို့ ဆွေးနွေးလို့ အပေးအယူ လုပ်လို့တိုးတက်လာတဲ့အပေါ်မှာ အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ လိုမယ်လို့ ထင်ပါတယ်။ ALD အနေနဲ့လည်း ရခိုင်ပြည်သူတွေအကျိုး တိုင်းပြည်အကျိုး အတွက်ဆိုရင်မည်သည့်ပါတီမည်သည့် အဖွဲ့မည်သည့် ပုဂ္ဂိုလ်နဲ့ မဆိုအားလုံးနဲ့ ပူးပေါင်းဆောင်ရွက် သွားမယ့် သဘောထားရှိပါတယ်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍

သမ္မတအိုဘားမား၏

မိန့်ခွန်း

အားလုံး မင်္ဂလာနေ့လယ်ခင်းပါ။ ကျွန်တော့်အစိုးရသက်တမ်းတစ်လျှောက်နဲ့ ဒီခရီးစဉ်တစ်လျှောက် လုံးမှာ အာရှ-ပစိဖိတ်ဒေသအပေါ် အမေရိကရဲ့ ယုံကြည်ချက်ကို အလေးအနက်ထား စဉ်းစားခဲ့ပါတယ်။ ဒါ့အပြင် ဒီဒေသအတွင်း လူ့အခွင့်အရေးကိစ္စတွေရဲ့ အနာဂတ်ကိုရော အမေရိကန်ရဲ့ ယုံကြည်ရပ်တည်မှုအပေါ်ကိုပါ ကျွန်တော် အလေးအနက်ထားစဉ်းစားခဲ့ပါတယ်။ ကနေ့မှာတော့ကျွန်တော်ဟာ အဲဒီ့မျက်နှာစာနှစ်ဖက်စလုံးမှာ ရှေ့ကိုတိုးတက်စေဖို့ ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှု တွေထဲကအရေးပါတဲ့ခြေလှမ်းတစ်ရပ်ကို ကြေညာပါတော့မယ်။

ဆယ်စုနှစ်ပေါင်းများစွာကြာအောင်ပဲ အမေရိကန်တွေဟာ မြန်မာပြည်သူတွေအတွက်အခြေခံလူ့အခွင့်အရေး ကိစ္စတွေ ငြင်းပယ်ထားတာအပေါ် နက်ရှိုင်းစွာပူပန်ခဲ့ပါတယ်။ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးသမားတွေကို ဖိနှိပ်ထားမှု၊ လူနည်းစု တိုင်းရင်းသားမျိုးနွယ်တွေအပေါ် ဦးတည်ပြသခဲ့တဲ့ရက် စက်မှုနဲ့ စစ်ခေါင်းဆောင် အနည်းငယ်ရဲ့ လက်ထဲမှာပဲ အာဏာကိုဆုပ်ကိုင်ထားမှုတွေဟာ (မြန်မာနိုင်ငံအပေါ်) ကျွန်တော်တို့ရဲ့ စဉ်းစားပုံကို စိန်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံကို ကမ္ဘာနဲ့ အမေရိကရဲ့ (အဝေးမှာ)အထီးကျန်စေခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ဟာ အမြဲပဲမြန်မာပြည်သူတွေအပေါ် လေးစားမှုထားရှိခဲ့ပါတယ်။ ပြီးတော့သူတို့ တိုင်းပြည်ရဲ့အနာဂတ်ကိုပါလေးစားမှုထားခဲ့ပါတယ်။ (ဒီတိုင်းပြည်က) အရှေ့နဲ့ အနောက် ဆုံစည်းရာမှာ တည်ရှိတဲ့ကြွယ်ဝတဲ့သမိုင်းနဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ပြည်သူလူထုကလည်း တည်ငြိမ်တဲ့ဂုဏ်သိက္ခာနဲ့ထူးခြားပြီး အလားအလာကောင်းတွေရှိတဲ့ ပြည်သူတစ်ရပ်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာအောင်ကိုပဲ မြန်မာပြည်သူတွေရဲ့ ဖိနှိပ်ခံရမှုနဲ့ ကတိစကားကို အောင်ဆန်းစုကြည်ဆိုတဲ့(နာမည်နဲ့) သင်္ကေတပြုခဲ့ကြတယ်။ (ခေတ်သစ်) မြန်မာနိုင်ငံကို တည်ထောင်သူရဲ့ သမီးရင်းတစ်ဦးအနေနဲ့၊ သူမ ပြည်သူတွေအတွက် ခွန်အားကြီးမားစွာရပ်တည်ခဲ့သူတစ်ဦးအနေနဲ့ သူမဟာ အခြားသောဖိနှိပ်ခံရတဲ့ မြန်မာလူမျိုးများလိုပဲ နေအိမ်အကျယ်ချုပ်နဲ့ ထောင်ဒဏ်တွေကို ကြံ့ကြံ့ခံခဲ့ရတယ်။

ဒါပေမဲ့ မှောင်အတိနှစ်များစွာပြီးတဲ့နောက်မှာတော့ ဟောဒီရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ဟာ တိုးတက်မှုအရိပ်အယောင်တွေကိုမြင်ခဲ့ရပါတယ်။ သမ္မတဦးသိန်းစိန်နဲ့ မြန်မာလွှတ်တော် ကိုယ်စားလှယ်တွေဟာ ပြုပြင်ပြောင်းလဲရေးကို ဦးတည်တဲ့လမ်းကြောင်းမှာ အရေးပါတဲ့ခြေလှမ်းတွေ စတင်ခဲ့ပါတယ်။ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား တွေ့ဆုံဆွေးနွေးမှုဖြစ်ခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားအချို့ကို အစိုးရက လွှတ်ပေးခဲ့တယ်။ ပြီးတော့ ဥပဒေပြုရေးကဏ္ဍကလည်း နိုင်ငံရေးပတ်ဝန်းကျင်ကိုပွင့်လင်းဖို့ အတည်ပြုပေးခဲ့တယ်။ ဒါ့ကြောင့် ဒါတွေအားလုံးကိုခြုံကြည့်ရင် ဒါတွေဟာနှစ်များစွာအတွင်း ကျွန်တော်တို့ မြင်ခဲ့ရတဲ့ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးဆီ ဦးတည်တဲ့ အရေးကြီးဆုံးခြေလှမ်းတွေ ဖြစ်ပါတော့တယ်။

တကယ်တမ်းတော့ လုပ်စရာတွေ အများကြီးရှိပါသေးတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့ပိတ်ထားတဲ့ နိုင်ငံရေးစနစ်၊ ၄င်းရဲ့လူနည်းစု(တိုင်းရင်းသား)တွေအပေါ် ဆက်ဆံပုံနဲ့နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားတာတွေ၊ ၄င်းရဲ့ မြောက်ကိုရီးယားနဲ့ဆက်ဆံရေးတွေအပေါ် စိုးရိမ်ပူပန်ဆဲရှိနေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ တိုးတက်မှုအတွက် သမိုင်းဝင်အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်တဲ့ အရာကို ဆုပ်ကိုင်ချင်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရက်စီပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ် ဆက်လက်လျှောက်သွားမယ်ဆိုရင် ဒီတိုင်းပြည်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးအသစ်တစ်ရပ် ပုံသွင်းနိုင်မယ်ဆိုတာလည်း ရှင်းလင်းစွာဖော်ပြချင်ပါတယ်။

မနေ့ညက ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်စကားပြောခဲ့ပြီး သူမကလည်း ဒီဖြစ်စဉ် ရှေ့ဆက်တိုးတက်ရေးအတွက် အမေရိကန်ရဲ့ ထိတွေ့ဆက်ဆံမှုကိုထောက်ခံကြောင်း အတည်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့မှာကျွန်တော်ဟာ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံ သွားရောက်ဖို့ ပြောခဲ့ပါတယ်။ သူမဟာ ရာစုနှစ်တစ်ဝက်ခန့်ကာလအတွင်း ဒီတိုင်းပြည်ကို သွားရောက်တဲ့ ပထမဆုံး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာပါလိမ့်မယ်။ သူမဟာ အမေရိကန်ပြည်ထောင်စုက မြန်မာပြည်မှာ အပြုသဘောဆောင်တဲ့ အပြောင်းအလဲကာလတစ်ရပ်ဖြစ်ဖို့လုပ်နိုင်၊ မလုပ်နိုင်ဆိုတာကို နည်းလမ်းရှာဖွေပြီး ကျွန်တော်တို့နှစ်နိုင်ငံအကြား စာမျက်နှာသစ် စတင်ဖွင့်လှစ်ပါလိမ့်မယ်။

အဲဒီဖြစ်နိုင်ခြေဟာ မြန်မာအစိုးရက ပိုပြီးလက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေလုပ်တဲ့အပေါ် မူတည်ပါလိမ့်မယ်။ တကယ်လို့ မြန်မာပြည်ဟာ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဆက်လျှောက်ဖို့ ပျက်ကွက်ခဲ့ရင် ပိတ်ဆို့မှုတွေနဲ့ အထီးကျန်မှုတွေကို ဆက်လက်ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာပြည်ဟာ ဒီအချိန်မှာ (အပြောင်းအလဲကို) ဖမ်းဆုပ်နိုင်ရန် အဲဒီနောက်မှာ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို အားကောင်းစေနိုင်ပြီး ပြည်သူသန်းပေါင်းများစွာဟာလည်း ဂုဏ်သိက္ခာရှိမှု၊ ကြွယ်ဝမှုနဲ့ လွတ်လပ်မှုတွေကို ပိုမိုကြီးမားတဲ့ အတိုင်းအတာနဲ့ ရရှိပြီး၊ ရှင်သန်နေထိုင်ဖို့ အခွင့်အရေးရရှိပါလိမ့်မယ်။ ဒါကြောင့် ဒီဖြစ်နိုင်ခြေဟာ မသိကျိုးကျွံပြုလို့ မရအောင် သိပ်အရေးပါလှပါတယ်။

ဒီနေ့ညနေပိုင်းမှာတော့ ကျွန်တော်ဟာ သမ္မတဦးသိန်းစိန်အပါအဝင် အာဆီယံနဲ့ အမေရိကန်ရဲ့ တွေ့ဆုံမှုမှာ ဒီသတင်းစကားတွေကို ထပ်မံပြောကြားသွားပါဦးမယ်။ ဒီအတောအတွင်း မစ္စဟီလာရီကလင်တန်ဟာ နေပြည်တော်နဲ့ ရန်ကုန်ကိုခရီးထွက်ရင် သူမဟာလည်းဒီသတင်းစကားကို ဒေါ်အောင်ဆန်းစုကြည်လို ဒီမိုကရေစီ လှုပ်ရှားသူတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ (မြန်မာ) အစိုးရကိုပါ ပေးအပ်ဖို့အခွင့်အရေးရရှိမှာ ဖြစ်ပါတယ်။

ထပ်ပြောချင်တာကတော့ မြန်မာပြည်သူတွေနဲ့ ထိုက်တန်တဲ့ ပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ အသစ် တစ်ဖန်ပြန်လည်စတင်ရေး အနာဂတ်ကိုရရှိဖို့ ဆက်လက်လုပ်ဆောင်စရာတွေရှိနေပါသေးတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံတွင်း အပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုများကို တုံ့ပြန်သောအားဖြင့် ဒီခြေလှမ်းကိုစတင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ပြီးတော့ အားလုံးလွှမ်းခြုံ နိုင်တဲ့ ယူနီဗာဆယ်တန်ဖိုးတွေနဲ့ သတ္တိရှိတဲ့ပြည်သူတစ်ရပ်၊ တစ်မူထူးခြားတဲ့တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်အတွက် အမေရိကန်ရဲ့ ယုံကြည်ခံယူချက်ကို ရှင်းလင်းစွာသရုပ်ဖော်ဖို့ ကျွန်တော်ဆုံးဖြတ် ချက်ချခဲ့ပါတယ်။

ကျေးဇူးအများကြီးတင်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ယနေ့ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်က ပြောကြားခဲ့သော အမေရိကန် သမ္မတ၏ မိန့်ခွန်းကို ရီပေ News International Desk မှ ဘာသာပြန်ဆိုသည်။

(By 7Day News Journal on Friday, November 18, 2011 at 5:54pm)

တရား ဥပဒေ၏ အထက်တွင် မည်သူမှ မရှိစေရ

ဆောင်းပါးရှင် – စွဝံကြယ် (ပြည်တွင်းမှ တပ်မတော် အရာရှိ တစ်ဦး)

ယခု နအဖမှ ဗိုလ်သူရရွှေမန်း၏ နားထောင်၍ကောင်းသော မိန့်မြွက်ချက်တစ်ခုပါ။ မည်သူမျှ ဆိုသည်က အဘယ်သူတို့ကို ရည်ညွှန်းပါသနည်း။

ပိုမို၍ ရှင်းလင်းစေရန်မိန့်ခွန်းရှင်ဗိုလ်သူရရွှေမန်း၏သား (အငယ်)စစ်တက္ကသိုလ်၊ဗိုလ်သင်တန်းအပါတ်စဉ် (၄၁) ဆင်း၊ ဗိုလ်တိုးနိုင်မန်း၏ လုပ်ရပ်ကို ကြည့်ကြပါ။

၂၀၀၀ခုနှစ် DSAကျောင်းဆင်းဗိုလ်တိုးနိုင်မန်းသည်၄င်းနှင့်အပါတ်စဉ်တူ ဗိုလ်အောင်စောလှိုင်နှင့် စစ်တက္ကသိုလ်၌ အလွန်ခင်မင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်ခဲ့ကြပါသည်။

မကွေးတိုင်း၊ ဆီမီးခုံ (ဇာတိ) ဗိုလ်အောင်စောလှိုင်သည် ဗိုလ်တိုးနိုင်မန်း နှင့်အတူ ရန်ကုန်မြို့တွင် ၂၀၀၁ ခုနှစ်များအတွင်း အထူးအခွင့်အရေးရရှိပြီး အလုပ်အကိုင်(ဒြာနလက်ကိုင်) မယ်မယ်ရရမရှိသေးပဲ ပျော်ပါးနေရင်း တစ်ရက်တွင် ဗိုလ်အောင်စောလှိုင်သည် ဘုရင့်နောင်ဈေး၊ ခရေပွဲရုံလမ်းနေ သူ၏ တနယ်တည်းနေ ချစ်သူ (ဒုတိယ–နှစ်၊ ဥပဒေကျောင်းသူ)ထံသို့ ဗိုလ်တိုးနိုင်မန်းကို အဖော်အဖြစ်ခေါ်ဆောင်သွားရင်း မိတ်ဆက်ပေးမိခဲ့သည်။

ဤသို့ မိတ်ဆက်ပေးပြီး နောက်ပိုင်းတွင် ဗိုလ်တိုးနိုင်မန်းသည် သူငယ်ချင်းချစ်သူအား သဘောကျပြီး စည်းမထားနိုင်ပဲ နောက်ပိုးရာမှ မိန်းကလေးက အလိုမတူသဖြင့် ဗိုလ်အောင်စောလှိုင်ပြန်သိပြီး အချေအစောင် ဖြစ်ပွားခဲ့ပါသည်။

တိုးတိုးမှ ကျယ်ကျယ်ဖြစ်လာရာ အခြားအရာရှိ သူငယ်ချင်းများမှ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ ကံ့ကော်ရိပ် ဘီယာဆိုင်သို့ခေါ်ပြီး သူငယ်ချင်းနှစ်ဦးကို ညှိနှိုင်းပေး၍ ခေတ္တခဏပြေငြိမ်းသွားခဲ့ပါသည်။ ဗိုလ်တိုးနိုင်မန်းမှ ငမန်းဆိုတာ ဘာကောင်လဲမင်းတို့ သိပါတယ်။ ငမန်းလိုချင်ရင် မရတာမရှိဘူး။ ငမန်း အဖေဘာလဲဆိုတာ မင်းတို့သိပါတယ်ဟု ခြိမ်းခြောက် ပြောဆိုခဲ့ပါသည်။ နောက်တစ်လခန့်ကြာသော် DSA အပတ်စဉ်(၄၁)၊ တပ်စုမှူး သင်တန်းတက်ရောက်ရသည့် ဗထူးတပ်နယ်ရပ်စောက်မြို့တပ်မတော် တိုက်ခိုက်ရေးကျောင်း သင်တန်းတွင် ဗိုလ်တိုးနိုင်မန်းနှင့် နောက်သူငယ်ချင်းဖြစ်သူ ဗိုလ်သီဟသူရ တင်အောင်မြင့်ဦးရဲ့ သားတို့မှ အကွက်ကျစီစဉ်၍ ဗိုလ်စောလှိုင်အား အသေသတ်ဖို့ စီစဉ်ခဲ့ပါသည်။

ဗိုလ်တိုးနိုင်မန်းအနားမှ ဖော်လန်ဖားအရာရှိတစ်ချို့က သူရရွှေမန်း အာဏာနှင့် မသေမချင်း ရှေ့တန်းစစ်မြေပြင်သို့ စေလွှတ်ရန် အကြံပေးသော်လည်း ‘မ’ စိတ်မွန်၍ ရမ္မက်ထန်နေသော ဗိုလ်တိုးနိုင်မန်းမှ သူ့ကောင်မကို ငါပြောထားတယ် ‘နင့်အကောင်ကို ငါကိုယ်တိုင်သတ်ပြမယ်၊ နင့်အကောင်ဟာ ဘယ်တော့မှ ငါ့ရဲ့ ပြိုင်ဘက် မဟုတ်ဘူးဆိုတာ နောင်တရစေရမယ်ဟု’ ကြိမ်းဝါးပြောဆိုခဲ့ပါသည်။

ဗိုလ်တိုးနိုင်မန်း၏ ဒေါသ(ဖခင်အရှိန်အဝါ)ကို ကြောက်၍ ဗိုလ်အောင်စောလှိုင်မှလည်း အတတ်နိုင်ဆုံး လွတ်အောင် ရှောင်နေခဲ့ပါသည်။

တပ်စုမှူးသင်တန်းရောက်စဉ် သင်တန်းသား မည်သူတစ်ဦး တစ်ယောက်မှ ကိုယ်တိုင်ကားမောင်းနှင်ခွင့် မရှိသော်လည်း အဖေ့အရှိန်အဝါကိုမှီကာ ဗိုလ်တိုးနိုင်မန်းနှင့် ဗိုလ်သီဟသူရ တင်အောင်မြင့်ဦး၏သားတို့သည် ISUZU "Double-cub"တစ်ယောက်တစ်စီးနှင့် ညမထွက်ရသောသင်တန်းသား များ၏ ရပ်စောက်မြို့ပေါ်ရှိ အရက်ဆိုင်တကာတွင် သင်တန်းသားဖော်လန်ဖားအရာရှိများနှင့်တရှုန်းရှုန်း ပျော်ပါးနေကြသည်မှာ ရပ်စောက်မြို့ပေါ်တွင်ပျော်ပွဲရွှင် ပွဲများကျင်းပနေသကဲ့သို့ပင်ဖြစ်ပါသည်။တစ်ရက်တွင် ဖော်လံဖားအရာရှိများအကူအညီဖြင့်ဗိုလ်အောင်စောလှိုင်အား တိုးနိုင်မန်းမှအရက်တိုက်မည်ဟုအတင်း အပြင်ကိုခေါ်ထုတ်ကာအရက်အနည်းငယ် သောက်ပြီးချိန်တွင် ဗိုလ်တိုးနိုင်မန်းနှင့် သူငယ်ချင်း အရာရှိတို့သည် ကားပြိုင်မောင်းရန်ယှဉ်ပြိုင်ပြောဆို ကြသည်။

တိုင်ပင်ထားသည့်အလား ဗိုလ်တိုးနိုင်မန်း သူငယ်ချင်း ဗိုလ်တင်အောင်မြင့်ဦးသားက မိမိတစ်ဦးတည်း ကားမောင်း၍ ဗိုလ်တိုးနိုင်မန်းက အဖော်အဖြစ် ဗိုလ်အောင်စောလှိုင်အားသူ့ကားပေါ်လိုက်ခဲ့ပါရန် အတင်းခေါ်ရာ မရိုးသားသောအခြေအနေကိုရိပ်မိသဖြင့် ဗိုလ်အောင်စောလှိုင်သည်ငြင်းဆိုခဲ့သော်လည်းမရသဖြင့်အခြားဗိုလ်တစ်ဦးကိုပါ ထပ်မံခေါ်ယူရန် ပြောဆိုခဲ့သည်။

ဤသို့ဖြင့် တိုးနိုင်မန်းသည် သူ၏"Double cup" နောက်ခန်းတွင် ဗိုလ်အောင်စောလှိုင်နှင့် အခြားသော အရာရှိအဖော်တစ်ဦးအား ထိုင်စေ၍ရှေ့ခန်းတွင် တစ်ဦးတည်းထိုင်ကာ ကားမောင်းပြိုင်ခဲ့ကြသည်။

လူသတ်သမား ဗိုလ်တိုးနိုင်မန်း၏ ဖခင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ရပ်စောက်မြို့ဈေးအနီးရှိ အရက်ဆိုင်မှ စတင်၍ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း ထိပ်ကို ပန်းတိုင်သတ်မှတ်ကာ ယှဉ်ပြိုင်ခဲ့ကြပါသည်။

ရပ်စောက်မြို့ စစ်ဆေးရုံအကျော် လူရှင်းသော နေရာသို့ရောက်လျှင်ဗိုလ်တိုးနိုင်မန်းသည်ကားရပ်၍ အောင်စောလှိုင်အားမိမိကိုယ်ပိုင်သေနတ် (တပ်မတော်မှထုတ်ပေးထားသောသေနတ်မဟုတ်)နှင့်ရင်ဘတ်ကိုတစ်ချက်တည်း အသေပစ်သတ်ခဲ့သည်။

အဖော်ပါလာသောအခြားအရာရှိတစ်ဦးကိုလည်းမျက်မြင်ဖြစ်နေသဖြင့်အကယ်၍နှုတ်မလုံဘဲ ပြဿနာပေါ်ပါကမိမိတို့နှစ်ဦးဒုက္ခဖြစ်နိုင်သည်ဟု ဗိုလ်တိုးနိုင်မန်းအားဗိုလ်သီဟသူရတင်အောင်မြင့်ဦး၏ သားမှပြောဆိုရာဗိုလ်တိုးနိုင်မန်းမှအဖေါ်လိုက်ခဲ့သူ အခြားအရာရှိကိုပါ ထပ်မံပစ်သတ်ခဲ့ပါသည်။

ထို့နောက် လမ်းဘေး(၁၂)ပေခန့် နက်သော ချောက်ကလေးထဲတွင် ကားနှင့်အတူ အက်ဆီးဒင့်ဖြစ်သလိုထားခဲ့ပါသည်။ အခြေအနေမှန်ကို စစ်ဆေးသော အရာရှိ ဆိုသူများမှလည်းကားအက်ဆီးဒင့်ကြောင့် သေရတာပါဟု ဆင်သေကို ဆိတ်သားရေဖုံးသော စာထုတ်ပေးကြရပါသည်။

အရာရှိနှစ်ဦး၏ ဆွေမျိုးမိဘများမှာ မကျေနပ်သော်လည်းမည်သို့မျှမပြောရဲကြပေ။ဤသတင်းအားမည်သူမှ မပြောဆိုရန်ပိတ်ပင်၍ခံဝန်ထိုးကာပြန်လွှတ်ခဲ့ပါသည်။

လူသတ်သမား ဗိုလ်တိုးနိုင်မန်းမှာ ဖခင်အရှိန်အဝါနှင့် မည်သို့မျှ ခေါ်ယူစစ်ဆေးခြင်းပင်မခံခဲ့ရပေ။ ဤအကြောင်းအား မိမိမိသားစုအား ထုတ်ဖော်ပြောဆိုသူ ဗိုလ်ထက်အောင်(DSA–၄၀)မှာ ထိုစဉ်က တပ်မတော်ထောက်လှမ်းရေး အကူ(၁)မှခေါ်ယူ၍ ပြင်းထန်စွာ သတိပေးခြင်းခံခဲ့ရပြီး လုပ်သက်(၂)နှစ်လျော့ ပြစ်ဒဏ်ခံခဲ့ရပါသည်။ အခြားသိရှိသော အရာရှိများမှာလည်း ထိပ်တန်းလျှို့ဝှက် အနေနှင့်နှုတ်ပိတ် နေခဲ့ရပါသည်။

ဗိုလ်သူရရွှေမန်းသည် မိမိသား ‘နှာဘူးလေး’အား နောက်ထပ် အမှားမလုပ်မိစေရန် ဇေကမ္ဘာ ဦးခင်ရွှေအား မင်္ဂလာဒုံ ဥယျာဉ်မြို့တော်သစ် တိုးချဲ့ လုပ်ကိုင်ခွင့်စီမံကိန်းကိုထပ်မံပေး၍ သမီးဖြစ်သူ ဇေဇေလတ်နှင့် ကြောင်းလမ်းခဲ့ပါသည်။မျက်လုံးပြူး(အမြင်ကျယ်)၍ အရှည်ကို မြင်သောဦးခင်ရွှေမှ သဘောတူလက်ခံကာ Sedona Hotel တွင် ခမ်းခမ်းနားနား လက်ထပ်ပေးခဲ့ပြီး ယခုအခါ ရန်ကုန်မြို့တွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လျက် ရှိနေပါသည်။

ထို့ကြောင့် ‘ဥပဒေ၏ အထက်တွင် မည်သူမျှ မရှိစေရ’ ဟုဆိုခဲ့သော ဗိုလ်သူရရွှေမန်းသည် ‘ဥပဒေ’၏ မည်သည့်နေရာမှမိန့်ခွန်းချွေခဲ့ပါသနည်း။

စစ်မှန်သောဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးနှင့် (နအဖ)အာဏာရှင်စနစ် ကျဆုံးရေးအား ရည်သန်၍ အရာရှိတစ်ဦးမှ တင်ပြသည်။

(http://spdcmyanmar.multiply.com/journal/item/25) မှ ကူးယူ ဖော်ပြသည်။

‘‘နိုင်ငံရေး အကျဉ်းသားတွေအားလုံးကို မလွှတ်ပေးဘဲ တိုးတက်လာတယ်လို့ ဘယ်ပြောလို့ ရမှာလဲ’’

ဦးကောဝိဒနှင့် အင်တာဗျူး

၂၈–၁၀–၂၀၁၁

၂၀၀၇ ရန်ကုန် ရွှေဝါရောင် သံဃာ့ အရေးအခင်းကို ဦးဆောင် လှုပ်ရှားတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ထောင် ၄ နှစ်နဲ့နှစ်လ ပြစ်ဒဏ်ချမှတ်ခံခဲ့ရတဲ့ ဆရာတော် ဦးကောဝိဒဟာ အောက်တိုဘာလ ၁၂ ရက်နေ့က သရက်ထောင်မှ လွတ်မြောက်လာခဲ့ပါတယ်။ ဆရာတော် ဦးကောဝိဒဟာ ရခိုင်ပြည်နယ် ပေါက်တောမြို့ ဇာတိဖြစ်ပြီး ရန်ကုန်မြို့ ဒဂုံမြို့သစ်မှာတည်ရှိတဲ့ တက္ကသီလာ မဟာပဓိပဋ္ဌာန် ကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ ပဓါနနယက ဆရာတော်လည်း ဖြစ်ပါတယ်။ ဆရာတော်ဟာ သက်တော် ၅၉နှစ်၊ ဝါတော် ၃၀ကျော်ရှိပြီလို့ သိရပါတယ်။ အဖမ်း မခံရမီ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် သံဃာကောင်စီ ဥက္ကဋ္ဌ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဆရာတော် ဦးကောဝိဒကို ထောင်မှလွှတ်လာပြီး နောက်ပိုင်း နိရဥ္စရာမှဖုံးနဲ့ဆက်သွယ် မေးမြန်းခွင့်ရခဲ့ပါတယ်။ ဆရာတော်မိန့်ကြားတာကိုအောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

မေး။ ။ အရှင်ဘုရား ဘယ်လို ဖမ်းဆီးခံခဲ့ရတယ် ဆိုတာ ပြောပြ ပေးပါ။

ဖြေ။ ။ ဆရာတော်ကို ၂၀၀၇ စက်တင်ဘာလမှာ ဖမ်းတယ်။ အဲဒီတုန်းက ကျောင်းမှာ ဝါဆိုသံဃာ ၇၀ ခန့်ရှိတယ်။ စစ်တပ်၊ ရဲနဲ့ ကြံ့ခိုင်ရေးတွေပါတဲ့ အဖွဲ့က ညနေ ၆ နာရီခန့်မှာ ကျောင်းကိုတခါတည်း ဝင်စီးလိုက်တယ်။ အလုံးအရင်းနဲ့ ဝင်လာတော့ ထွက်ပြေးတဲ့ ကိုယ်ရင်တွေကိုခြောက်ပြီးပစ်တယ်။ ကျောင်းသားတွေနဲ့ လက်သမားတွေကိုလည်း ခေါင်းတွေကို ရိုက်ခွဲကြတယ်။ တုတ်တွေနဲ့ရာတော်က မျက်နှာကြက် အပေါ်မှာတက်နေတယ်။ အောက်က တယောက် ဘယ်လိုပြောလိုက်မှန်းမသိဘူး။ ဘုန်းကြီး မျက်နှာကြက် အပေါ်မှာရှိတယ်ဆိုတော့သူတို့ တက်လာကြတယ်။ ဓါတ်မီးထိုးပြီးတော့ဆင်းမလား မဆင်းလားဆိုပြီးပြောတယ်။ ဆင်းလာတော့တခါတည်းလက်ထိပ်ခတ်ပြီးလက်သီးနဲ့ထိုးတယ်။ ပြီးတော့ ပစ္စည်းတွေကိုအားလုံးမွှေနှောက်ရှာဖွေတယ်။ သေတ္တာတွေဖွင့်တယ်။ ရေဒီယို ကက်ဆက်တွေကိုယူတယ်။ အဲဒီတုန်းက ဆရာတော်မှာလည်း ဒေါ်လာ ၄၀၀၀ လောက်ပါသွားတယ်။ ဗမာငွေက ၈၀၀၀၀ပါသွားတယ်။ ဘဏ်စာအုပ် ၅အုပ်၊ နိုင်ငံကူးလက်မှတ်၂ အုပ်။ အဲဒါတွေ အားလုံးယူသွားပြီး ပြည်ထဲရေးရုံးမှာ သင်္ကန်း အားနဲ့ချွတ်ပစ်တယ်။ ပထမတော့ သင်္ကန်း ချွတ်မလား မချွတ်ဘူးလားမေးတယ်။ ဆရာတော်က အပြစ်မရှိဘူး။ ဘာကြောင့်သင်္ကန်းချွတ်ရမှာလည်း ပြောတယ်။ ဒါပေမဲ့ ချွတ်ရမယ်လို့ပြောတယ်။ မင်းအမိန့်တဲ့။ သံဃာ ၂ပါးကို ကျောင်းက ဖမ်းယူလာတယ်။ ဆရာတော်နဲ့ဦးစန္ဒာဝရဆိုတဲ့ဦးဇင်း။ သင်္ကန်း မချွတ်ရင်လည်းမရတော့ဘူး။ သူတို့က ဆရာတော်တို့ကိုရိုက်လည်းရိုက်ထားပြီ။ ပြည်ထဲရေးရုံးမှာအားလုံး ဝိုင်းထားတယ်။ သင်္ကန်းအတင်းချွတ်ပြီး အင်းစိန်ထောင်ကိုတခါတည်း ပို့လိုက်တယ်။ အင်းစိန်ထောင်မှာ နေ့တိုင်စစ်ဆေးတယ်။ ကိုရင်ဦးဇင်းတွေကိုလည်း စီစစ်ပြီး တချို့ကိုလွှတ်ပေးတယ်။ ကျန်တဲ့သံဃာတွေကို အားလုံးထောင်ချလိုက်တယ်။ ဆရာတော်ကိုတော့ ၂၀၀၈ အောက်တိုဘာလမှာ ရုံးတင်ပြီးထောင်ချလိုက်တယ်။ ချုပ်ထားတဲ့နေ့ကိုလည်း တရက်လည်း လျှော့မပေးဘူး။ ချတဲ့နေ့မှစပြီး ရေတွက်တယ်။ သိမ်းဆည်းသွားတဲ့ ပစ္စည်းတွေကိုလည်း မီးရှို့စေဆိုပြီး တရားသူကြီးက အမိန့်ချလိုက်တယ်။ ဘဏ်စာအုပ်တွေတော့ ပြန်ပေးတယ်။

မေး။ ။ အခုလွတ်လာတဲ့ နောက်ပိုင်း ဆရာတော်ရဲ့ အခြေအနေက ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ အခုက ဆရာတော်ဆီကို SPတို့ရဲတို့လာတယ်။ သင်္ကန်းဝတ်ထားလို့။ သူတို့က အစီအစဉ်နဲ့ ဝတ်ရမယ်အဲလိုပေါ့။ မနေ့ကလည်းလာတယ်။ ဒီနေ့လည်းလာတယ်။ နောက်ပြီး ရယကကလည်း လာတယ်။ ဒါကိုတော့ ဝိနည်းကိုသိတဲ့ ဘုန်းကြီးတွေကတော့ ငါတို့ကသိက္ခာချတာကမဟုတ်။ ထောင်က လွှတ်တာနဲ့ သင်္ကန်းတန်းဝတ်တာဘဲ။

မေး။ ။ အာဏာပိုင်တွေကဘယ်လိုဖြစ်စေချင်တာပါလဲ။ သူတို့ကဘယ်လိုပုံစံဝတ်ရမယ်လို့ပြောပါသလဲ။

ဖြေ။ ။ အစီအစဉ်နဲ့ ဝတ်ရမယ်လို့ပြောတယ်။

မေး။ ။ အရှင်ဘုရား ထောင်ထဲက လွတ်လာတော့ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိပါလဲ။

ဖြေ။ ။ ကျန်းမာရေးအခြေအနေက အခုဆီးချိုဖြစ်နေတယ်။ ဖမ်းကတည်းက စစ်သားတွေ ညှဉ်းပမ်းတာ အခုထိ သိပ်နေမကောင်းသေးဘူး။

မေး။ ။ ထောင်ထဲက အတွေ့အကြုံနည်းနည်း ရှင်းပြပေးပါ။

ဖြေ။ ။ အင်းစိန်ထောင်ထဲမှာ ခြင်ကိုက်တယ်။ ခြင်ထောင်လည်းမရှိဘူး။ ကျပိုးတွေလည်းတအားကိုက်တယ်။ တနေ့ကို ၁၅မိနစ်လောက်ဘဲ အပြင်ထွက်ခွင့်ရတယ်။ မိသားစုနဲ့လည်းတွေ့ခွင့်မရဘူး။ အဲလိုဖမ်းချုပ်ထားပြီး ၇ လ၊ ၈ လလောက်ကြာမှ ၂၀၀၈ ခု ၁၀ လပိုင်းမှာဆရာတော်ကိုရုံးတင်တယ်။ ရှေ့နေလည်း ငှားခွင့်မရဘူး။ ထောင်ချတဲ့နေ့မှာ အမှုတခု ထပ်တိုးပြီးတော့ ၂ နှစ်တိုးလိုက်တယ်။ ထောင်ချပြီး တပတ်လောက် ကြာတာနဲ့ သရက်ထောင်ရောက်သွားတယ်။ အင်းစိန်ထောင်မှာတော့တကာတွေက ဘုန်းကြီးလို့အသိအမှတ်ပြုသေးတယ်။ သရက်ထောင်ရောက်တာနဲ့ဆရာတော်ကို ထောင်ပိုင် ဦးကျော်ဝင်းက လုံးဝဘုန်းကြီးလို့ အသိအမှတ် မပြုတော့ဘူး။ ဆရာတော်တို့ကို ဘာဖြစ်တယ်–ညာဖြစ်တယ်ဆိုပြီး ကြိမ်းမောင်းတော့တာပါဘဲ။

မေး။ ။ အရှင်ဘုရားတို့အမှုကိုဆုံးဖြတ်တဲ့အခါ ရှေ့နေတွေမရှိဘူးဆိုတော့ခုခံပိုင်ခွင့်တခုမပေးဘူးလား အရှင်ဘုရား။

ဖြေ။ ။ အဲဒီ ထောင်ဗူးဝမှာဘဲ တရားသူကြီးလာပြီး ဆုံးဖြတ်လိုက်တာပါဘဲ။

မေး။ ။အရှင်ဘုရားတို့သီတင်းသုံးနေတဲ့ကျောင်းကဖမ်းဆီးထားတဲ့သံဃာအရေအတွက်ဘယ်လောက်ရှိပါလဲ။

ဖြေ။ ။ ဖမ်းတုန်းကတော့ ၂ပါးဖမ်းသွားတာ။ တပါးကိုတော့ ပြန်လွှတ်လိုက်တယ်။ ဆရာတော်ကိုတော့ ထောင်ချလိုက်တာပါဘဲ။

မေး။ ။ အခုအရှင်ဘုရားကို သူတို့ လွှတ်ပေးလိုက်တဲ့ အပေါ်မှာ အရှင်ဘုရားက ဘယ်လိုသုံးသပ်ပါလဲ။

ဖြေ ။ ။ ဘုန်းဘုန်းက လွှတ်ဖို့ ၁၄ ရက်ဘဲလိုတော့တယ်။ တချို့ကလည်းအနှစ် ၂၀ကျတာ။ ၁၀နှစ်နဲ့ လွှတ်လာတယ်။ ၁၀နှစ်ဘဲနေခဲ့ရတယ်။ ကျန်၁၀ နှစ်ကို လွှတ်ငြိမ်းချမ်းသာပေးတယ်။ တချို့ကလည်း လွှတ်ရက် နီးနေပြီးလေ။ ဘုန်းဘုန်းက ၁၄ရက်ဘဲ လိုတော့တယ်။ ဘုန်းဘုန်းက လွှတ်ငြိမ်းချမ်းသာ မလာရင်လည်း လွှတ်တော့မှာဘဲ။

မေး။ ။ ဒီလိုလွှတ်ပေးတဲ့အပေါ်မှာနိုင်ငံရေးအရ တိုးတက်လာတယ်လို့ ပြောလို့ရပါလား အရှင်ဘုရား။

ဖြေ ။ ။ အခုတော့ အကျဉ်းသားတွေ အများကြီး ကျန်သေးတယ်။ နိုင်ငံရေးအကျဉ်းသားတွေ။သူတို့အားလုံးကိုမလွှတ်ပေးဘဲ တိုးတက်လာတယ်လို့ ဘယ်ပြောလို့ရမှာလဲ။ အားလုံးကို လွှတ်ပေးရမှာပေါ့။

မေး။ ။ အရှင်ဘုရားတို့ လွှတ်လာတဲ့နောက် စောင့်ကြည့်တာတွေနှောင့်ယှက်တားဆီးတာတွေ ရှိနေတယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ ဟုတ်ကဲ့အဲဒါတော့ရှိနေပါတယ်။ လာနေတာဘဲ။ ရပ်ကွက်ရဲကင်းကလာတယ်။ နောက်ပြီး ရပ်ကွက်ကရယက(အခုတော့အုပ်ချုပ်ရေးမှူး) တွေလာနေတာဘဲ။ မနေ့လည်း SP ကလာတယ်ပြောတယ်။ ဆရာတော်နဲ့တော့ မတွေ့လိုက်ဘူး။

မေး။ ။ အရှင်ဘုရားဆီကသိမ်းသွားတဲ့ဒေါ်လာတွေငွေတွေနဲ့ပစ္စည်းတွေကိုသူတို့ပြန်ပေးပါလားအရှင်ဘုရား။

ဖြေ။ ။ မပေးဘူးလေ။ တရားရုံးကပစ္စည်းတွေကို မီးရှို့ဖို့ဆုံးဖြတ်လိုက်ပြီးဘဏ်စာအုပ်လောက်ဘဲ ပြန်ပေးတယ်။ ကက်ဆက်၊ ရေဒီယိုနဲ့ တခြားအကောင်းစား ပစ္စည်းတွေကို မီးရှို့စာရင်းထဲ တည့်လိုက်တယ်။ အဲဒါတွေတော့ လုံးဝမရဘူး။ ရုံးတင်တဲ့အခါလည်း သူတို့ယူသွားတဲ့ ဒေါ်လာတွေငွေတွေကိုမပြဘူး။ အကုန်လုံး သူတို့ယူသွားတယ်။

မေး။ ။ အရှင်ဘုရား သီးတင်းသုံးတဲ့ကျောင်းလိပ်စာကို ပြောပြပေးပါ။

ဖြေ။ ။ တက္ကသီလာ မဟာ သိဓိပဋ္ဌာန်ကျောင်းတိုက် ။ ဖျာပုံလမ်း။ ဒဂုံမြို့သစ်။ အရှေ့ပိုင်း မြို့နယ်။

အယ်ဒီတာ့ အာဘော်

၂၄ နာရီ လျှပ်စစ်မီး ရရှိရေး ရခိုင်ပြည်သူ တရပ်လုံး ပူးပေါင်းပါဝင်သင့်

ရခိုင်ပြည်နယ်မှထွက်သော ဂတ်စ်(သဘာဝဓါတ်ငွေ့)ဖြင့် ရခိုင်တပြည်နယ်လုံးလျှပ်စစ်မီးရရှိရန် လှုပ်ရှားတက်ကြွသူများက ကြိုးပမ်းဆောင်ရွက်နေသည်။ အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်းရခိုင်ပြည်နယ် အနှံ့အပြားတွင် အဆိုပါလှုပ်ရှားမှုများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ရခိုင်က ဂတ်စ်ဖြင့် ၂၄နာရီမီးပေးပါဆိုသော စာတန်းများပါသည့် တီရှပ်အကျီများကို တူညီဝတ်ဆင်၍၎င်း၊ အဆိုပါစာတန်းများပါသောပိုစတာ စာရွက်များကို ဖြန့်ဝေ၍၎င်း၊လှုပ်ရှားခဲ့ကြသည်။ထိုသို့လှုပ်ရှားမှုပြုလုပ်သည်ကို အာဏာပိုင်များကနှိမ်နင်းခဲ့သည်။ တားမြစ်ခဲ့သည်။ ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။ လှုပ်ရှားသူများဆက်လက် မလှုပ်ရှားရဲအောင်ခေါ်ယူ စစ်ဆေးမှုများ၊ ထိန်းသိမ်းမှုများလည်းရှိခဲ့သည်။ ယခုကဲ့သို့ အာဏာပိုင်များပြုမှု ဆောင်ရွက်ခဲ့ခြင်းသည် လှုပ်ရှားမှု အရှိန်မြင့်လာပါက ရခိုင်ပြည်သူတစ်ရပ်လုံး အဆိုပါလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်လာမည်ကိုစိုးရိမ်သဖြင့် ကြိုတင် လက်ဦးမှုယူကာ ဖြိုခွဲမှုပြုလုပ်လိုက်ခြင်းဖြစ်သည်။ ရခိုင်ကဂတ်စ်ဖြင့် ရခိုင်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးသည် ရခိုင်ပြည်သူများအထူးလိုလားချက်ဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မည်ကို အုပ်ချုပ်သူအာဏာပိုင်များကအထူးစိုးရိမ်နေသည်။ ရခိုင်ပြည်သူ တစ်ရပ်လုံးပူးပေါင်းပါဝင်လာပါကရခိုင်ပြည်ကထွက်သောဂတ်စ်ကို တရုတ်ကို ရောင်းချရန် စီစဉ်နေသောအစီအစဉ်များ ပျက်ပြားနိုင်သလို အုပ်ချုပ်သူအဆက်ဆက်၏ အနှိမ်ခံ ဘဝကိုကျရောက်နေသော ရခိုင်ပြည်နယ်ကိုလည်း၂၄နာရီ လျှပ်စစ်မီးပေးလာရမည်ဖြစ်သည်။ တိုင်းပြည်ကို အုပ်ချုပ်ထားသော အစိုးရအဆက်ဆက်သည် ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလား။ သို့အတွက်ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးရရှိရေးကိုမပြုလုပ်ဘဲ ပစ်ပယ်ထားသည်။ ရခိုင်ပြည်နယ်တွင် သဘာဝဓါတ်ငွေ့ အလျှံအပယ်တွေ့ရှိထားသည်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သောမြစ်ချောင်းအင်းအိုင်များအလွန်ပေါများသည်။ သို့သော်လည်းရခိုင်ပြည်နယ်မှာ မြန်မာနိုင်ငံတွင် လျှပ်စစ်မီး အနိမ့်ဆုံးသုံးစွဲရသောပြည်နယ်ဖြစ်သည်။ ယခုကဲ့သို့ပြုလုပ်ထားခြင်းက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလား၍ဖြစ်သည်မှာထင်ရှားသည်။ လျှပ်စစ်မီး ၂၄ နာရီရရှိပါက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည်။ ထိုသို့တိုးတက်လာပါက ရခိုင်အမျိုးသားများချမ်းသာကြီးပွားလာမည်။ထိုသို့ကြီးပွားချမ်းသာလာပါက ရခိုင်ပြည်နယ်သည် တိုင်းနှင့်ပြည်နယ် ၁၄ခုထဲတွင် ချမ်းသာဆုံးပြည်နယ်တစ်ခုဖြစ်လာမည်။ ဒေသတစ်ခု၊ ပြည်နယ်တစ်ခုတိုးတက်ရန်အတွက် အခရာအကျဆုံးလျှပ်စစ်မီးဖြစ်သဖြင့် လျှပ်စစ်မီးမရရှိအောင် ရခိုင်ပြည်နယ်တိုးတက်မှုကို မလိုလားသော အုပ်ချုပ်သူအစိုးရအဆက်ဆက်က အစီစဉ်ရှိရှိနှစ်ပေါင်းရှည်ကြာစွာ ညစ်ပတ်ထားခြင်းဖြစ်သည်။ ယခင်က ရခိုင်တွင်လျှပ်စစ်မီး ၂၄နာရီရရှိရေးအတွက် အခြေအနေမပေးခဲ့သဖြင့်မလုပ်ပေးနိုင်ဟု ဆိုနိုင်သော်လည်း ယခုအခါသဘာဝဓါတ်ငွေ့များအလျှံအပယ်တွေ့ရှိထားသဖြင့် မလုပ်ပေးနိုင်စရာ အကြောင်းမရှိ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အုပ်ချုပ်သူများကအပြောသက်သက်မဟုတ်ဘဲစိတ်ပါ ကိုယ်ပါလိုလားပါက အဆိုပါဓါတ်ငွေ့ဖြင့် လျှပ်စစ်မီးပေး၍မရနိုင်စရာမရှိပေ။ ယခုကားအဆိုပါ ဓါတ်ငွေ့ဖြင့်လျှပ်စစ်မီး ရရှိရေးကိုဆောင်ရွက်မပေးသည့်အပြင် အဆိုပါဂတ်စ်ကိုတရုတ်ကိုတနှစ်ဒေါ်လာသန်းပေါင်း မြောက်များစွာဖြင့် ရောင်းချထားသည်။ရောင်းချ၍ရလာသည့် အကျိုးအမြတ်ထဲမှလည်းရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပြားတချပ်မှသုံးစွဲမည်မဟုတ်ကြောင်း သိရသည်။ ဂတ်စ်၏ မူလပိုင်ရှင်အစစ်များဖြစ်ကြသော ရခိုင်ပြည်သူပြည်သားအပေါင်းမှာမိမိမြေပေါ်က ရရှိသော သဘာဝသယံဇာတပစ္စည်းများကို တပြားတချပ်မှ သုံးစွဲခွင့်မရဘဲအုပ်ချုပ်သူ ဗမာများနှင့် နိုင်ငံခြားသားတရုတ်များက သူတို့အကျိုးတွက်ထုတ်ယူသုံးစွဲနေသည်ကို လက်ဝါးပွတ်ကာကြည့်နေကြရသည်။ မိမိဘိုးဘွားများချန်ထားရစ်သော အမွေအနှစ်များအားတပါးသူများကသူတို့အကျိုးအတွက်ထုတ်ယူသုံးစွဲနေသည်ကိုပိုင်ရှင် အစစ်အမှန်များဖြစ်သော ရခိုင်များအနေဖြင့် တစ်စုံတရာတောင်းဆိုတိုက်ပွဲမဝင်ဘဲ လက်ပိုက်ကြည့်နေလျှင် ရခိုင်အမျိုးသားတို့လောကည့်ဖျင်းသောသူလူမျိုး ဤကမ္ဘာမြေပေါ်တွင် ရှိတော့မည်မဟုတ်ပေ။ သို့အတွက်ရခိုင်မြေကြီးမှထွက်ရှိသော အဖိုးတန်သဘာဝသယံဇာပစ္စည်းများထဲမှ ရသင့်ရထိုက်သော အခွင့်အရေးများကိုရခိုင်ပြည်သူများရရှိအောင်တောင်းဆိုတိုက်ပွဲဝင်ရန်မှာ ရခိုင်တစ်မျိုးသားလုံးမွေးရာပါတာဝန်ဖြစ်သည်။ မိမိတာဝန်ကို မိမိသိရှိပြီး၂၄နာရီ လျှပ်စစ်မီးရရှိရေးကို ရခိုင်တမျိုးသားလုံးအနေဖြင့် အမျိုးသားရေးအသိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်လှပေသည်။

အယ်ဒီတာချုပ် – ခိုင်မြတ်ကျော်
ထုတ်ဝေသူ – နိရဉ္စရာသတင်းဌာန
ဂျာနယ်တာဝန်ခံ – မင်းဆက်ခိုင်
ဒီဇိုင်း – ကျော်ငြိမ်း
ဖြန့်ချီရေးမှူး – ကျော်သိန်း (ကယုချောင်း)
– ထွန်းထွန်း (ဖလောင်းချိတ်)
စောင်ရေ – ၁၅၀၀
ဆက်သွယ်ရန် – P.O Box-2416, Dhaka-1000 Bangladesh
အီးမေးလ် – narinjara@narinjara.com
ဝက်(ဘ်)ဆိုက် – www.narinjara.com
မြန်မာ – www.narinjara.com/burmese.asp
Funded by Open Society Institute (OSI), USA

စာအုပ်၊ မဂ္ဂဇင်း၊ ပြက္ခဒိန်၊ T -shirt ၊ ပိုစတာ၊ ပို့စ်ကဒ်၊ ပြုလုပ်လိုသူများ
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
Colorist
Printing Press
Graphics design and Printing house
Kyaw Nyin
Proprietor
Phone : 0088-01816-439394, 0088-01726-905325
E-mail : colorist_ad@yahoo.com

လျှစ်လျူရှုမှုကို မုန်တိုင်းသင့်ပြည်သူများ ခံနေကြရဆဲ မှအဆက်

တွေမှာအကူအညီဆိုလို့ Save the Childrenကကူညီတာ ဘဲရှိပါတယ်။ တာတမံ(ကာရီ)ဆိုတာလည်း အစိုးရက ဆည်ဖို့ပေးတာ ဘာမရှိပါဘူး။ အခုလူတွေက တောင်ကိုတက်သူတက်၊ ချောင်းကိုဆင်းသူဆင်းဒီလိုဘဲ လုပ်စားနေကြရတယ်။ ငတ်တဲ့သူတွေလည်း ရှိမှာပေါ့။ဒီရခိုင်မှာက အသေသာခံသွားမယ်။ ရှက်လို့ထမင်းငတ်နေတယ်လို့ ပြောကြမှာမဟုတ်တဲ့အတွက် ငတ်နေသူတွေရှိသလားဆိုရင်ဘယ်လိုလုပ် သိနိုင်မှာလဲ။ အစိုးရကဒီဒေသမှာ ဘာမှကူညီတာမရှိပါဘူး။ ရွာသားတွေကိုဒီမှာ ကူညီနေတာက Save The Childrenနဲ့ ကျောက်ဖြူကလာကူညီနေတဲ့ပေါင်းကူး လူငယ်အဖွဲ့ ဘဲရှိပါတယ်''ဟု ပြောသည်။

ကျောက်ဖြူမြို့နယ်တွင် အဆိုးဆုံးမှာ ကျိုးပျက်သွားသော တာတမံများကို အစိုးရတာဝန်ယူပြီးပြန်လည် တည်ဆောက်ပေးခြင်းမရှိသဖြင့် လယ်သမားများ အနေဖြင့် ယခုနှစ်စိုက်ပျိုးရာသီတွင် ဧကသောင်းချီပြီး စပါးများမစိုက်ပျိုးနိုင်ဘဲ ဖြစ်ခဲ့ကြရကြောင်း သိရသည်။

လက်ရှိပေါက်တောမြို့နယ် အခြေအနေနှင့် ပတ်သက်ပြီးပေါက်တောမြို့နယ် ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင်မေးမြန်းရာ သူကယခုလို ပြောသည်။

''မုန်တိုင်းသင့်ဒေသမှာ လူတွေက အခုအချိန်ထိ အခက်အခဲရှိနေကြပါတယ်။ ဒါကို ဒီလမှာပြုလုပ်ဖို့ ပြင်ဆင်နေတဲ့ ပြည်နယ်လွှတ်တော်မှာ ကျွန်တော်တို့ တင်ပြဖို့ စီစဉ်နေပါတယ်''ဟု ပြောသည်။

မြန်မာနှင့်အိမ်နီးချင်း ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင်မုန်တိုင်းကြောင့် ဒုက္ခရောက်ကြသူများကို ပြန်လည်ထူထောင်ပေးရာတွင် ဒေသအတွင်းကအန်ဂျီအိုများနှင့် နိုင်ငံခြားမှ အန်ဂျီအိုများသာမကအစိုးရကကပါ နှစ်နှင့်ချီပြီးတာဝန် ယူဆောင်ရွက်ပေးသဖြင့် ပြည်သူများမှာ အခက်အခဲများစွာမရှိကြောင်းသိရသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင်ထိုကဲ့သို့ အကူအညီများကိုလေဘေး၊ ရေဘေးသင့် ပြည်သူမျာ ရရှိမခံစားရကြောင်း သိရသည်။

လယ်သမားများ လယ်မဲ့ယာမဲ့ဖြစ် မှအဆက်

မိမိပိုင်လုပ်ကာဒေးဝူး ကုမ္ပဏီကို ကျပ်သိန်း ၄၀၀ဖြင့် ရောင်းစား သွားခဲ့သည်။

''ကျောက်ဖြူမှာ နေရာကောင်းမှန်သမျှ စစ်ဗိုလ်ချုပ်တွေ လက်ထဲကိုရောက်သွားပါပြီ။ ဒေသခံတွေမှာ ဘယ်ကိုတိုင်ကြားရမှန်းလည်းမသိဘူး။ တိုင်ကြားရင်လည်း အဖမ်းခံရမှာကိုစိုးပြီးဘယ်သူမှ လိုက်မလုပ်ရဲဘူး။ ကျောက်ဖြူ မြို့နယ်မှာလယ်တွေ၊ စားကျက်တွေတဝက်ခန့်ကပြည်သူတွေရဲ့ လက်ထဲမှာ မရှိတော့ဘူး'' ဟုတခြားကျောက်ဖြူဒေသခံ တစ်ဦးကလည်း ပြောသည်။

ယခုကဲ့သို့ဒေသခံများပိုင်ဆိုင်သောလယ်မြေများကို PunjLoyd ကုမ္ပဏီကမြေတူးစက်များဖြင့်တူးဖေါ်နေသဖြင့် ရွာသားများမှာ မျက်ရည်တလည်လည်ဖြင့်ဖြစ်နေပြီး အဆိုပါကိစ္စကို မည်သို့ဆက်လုပ်ရမည်ကိုလည်း မသိဘဲ ဖြစ်နေကြသည်ဟု သိရသည်။

၎င်းအပြင်ဂတ်စ်နှင့်ရေနံပိုက်လိုင်းဖြတ်သန်းမည့်နေရာများကိုလည်း မြေတိုင်းဌာနမှ အလံနီများစိုက်ထူထားပြီးပိုက်လိုင်း ဖြတ်သန်း ရာနေရာကိုအကျယ်ကိုက်(၅၀) သိမ်းယူမည်ဟု သတင်းထွက်နေသဖြင့် ရွာသားများနောက်ထပ် လယ်မြေများဆုံးရှုံးမည်ကိုအထူးစိုးရိမ်နေကြ သည်ဟုသိရသည်။

၂၄နာရီ လျှပ်စစ်မီးရရှိရေး လှုပ်ရှားမှု မှအဆက်

သွားလာရာ လမ်းများပေါ်တွင်ဖြန့်၊ ကြဲခြင်းများပြုလုပ်ပြီးအများပြည်သူများသိရှိအောင် လှုပ်ရှားခဲ့ ကြသည်ဟု သိရသည်။

လက်ရှိ အစိုးရမှရခိုင်ပြည်နယ်မှ ထွက်ရှိမည့် သဘာဝဓါတ်ငွေ့များအားအစိုးရမှ တရုတ်သို့ တင်ပို့ ရောင်းချထားပြီး သဘာဝဓါတ်ငွေ့ ထွက်ရှိရာ ရခိုင်ပြည်နယ်တွင် အဆိုပါဓါတ်ငွေ့အားတစ်စုံတရာ သုံးစွဲရန် ရည်ရွယ်ချက် မရှိကြောင်းသိရသည်။

''အခုအစိုးရကထွက်ရှိတဲ့သဘာဝဓါတ်ငွေ့၉၀ ရာခိုင်နှုန်းကိုတရုတ်ကိုတင်ပို့မယ်။ သဘာဝဓါတ်ငွေ့ကုဗပေသန်း ၄၀၀ နှစ်စဉ်တရုတ်ကို ရောင်းချမယ်။ တနှစ်ကိုအဲဒီ ဓါတ်ငွေ့ရောင်းရငွေကအမေရိကန်ဒေါ်လာသန်းပေါင်း ၉၇၀ နှစ်စဉ်ရရှိမှာဖြစ်ပါတယ်။ နှစ်ပေါင်း ၃၀ ရောင်းချသွားမယ်ဆိုတော့ ဘယ်လောက်ထိအကျိုးအမြတ်ရရှိမလဲဆို တာစဉ်းစားကြည့်ရင်သိနိုင်တယ်။ ဒေသခံ ပြည်သူတွေက တော့ဘာမှအကျိုးအမြတ် ရရှိခံစားကြရမှာမဟုတ်ဘူး။ ဒါကြောင့်ခုလိုတိုက်ပွဲတောင်းဆိုနေရတာပါ''ဟု သူက ဆက်ပြောသည်။

၎င်းပြင်သူက''ကျနော်တို့ရခိုင်ပြည်မှာ သဘာဝ ဓါတ်ငွေ့အများအပြား ထွက်နေတယ်။ ဒါပေမယ့်ကျနော်တို့ရခိုင် လူမျိုးများဟာဖေါင်းစီးရင်းရေငတ်ဆိုတဲ့ ဘဝအခြေအနေကိုရင်ဆိုင်နေရတယ်။ ရခိုင်ပြည်ရဲ့ မြို့တော်စစ်တွေမြို့တော် မှာတောင် တစ်နေ့ကိုလျှပ်စစ်မီး (၅)နာရီခန့်သာရတယ်။ လျှပ်စစ်ဓါတ်အားတစ်ယူနစ်(၁ကီလိုဝပ်နာရီ)ကို ၅၀၀ ကျပ်နှုန်းပေးနေရတယ်။ ရန်ကုန်၊ မန္တလေး၊နည်ပြည်တော်စတဲ့ မြန်မာနိုင်ငံပြည်မမှ မြို့များမှာလျှပ်စစ် ဓာတ်အားတယူနစ်ကို (၂၅) ကျပ်နှုန်းသာ ပေးရတယ်။ နှိုင်းယှဉ်ကြည့်ရင်ကျနော်တို့ရခိုင်ပြည်သူတွေ အဆ(၂၀) ပိုပေးနေရတယ်။ ဒါတွေဟာ လုံးဝမတရားတဲ့လုပ်ရပ်ဖြစ်ပါတယ်''ဟု သူက ဆက်ပြောသည်။

အဆိုပါ လှုပ်ရှားမှုကို ဦးဆောင်၂၄ နာရီ လှုပ်ရှားမှုကို ဦးဆောင် ပြုလုပ်နေသူ ၂၄ နာရီ လှုပ်ရှားမှု အင်အားစု – ရခိုင်ပြည် (24 Hours Action Groups-Rakhine State)က ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဌဒေါက်တာ အေးမောင်ထံ သို့လည်း နိုဝင်ဘာလ၁၀ ရက်နေ့က ရခိုင်မှ သဘာဝဓါတ်ငွေ့ဖြင့် ၂၄ နာရီမီးရရှိအောင် ဆောင်ရွက်ပေးရေး စာရေး တောင်းဆိုလိုက်သည်ဟု သိရသည်။

ရခိုင်လူ့အခွင့်အရေးအဖွဲ့ဖွဲ့စည်း မှအဆက်

ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းဌာနအလုပ်အမှုဆောင်များမှာ သတင်းနှင့်ပြန်ကြားရေး အောင်မင်းဦးနှင့် သဖင်ခိုင်၊ သုတေသနနှင့်မှတ်တမ်းမင်းခန့်နှင့်ဘနေထူး၊ ကျန်းမာရေးနှင့်ပညာရေး အုပ်စိုးခိုင်နှင့်ခိုင်အောင်စိုး၊ စာပေနှင့် ယဉ်ကျေးမှုကျော်ခိုင်ထွန်းနှင့်ပန်းနုစံ၊လူ့အခွင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝင်းကိုနိုင်နှင့် ပွင့်ဖြူကျော်၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေးခိုင်ဝေဖော်နှင့်အောင်ကျော်မင်း၊ စည်းရုံးရေးနှင့် ပြည်သူ့ဆက်ဆံရေးနေမင်းထွန်းနှင့် မင်းနိုင်ထွန်း၊ အမျိုးသမီးရေးရာ မြတ်ဆွေဖုံနှင့် မြတ်ဆုဝေ၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေး အောင်ဖော်နိုင် နှင့်လှယိုင်ဖြူတို့ ဖြစ်ကြသည်။

အကြံပေးအဖွဲ့များမှာ ဆရာတော်ဦးသီဟ၊ ဦးကျော်ဟန်၊ ဦးခိုင်ဆန်းအောင်၊ ဦးဌေးဝင်း၊ ဦးအဦးမောင်၊ ဦးအောင်စံသိန်း၊ ဦးသာကျော်လှတို့ဖြစ်ကြသည်။

ရခိုင်နိုင်ငံရေး အကျဉ်းသား ၇ ဦးသာ ပါဝင်

ဖမ်းဆီးခံရပြီး ထောင်ဒဏ် ၄ နှစ် ၆ လ ချမှတ်ခံခဲ့ရသည်။ယခု သရက်ထောင်က လွတ်မြောက်လာသည်။

ပေါက်တောမြို့ သဝင်ချောင်းမှ ဦးမြတ်ထွန်းမှာ ပြည်ပသတင်းဌာနများနှင့်ဆက်သွယ်သည် ဟုဆိုကာ မောင်တောမြို့မှ ဘူးသီးတောင်သို့ အပြန် ဇူလိုင်လဂိတ်တွင် ၂၀၀၈ခုနှစ်က ဖမ်းဆီးခံရပြီးထောင်(၅)နှစ် ချမှတ်ခံရကာယခုအခါရောဝတီတိုင်း မြောင်းမြထောင်မှ လွတ်မြောက်လာခဲ့သည်။

တခြားလွတ်လာသူများမှာ ဘူးသီးတောင်မြို့ ညောင်ချောင်းကျေးရွာမှ ကိုနိုင်စိုး (အဖ–ဦးမောင်လှဖြူ)ဖြစ်ပြီး ဗန်းမော်ထောင်မှ လွတ်မြောက်သည်။ ကိုနိုင်စိုးသည် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များ အစည်းအရုံး(AASYC)နှင့် ဆက်စပ် သည့်စွပ်စွဲဖြင့် ၂၀၀၉စက်တင်ဘာ ၁၈ရက်တွင် ဖမ်းဆီးခံရပြီး ထောင်ဒဏ်၃နှစ် ချမှတ်ခံခဲ့ရသည်။

Ethnic Youth Network Group (EYNG) မှ ရခိုင်လူငယ်ကိုယ်စားပြုကိုကျော်ဝင်းချေ (စစ်တွေ) (အဖ–ဦးဖြူအောင်)သရက်ထောင်မှ လွတ်မြောက်လာခဲ့သည်။ ကိုကျော်ဝင်းချေသည်၂၀၀၈ဇန်နဝါရီ ၂၀တွင် ဖမ်းဆီးခံရပြီးထောင်ဒဏ် ၉ နှစ်ချမှတ်ခံရသည်။ ထို့နောက်တွင် ထောင်ဒဏ် ၆နှစ်သို့ လျှော့ပေးခဲ့သည်။

စာတန်းဖတ်ပွဲ ကျင်းပ မှအဆက်

တကွခိုင်ခိုင်မာမာ ပြည်သူတွေသိအောင် စာတန်းမှာ တင်ပြထားပါတယ်''ဟု ပြောသည်။

စာတန်းထဲတွင် ရခိုင်ပြည်နယ်တွင် မီးပေးဝေသောစနစ်နှင့် ဗမာပြည်တွင် ပေးဝေနေသောစနစ်နှင့်မတူဘဲ အခြေခံယူနစ်ထက်ပိုပါက ရခိုင်ပြည်နယ်တွင် တယူနစ်ကိုကျပ်၄၀၀ ထိပေးနေရသဖြင့် ပြည်သူများထိခိုက် နစ်နာမှုများ ရှိနေသည့် အကြောင်းအရာများကို စာတန်းတွင် ဖေါ်ပြထားသည်ဟု သူက ပြောသည်။

အနာဂတ်တွင် ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီး ၂၄ နာရီရရှိရေးအတွက် ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်နိုင်မည့်နည်းလမ်းများကို စာတန်းဖတ်ပွဲများပြုလုပ်ကာ အဖြေရှာသွားမည်ဖြစ်ကြောင်း သူကပြောသည်။ ယခုစာတန်းဖတ်ပွဲမှာ ပထမဆုံးလျှပ်စစ်မီးကိစ္စနှင့်ပတ်သက်ပြီး ပြည်သူများအား အသိပေးနိုင်ရေးအတွက် သက်သက်သာဖြစ်ကြောင်း သူကဆိုသည်။

ယခုစာတန်းဖတ်ပွဲမှာ ရခိုင်ပြည်နယ်တွင် လျှပ်စစ်မီးအကြောင်းနှင့် ပတ်သက်ပြီး ပြည်သူများ သိအောင်တင်ပြသော စာတန်းဖြစ်ပြီး အဆိုပါကိစ္စနှင့် ပတ်သက်ပြီးနောင်တွင်ပိုမို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရန် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ စီစဉ်သွားမည် ဖြစ်ကြောင်းသိရသည်။

စာတန်းဖတ်ပွဲတွင်ဦးတင်ဝင်း၏ စာတန်းတစ်စောင်ကိုသာဖတ်ကြားခဲ့ပြီး လူပေါင်း (၄၀)ခန့် တက်ရောက်နားထောင်ကာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။စာတန်းဖတ်ပွဲကို စစ်တွေမြို့ရှိ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဗဟိုဌာနချုပ်ရုံးတွင် ပြုလုပ်ခဲ့သည်။

ကြံခိုင်ရေး အုပ်ချုပ်ရေးမှူးကျေးရွာသားများမှတရားမဝင် ငွေကောက်

စားသောက်ကြရသူများဖြစ်ကြသည်ကို အခွင့်ကောင်းယူက ကြံဖွံ့ပါတီဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ယခုကဲ့သို့ ငွေများ ကောက်ခံနေခြင်း ဖြစ်သည်။ ယခုလုပ်ရပ်ကြောင့် မရှိဆင်းရဲသားတောင်သူများကခိုကိုးစရာမရှိ ဖြစ်နေကြကြောင်းသူက ပြောပြသွားပါသည်။

ယခု သတင်းပါအချက်အလက်များမှာ ကျေးရွာသားများ၏ ပြောကြားချက်များသာဖြစ်သည်။

''မြန်မာဘောလုံးအသင်း အောင်မြင်တာမဟုတ်ဘူး။ တိုးတက်တာ''

(ဦးခင်မောင်ထွေးနှင့် မေးမြန်းချက်)

နိုဝင်ဘာလ ၂၃ရက်
(ရွှေအောင်)

နိုဝင်ဘာ ၂၂ရက်က ပြီးဆုံးသွားတဲ့ ၂၆ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်းဟာ တတိယကြေးတံဆိပ်ရရှိခဲ့ပါတယ်။

မြန်မာ ဘောလုံးအသင်းရဲ့ လက်ရှိအနေအထား၊ မြန်မာဘောလုံးအသင်း အောင်မြင်ဖို့ ရေတိုရေရှည် ဘယ်လိုစီမံထားတာတွေရှိလဲ၊ ၂၀၁၃ ခုနှစ် ကျရင်အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့အချိန်မှာရောမြန်မာဘောလုံးအသင်း အောင်မြင်မှုရှိနိုင်မလား ဆိုတာတွေနဲ့ပတ်သက်ပြီး ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေးကို ဆက်သွယ်မေးမြန်းထားပါတယ်။

မေး။ ပြီးခဲ့တဲ့ဆီးဂိမ်းမှာမြန်မာဘောလုံးအသင်းရဲ့ အနေအထားကို အန်ကယ်လ် ဘယ်လိုသုံးသပ်ပါသလဲ။

''မြန်မာအသင်းကတော့ အသင်းတွေထဲမှာ တိုးတက်မှုရှိတယ်ပေါ့ဗျာ။ တိုးတက်မှုရှိတယ်ဆိုတာကလည်း အုပ်စုပွဲမှာ ၅ ပွဲကစားခဲ့ရတယ်ဗျာ။ ၅ ပွဲကစားရာမှာ ၄ပွဲနိုင် ၁ပွဲသရေကျတယ်။ နောက်လာအိုတို့ ဗီယက်နမ်တို့ ကစားတော့ ၁၀ ယောက် ၁၁ယောက်နဲ့ ကစားခဲ့တယ်ဆိုတော့ ဘာပဲပြောပြော တိုးတက်တယ်လို့ပြောရမှာပေါ့။ မြန်မာဘောလုံးအသင်း အောင်မြင်တာမဟုတ်ဘူး တိုးတက်တာ။ အရင်အသင်းတွေထက် ပိုကောင်းလာတယ်ပေါ့ဗျာ။ အဲဒီလိုပဲ မှတ်ချက်ချလို့ရပါတယ်။''

မေး။ ဆီးဂိမ်းမတိုင်ခင်မှာ အန်ကယ်တို့နေပြည်တော်မှာ မြန်မာ့ဘောလုံး တိုးတက်ဖို့ အလုပ်ရုံဆွေးဆွေးပွဲ လုပ်တယ်လို့သိရပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာဘောလုံးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲစရာတွေအဖြေတွေ ရပါသလဲခင်ဗျ။

''နှစ်ပိုင်းပေါ့နော်။ တချို့ဆန္ဒရှင်တွေက ရေတိုစီမံကိန်းပေါ့။ လက်ရှိလက်ရွေးစင် ဘောလုံးအသင်းအပေါ်မှာ သုံးသပ်ချက်တွေ ဘာတွေပြင်ရမလဲ။ နည်းပြဆရာကအစ ကလေးတွေရဲ့ စိတ်ဓာတ်က အစပေါ့။ ဒါတွေပြုပြင်ဖို့ တင်ပြတာရှိတယ်။ တချို့ကတော့ရေရှည်ပေါ့။ ရေရှည်ကတော့အောက်ခြေကစပြီး ကျောင်းတွေကစပြီး အရင်တုန်းကလို့ပေါ့။ အရင်တုန်းက ရှိခဲ့တာကို ပြန်လုပ်ဖို့ ကျနော်တို့ အဖြေရှာကြတာ အဖြေရသွားတယ်။''

မေး။ ဘယ်လိုလုပ်ဖို့အဖြေရလဲ ဆရာ။

''ကျောင်းတွေပေါ့နော် အထက်တန်းကျောင်းတွေ၊ မူလတန်းကျောင်းတွေ၊ အလယ်တန်းကျောင်းတွေမှာ ဘောလုံးကွင်းတွေပေါ်ဖို့၊ ဘောလုံးကစားဖို့ အချိန်တွေပေးနိုင်ဖို့။ ကလေးတွေ ဘောလုံးကစားကြဖို့ ထိုနည်းအတူပဲ တက္ကသိုလ်တွေ၊ ကောလိပ်တွေမှာလည်း ဘောလုံးကွင်းတွေရှိဖို့ ဘောလုံးကစား နိုင်မယ့်အခြေအနေတွေကို ဖန်တီးပေးဖို့။ အဲဒါတွေကို ကျနော်တို့ ဆွေးနွေးကြတာပေါ့။''

မေး။ ကျနော်တို့ အလုပ်ရုံဆွေးနွေးပွဲက ရတဲ့အဖြေတွေကို ဘယ်တော့လောက် ဘယ်လိုအကောင်အထည်ဖော်ဖို့ရှိလဲခင်ဗျ။

''အဲဒါကျတော့ အားကစားဝန်ကြီးဌာနရယ် ဘောလုံးအဖွဲ့ချုပ်ကတော့ ချက်ချင်းပဲ။ လုပ်နိုင်သမျှ ချက်ချင်းလုပ်ပေါ့။ အခုဒီမှာ ဘာလုပ်နေလဲဆိုတော့ အားကစားနဲ့ပညာရေး ပေါင်းကူးစနစ်ဆိုပြီး ဘောလုံးကစထွင်တာပေါ့ဗျာ။ ကျောင်းတွေမှာ ဘောလုံးကစားနိုင်ဖို့ ဒီဘောလုံးအဖွဲ့ချုပ်နဲ့ အားကစားဝန်ကြီးဌာနက အကူအညီပေးနေတာတွေ ရှိတယ်။ အခုစလုပ်နေပါပြီ။ ဒါပေမယ့်တတိုင်းပြည်လုံး အတိုင်းအတာနဲ့ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနက ဦးဆောင်လုပ်ရမယ့် အနေအထားပါ။ ဒီဘက်က အားကစားဘက်ကတော့ အကူအညီ ပေးမယ်ပေါ့နော် စနေပါပြီ။''

မေး။ ဘယ်မှာစနေပါပြီလဲ အန်ကယ်။

''ရန်ကုန်တို့ မန္တလေးတို့မှာကလပ်အသင်းတွေက ဒေသအလိုက်ဘောလုံးသင်တန်းကျောင်းလေးတွေ နေပြည်တော်တို့မှာရှိတယ်။ နောက်ရတနာပုံဆိုတာ မန္တလေးမှာရှိတယ်၊ ရန်ကုန်က ဦးတေဇတို့ ကလပ်မှာရှိတယ်။ နောက်မနေ့တနေ့ကပဲ ရော၀တီမှာ အကယ်ဒမီဘောလုံးသင်တန်းကျောင်းသွားဖွင့်တာရှိတယ် အဲဒီလိုပဲစနေတယ်။ ကျောင်းတွေက အခုတော့ ပြိုင်ပွဲတွေ ပြန်ပြီးတော့ လုပ်ပေးနေတယ်။ ပြိုင်ပွဲတွေလုပ်ပေးတယ်ဆိုတာ ကလေးတွေက ဘောလုံးကစားဖို့ စိတ်ဝင်စားလာတာပေါ့ဗျာ။ ပြိုင်ပွဲတွေဆိုတာကတော့ တက္ကသိုလ်တွေမှာရော ကောလိပ်တွေမှာရောအခုမှပြန်စတာ။ ပြန်စတာဆိုတာ အရင်ကရှိပြီးသားကို ပြန်စတာပေါ့နော်။ အသစ်ထွင်တာတော့ မဟုတ်ပါဘူး။''

မေး။ မြန်မာ့ဘောလုံးနဲ့ ပတ်သက်ပြီးတော့ ရေတိုအောင်မြင်မှု ရနိုင်မလား၊ ရေရှည်မှအောင်မြင်မှုရနိုင်မလား။ ဆိုကြပါစို့ အနီးဆုံးက ကျနော်တို့ ၂၀၁၃ဆိုမြန်မာအိမ်ရှင်လုပ်တော့မယ်ပေါ့နော်။ အဲဒီလောက် အနေအထား ဒီ ၁ နှစ် ၂ နှစ်အတွင်းမှာ ဖြစ်နိုင်ပါ့မလားခင်ဗျ။

''အခု ၂၀၁၁ ဂျာကာတာမှာ ကစားသွားတဲ့ ဘောလုံးအသင်းရဲ့ အနေအထားကို ကြည့်ရင် ရေတိုစီမံကိန်းအရအောင်မြင်မှာပါ။ အောင်မြင်နိုင်ပါတယ်။ အောင်မြင်မှာပါလို့ ကျနော်မပြောရဲဘူး။ ဒီ ၂၀၁၁ ဂျာကာတာဆီးဂိမ်းမှာ ဝင်ပြိုင်သလို အစစအရာရာ အားလုံးက တက်ညီလက်ညီ လုပ်ပေးနိုင်မယ်ဆိုရင်တော့ ၂၀၁၃မှာ ကျနော်တို့ ရွှေတံဆိပ် ရနိုင်ပါတယ်။ ဘာလို့တုန်းဆိုတော့ ဂျာကာတာမှာလည်း ကျနော်တို့က ချန်ပီယံဖြစ်သွားတဲ့ မလေးရှားအသင်းကို ၈၅ မိနစ်လောက်အထိ တန်းတူရည်တူ ကစားပြီးတချက်မှားလို့ တဂိုးပေးလိုက်ရတာ။ နောက်တခါ ဗီယက်နမ်လို အသင်းမျိုးကို ၄ ဂိုး ၁ ဂိုးနဲ့ ပြန်နိုင်တယ်ဆိုတာ ဒီမှာဘက်နောက်ပိုင်းမှာတခါမှမရှိဖူးသေးဘူး။ အဲဒါကို ထိန်းထားနိုင်ရင် အဲဒီအပေါ်မှာပိုပြီးတော့ မွမ်းမံပြင်ဆင်ပေးနိုင်ရင် ၂၀၁၃မှာ မျှော်လင့်ရနိုင်ပါတယ်။''

(ဒီဗွီဘီ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြခြင်းဖြစ်သည်။)

နယ်ဝေး ယူဆောင်သွားသော အရှင်ပညာစာရ ကျောင်းမှ အဆက်

ခေါ်ယူလို့ရနိုင်မယ့် အခြေအနေတော့မရှိသေးဘူး။ ကျွန်တော်တို့ ABC မိဘမဲ့ဂေဟာကလည်း ကျောင်းမှတ်ပုံတင်တောင် မရရှိသေးဆိုတော့ လောလောဆယ်ခွင့်ပြုချက်ရရှိဖို့နည်းနည်းခက်ခဲနေသေးတယ်။ စာတင်လို့တော့ရှိပါတယ်''ဟု သူကပြောသည်။

အရှင်ပညာစာရအား ၂၀၁၀ ခုနှစ်ဇူလိုင်လ ၂၇ရက်နေ့ကဖမ်းဆီးပြီး နောက်ဆရာတော်မွေးစားထားသောကလေး၁၀၀ကျော်အားအာဏာပိုင်များကခေါ်ယူသွားကာဗမာပြည်ဘက်သို့ ပို့ဆောင်ခဲ့သည်။

အဆိုပါ ကလေးငယ်များမှာ ရခိုင်မိဘနှစ်ပါးမှ မွေးဖွားသော မိဘမဲ့ကလေးငယ်များဖြစ်ကြသဖြင့် သူတို့နေရပ်ရင်းတွင် မထားရှိဘဲ ရခိုင်ပြည်နယ်မှတခြားဒေသသို့ပို့ဆောင်လိုက်ခြင်း အပေါ်ရခိုင်ပြည်သူများက အကြီးအကျယ် မကျေမနပ်ဖြစ်ခဲ့ကြသည်။

''ကျွန်တော်တို့ကတော့ ကလေးတွေကို ပြန်ခေါ်ချင်တာကတော့ ဒီဒေသကလေးတွေဒီဒေသမှာဘဲထားချင်တဲ့သဘောပါ။ ဒါပေမယ့် ခေါ်ယူလို့ရမရဆိုတာတော့မသိရသေးပါဘူး''ဟုသူကဆက်ပြောသည်။ ABCမိဘမဲ့ကလေးဂေဟာကျောင်းကို အရှင်ပညာစာရ ဖမ်းဆီးခံပြီး နောက် ၂၀၁၀ ခုနှစ်အောက်တိုဘာလ ၇ ရက်နေ့က စစ်တွေမြို့တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။

ABC မိဘမဲ့ဂေဟာကျောင်းမှ အရှင်ပညာစာရဦးစီးသော မဟာမုနိဗုဒ္ဓဝိရဟာရကျောင်းမှဗမာဒေသသို့အတင်းပြောင်းရွှေ့ ယူဆောင်သွားသောကလေးငယ်များကို ဒီဇင်ဘာလအတွင်းပြန်လည်ယူဆောင်လာမည်ဟုစစ်တွေတွင်သတင်းများထွက်ပေါ်နေကြောင်းသိရသည်။

''အခု ကျွန်တော်တို့ဂေဟာမှာကလေးက ၁၁ ဦးဘဲရှိပါသေးတယ်။ ကလေးတွေလည်းငယ်ငယ်လေးဘဲ ရှိပါသေးတယ်။ ကလေးအယောက် ၂၀ မပြည့်တော့ ဂေဟာကိုလည်း မှတ်ပုံတင်လို့မရဘဲဖြစ်နေပါသေးတယ်။ ဗမာပြည်ကိုယူသွားတဲ့ဆရာတော် အရှင်ပညာစာရကျောင်းက ကလေးတွေကိုပြန်ခေါ်လာနိုင်ရင်တော့ အကောင်းဆုံးပါဘဲ''ဟု သူက ပြောသည်။

ယခု ABC မိဘမဲ့ ကလေးဂေဟာတွင်ကလေး ၁၁ ဦးရှိပြီး အများစုမှာငါးနှစ်အောက်ကလေးများဖြစ်ကြပြီးတချို့မှာ ၂ လသားအောက်နို့စို့ကလေးအရွယ်များဖြစ်ကြသည်။ လက်ရှိတွင်အဆိုပါကလေးများအား မြို့ပေါ် ကော်မတီကခန့်အပ်ထားသော ဝန်ထမ်း ၉ ဦးဖြင့် ထိမ်းသိမ်း စောင့်ရှောက်ထားကြောင်းသိရသည်။

ပေးစာပီးစာ

မောင်တော မီးဘေးစိုးရိမ်ရ

မောင်တော မြို့ပေါ်ရှိ ကွန်ပျူတာနှင့် မိတ္တူဆိုင်လုပ်ငန်းရှင်များသည် မိမိတို့ စီးပွားရေး တွက်ခြေကိုက်ရန် အတွက် မိမိတို့၏ လုပ်ငန်းတွင် သုံး၍ ပိုလျှံသော လျှပ်စစ်မီးများအား မြို့ပေါ်ရှိ တခြား လုပ်ငန်းများ ဖြစ်သော လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အရက်ဆိုင်၊ ထမင်းဆိုင်၊ လျှပ်စစ်ပစ္စည်း ရောင်းချသော ဆိုင်များနှင့် တခြားလျှပ်စစ်မီးလိုအပ် သောနေရာများသို့ မီးကြိုးများ သွယ်တန်းလျှက် နံနက်(၈)နာရီမှ ညနေ (၁၀)နာရီ အထိ မီးပေးလျှက် ရှိနေကြပါသည်။ မောင်တောမြို့အမှတ်(၄)ရပ်ကွက်တွင်လည်းဓါတ်ဆီဆိုင်(၅)ဆိုင်ခန့် တရားမဝင်ရောင်းချနေကြပါသည်။ ၄င်းဓါတ်ဆီဆိုင်များမှာ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့ရဲများအား ဆက်ကြေးပေးပြီးရောင်းချနေခြင်းဖြစ်ပါသည်။

၄င်းကဲ့သို့ဓါတ်ဆီရောင်းချခြင်းအပြင် ကွန်ပျူတာမိတ္တူလုပ်ငန်းရှင်များမှမီးပေးရာတွင် မီးကြိုးများအားစနစ်တကျ သွယ်တန်းပြီး ပေးခြင်းမဟုတ်ဘဲ ဖြစ်သလို နီးစပ်ရာ လမ်းဓါတ်မီးတိုင်များတွင်၄င်း၊ ထရမ်စဖော်မာများ အနီးတွင်၄င်း ဖြစ်သလို သွယ်တန်း ထားပါသဖြင့် ဝါယာကြိုးများ ပေါက်ပြဲပြီး(ျသခု)ဖြစ်ပါက မီးလောင်ပြီး၄င်းမှ တဆင့်မင်းပြား ၊မြောက်ဦးမြို့နှင့် မောင်တောမြို့နယ် (တမန်းသား)ဈေးများကဲ့သို့ မီးလောင် ကျွမ်းနိုင်ပါသည်။ ယခုကဲ့သို့ ပွင့်လင်း ရာသီမျိုးတွင်ပို၍ ဖြစ်ပွားနိုင်ပါသည်။ သတင်းစာ၊ ဂျာနယ်တို့တွင်လည်း လျှပ်စစ် ပစ္စည်းများ အပူလွန်ကဲပြီး မီးလောင်မှုများ မကြာခဏဖြစ်ပွားနေသည်ကိုဖတ်ရှုရပါသည်။

သို့ဖြစ်ပါ၍မီးဘေးရှောင် မလောင်ခင်တား ဆိုသည့်စကားနှင့်အညီ မောင်တောမြို့ မီးဘေး စိုးရိမ်ရသည့် အတွက် တရားမဝင် လျှပ်စစ်မီး ဖြန့်ဖြူးရောင်းချနေသော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဓါတ်ဆီဆိုင်များအား စည်းမျည်းစည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်ပေးနိုင်ပါရန်နှင့် အထက်လူကြီးများ သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူမောင်တောမြို့သားများ

“တရုတ်က မြန်မာကို သုံးနှစ်စိုးမယ်”

(ဘုန်းစည်သူ)

“မန္တလေးကိုပင့်ယူသွားတဲ့ မဟာမုနိရခိုင်ဘုရားကြီး အကြောင်းပြောရင်းနဲ့ အဖိုးကဒီဘုရားကြီးကို တရုတ်က ရခိုင်ကိုပြန်ပို့ဖို့ ရှိတယ်ဆိုပြီးပြောပါတယ်။ ပီးရင်အဖိုးက ဘာပြောလဲဆိုရင် တရုတ်ကမြန်မာကိုသုံးနှစ်စိုးပြီး ပြန်အထွက်မှာ ရခိုင်ကို လွတ်လပ်ရေး ပေးခဲ့မယ်လို့ လည်းပြောပါတယ်။”

အခုတလော တရုတ်နဲ့ ပက်သက်ပြီး ပြောဆိုမှုတွေ ညံလာတော့ လွန်ခဲ့တဲ့နှစ်သုံးဆယ်ခန့်က ကျွန်တော့်ရဲ့ အဖိုးပြောဆိုခဲ့တဲ့ တရုတ်က မြန်မာကိုသုံးနှစ်စိုးမယ့် ဆိုတဲ့စကားကိုသွားသတိရမိပါတယ်။ အဖိုးပြောတာက ၁၉၈၀ ပတ်ဝန်းကျင်ကဖြစ်ပါတယ်။ ကျွန်တော်အဖိုးက အဲဒီအချိန်က အသက် ၇၀ကျော် ၈၀ပိုင်းကို ဝင်နေပါပြီ။ ကျွန်တော်က ရှစ်တန်းကျောင်းသားပါ။ တစ်နေ့ မန္တလေးကို ပင့်ယူသွားတဲ့ မဟာမုနိ ရခိုင်ဘုရားကြီး အကြောင်းပြောရင်းနဲ့ အဖိုးကဒီဘုရားကြီးကို တရုတ်က ရခိုင်ကိုပြန်ပို့ဖို့ရှိတယ်ဆိုပြီး ပြောပါတယ်။ ပီးရင်အဖိုးကဘာပြောလဲဆိုရင်တရုတ်က မြန်မာကို သုံးနှစ်စိုးပြီးပြန်အထွက်မှာ ရခိုင်ကိုလွတ်လပ်ရေး ပေးခဲ့မယ်လို့လည်းပြောပါတယ်။ အဖိုးပြောတော့ ကျွန်တော်တို့ကအဲဒါ ဘယ်တော့ဖြစ်မလဲလို့ မေးတဲ့အခါ အဖိုးကမြေးတို့ခေတ်မှာဖြစ်ချင်ဖြစ်နိုင်တယ် ဆိုပြီး ပြောပါတယ်။ အဲသလိုတရုတ်ကမြန်မာကို သုံးနှစ် စိုးမယ်ဆိုတာကို အဖိုးဘယ်လိုလုပ် သိပါသလဲလို့ မေးတော့ အဖိုးကရခိုင်ရာဇဝင် ဟောကိန်း ရှိတယ်လို့ ပြောပါတယ်။ ကျွန်တော်က အဲဒီတုန်းကရှစ်တန်း ကျောင်းသားဆိုတော့မြေပုံတွေဘာတွေကို သေသေချာချာ ကြည့်တတ်နေပါပြီ။ ဒါကြောင့် တရုတ်ပြည်နဲ့ မြန်မာနိုင်ငံ မြေပုံကိုယူလာပြီးအဖိုးကို ပြပါတယ်။ တရုတ်ပြည်နဲ့ ရခိုင်ကအဝေးကြီး။ ဘာကြောင့် တရုတ်ကလာပြီး ရခိုင်ကိုလွတ်လပ်ရေး ယူပေးမလဲလို့ မေးပါတယ်။ အဖိုးကတော့ငါလည်း မပြောတတ်ဘူး။ ဒီလိုတော့ ရာဇဝင် ဟောကိန်း ရှိတယ်ဆိုပြီး အဖိုးက ပြောပါတယ်။ အဖိုးဟာ စာပေကျွမ်းကန်နှံ့စပ်တဲ့ ပုဂ္ဂိုလ် တစ်ဦးဖြစ်ပါတယ်။ မြန်မာစာ၊ ရခိုင်စာကို ပြေပြေပြစ်ပြစ်ရေးသားနိုင်သူဖြစ်ပါတယ်။ အဖိုးရဲ့ ရေးတဲ့ လက်ရေးတွေဟာညီညာသေသပ်ပြီး အထူးသဖြင့် ယပင့်တွေဟာ အထူးညီညာပီး ပြေပြစ်ပါတယ်။ အဖိုးရဲ့ဆရာကဓညဝတီ ရာဇဝင်သစ်ကျမ်းကိုရေးတဲ့ဆရာတော် ဦးဥာဏဖြစ်ပါတယ်။ အဖိုးဟာ အင်္ဂလိပ်၊ ဂျပန်ခေတ်နဲ့ပါလီမန် ဒီမိုကရေစီ ခေတ်ထိ ရခိုင်မှာ ရွာသူကြီးလုပ်ခဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနှံ့အပြား ကိုလည်းရောက်ဖူးသူဖြစ်ပါတယ်။ အဖိုးကို ကျွန်တော်တို့က ဘုရားစာတရားစာက အစရေးသား ပြောဆိုနိုင်တဲ့အတွက် လေးစား တန်ဖိုးထားပေမယ့် အဲသလို အဖိုးပြောကြားတဲ့အပေါ် ကျွန်တော်တို့က ခလေးတွေးတွေးပြီးသိပ်မယုံကြည်ရဲဘဲ ဖြစ်နေခဲ့ပါတယ်။ အဲဒီတုန်းကလည်းတရုတ်နဲ့မြန်မာအကြားမှာ ဆက်စပ်မှုသိပ်မရှိသလို တရုတ်မြန်မာနိုင်ငံကို ကျူးကျော်ဖို့အကြောင်းအရာကလည်း ဘာမှမရှိပါဘူး။ ဒါ့အပြင် နေရာဒေသအကွာအဝေးကို ကြည့်တော့လည်း တရုတ်ပြည်ဟာ ရခိုင်နဲ့အဝေးကြီးဖြစ်သလို ကြားမှာလည်း ဗမာပြည်ကြီးက ခံနေလို့ ဖြစ်ပါတယ်။ ဒါကြောင့် အဖိုးပြောဆိုခဲ့တဲ့ စကားအပေါ်မှာသိပ် လေးလေးနက်နက် မထားခဲ့ပါဘူး။ ကျွန်တော်လည်း အသက်အရွယ် ကြီးရင့်လာတော့နိုင်ငံရေး လောကထဲမှာ ကျင်လည်ရင်း အဖိုးပြောဆိုခဲ့တာတွေကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ တရုတ်ကရခိုင် ကျောက်ဖြူမှာ တည်ဆောက်မယ့် ရေအမ ရေနက်ဆိပ်ကမ်းစီမံကိန်းတွေ၊ ဂတ်စ်နဲ့ ရေနံပိုက်လိုင်း စီမံကိန်းကြီးတွေအပြင် တရုတ်က တည်ဆောက်မယ့် မြစ်ဆုံရေကာတာကြီးတွေကို မြင်လာရတော့ အဖိုးပြောတာကို သွားသတိရမိပါတယ်။ အဲဒီခါမှ အဖိုးပြောခဲ့တာတွေလည်း ဖြစ်နိုင်သားဘဲလို့ တွေးတောလာမိပါတယ်။ အဖိုးပြောခဲ့တဲ့ စကားတွေကို လက်ရှိမြန်မာနိုင်ငံတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ ယှဉ်ထိုးကြည့်တဲ့ အခါဖြစ်နိုင်တဲ့ အခြေအနေတွေ ရှိနေပါလားလို့ ဆင်ခြင်သုံးသပ်လာမိပါတယ်။ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က အဖိုးပြောခဲ့တဲ့ စကားဟာ လက်တွေ့ မဆံလှပေမယ့် လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ယှဉ်ထိုးကြည့်တဲ့အခါ မှန်သယောင်ယောင်ရှိနေပါတယ်။ အဲဒါနဲ့ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်နဲ့စကားပြောရင်တရုတ်က တည်ဆောက်နေတဲ့ စီမံကိန်းတွေအကြောင်းပြောဖြစ် တော့ သူကဥပမာတစ်ခုပေးပါတယ်။ “ဆင်းရဲတဲ့ မိသားစုတစ်ခုရဲ့ ခြံဝင်းတစ်ခုထဲကိုရွာထဲက သြဇာရှိသူ ပိုက်ဆံရှိသူတစ်ဦးက မင်းရဲ့ခြံဝင်းကကျယ်တဲ့ အတွက်ငါအပန်းဖြေဖို့ အိမ်လေးတစ်လုံး ဆောက်ချင်တယ်လို့ပြောပြီး အိမ်ဆောက်တဲ့အခါ ဆင်းရဲတဲ့မိသားစုတွေနေတဲ့ အိမ်ထက်ငါး ဆခန့်ကြီးပီးတသက်လုံးနေလို့ရအောင် ခိုင်ခိုင်ခန့်ခန့် ဆောက်လိုက်တယ် ဆိုရင်သူရဲ့နောက် ကွယ်က ရည်ရွယ်ချက်ဟာဘာလဲဆိုတာကို လူတိုင်းမစဉ်းစားဘဲ အဖြေထုတ်လို့ ရတယ်လို့”ပြောပါတယ်။ အခုလည်း တရုတ်ကဆောက်နေတဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းတို့၊ မဒဲကျွန်း ရေနံတင်ဆိပ်ကမ်းတို့ ဆိုတာမြန်မာ အစိုးရကတောင် မဆောက်နိုင်တဲ့ရေအမ ကြီးမားတဲ့ စီမံကိန်းကြီးတွေ ဖြစ်ကြတယ်။ ဒါကြောင့် တရုတ် ဘယ်ခြေလှမ်းကို လှမ်းဖို့လုပ်နေတယ်ဆိုတာ သတိထားဖို့လိုတယ်လို့ပြောပါတယ်။ တကယ်တန်း စဉ်းစားကြည့်ရင်လည်း မြန်မာအစိုးရကတောင်မှ မတည်ဆောက်နိုင်တဲ့ ဒီလိုစီမံကိန်းကြီးတွေကို ရခိုင်မှာ တရုတ်ကတည်ဆောက်နေတော့ တရုတ်ရဲ့ ဦးတည်ချက်ဘာကို ရည်ရွယ်နေတယ်ဆိုတာကို လူတိုင်းသိသာထင်ရှားစွာမြင်နိုင်ပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူကမြန်မာနိုင်ငံအလယ်ပိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းကိုဖြတ်ပြီး တရုတ်ကို ပို့လွှတ်မယ့်ရေနံနဲ့ ဂက်စ်ပိုက်လိုင်းစီမံကိန်းဟာနောင်အခါ တရုတ်ပြည်ရဲ့အရေးကြီးဆုံးအသက်သွေးကြောကြီးဖြစ်လာ တော့မှာဖြစ်ပါတယ်။ အာဖရိကတိုက်တတိုက်လုံးနဲ့အရှေ့ အလယ်ပိုင်းကလာတဲ့ရေနံတွေအပြင်မြန်မာနိုင်ငံက ဂက်စ်တွေဟာ အဲဒီပိုက်လိုင်းတွေတဆင့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲကိုသယ်ယူမှာဖြစ်ပါတယ်။ ဒီပမာဏဟာတရုတ်နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက် အနည်းဆုံး၈၀ ရာခိုင်နှုန်းဖြစ်နေတဲ့အတွက် အင်မတန်တန်ဖိုးကြီးမားပါတယ်။ ဒါကြောင့် ဒီစီမံကိန်းကြီးဟာတရုတ်အတွက် အလွန်အရေးကြီးတဲ့စီမံကိန်းဖြစ်ပါတယ်။ တနည်းအားဖြင့်ပြောရ ရင်တရုတ်အတွက် မြစ်ဆုံရေကာတာထက်အရေးကြီးပါတယ်။ ဒါ့အပြင်ဂတ်စ်ပိုက်လိုင်းနဲ့ အတူအမြန်မီးရထားလမ်းတစ်ခုကို ဖောက်လုပ်ဖို့လည်း သဘောတူထားပြီးဖြစ်ပါတယ်။ အမြန်မီးရထား လမ်းကဘာကြောင့် ဖေါက်လုပ်ဖို့လိုသလဲဆိုတာလည်း စဉ်းစားစရာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ဟာဒီလိုကြီးမားတဲ့ရေရှည် စီမံကိန်းတွေကြောင့် မြန်မာနိုင်ငံက ဘယ်တော့မှ လက်ပိုက်ပြီး ထွက်သွားတော့မှာ မဟုတ်ဘူးဆိုတာကသေချာ သလောက် ဖြစ်သွားပါပြီ။ ဒီစီမံကိန်းတွေနဲ့ ပတ်သက်ပြီးလည်းသူ့အကျိုးစီးပွား အတွက်တရုတ်ကနည်းနည်းလေးမှ အထိအခိုက်ခံမှာမဟုတ်သလိုထိခိုက် လာရင်လည်း မြန်မာနိုင်ငံကို ကျူးကျော်ကောင်း ကျော်ကျူးလာနိုင်ပါတယ်။ အဖိုးပြောခဲ့တဲ့ စကားကတော့ လက်တွေ့မဆံလှတဲ့ ဟောကိန်းတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အဖိုးပြောခဲ့တဲ့ ဟောကိန်းဟာလက်တွေ့အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါ တိုက်ဆိုင်မှုတွေရှိလာတဲ့ အတွက် သတိတရားလက်ကိုင်ထားပြီးဆင်ခြင်ဖို့နဲ့ ဝေဖန်သုံးသပ်နိုင်ကြဖို့ရည် ရွယ်ချက်နဲ့ရေးသားလိုက်ရတာဖြစ်ပါတယ်။ဘုရားရှင်ရဲ့ ဗျာဒိတ်တော်ကိုအခြေခံပြီးနောင်သောကာလမှာ ဖြစ်ပေါ်လာမယ့် အကြောင်း အရာတွေကိုရခိုင်ရှေးဟောင်း ကျောက်ရိုးရာဇဝင်မှာရေးသားထားခဲ့ရာမှာ မြန်မာနဲ့ပတ်သက်ပြီး ခုလိုရေးသားထားတာကို တွေ့ရပါတယ်။

အပိုဒ် (၅၇)–မြန်မာပြည်ကို မသွယ်မှန်စွာ မသမာ တရုပ်ဖျက်လိမ့်မည်။ အပိုဒ်(၅၈)–ကုလားတရုပ်ရန်ဘေး ချက်ကြောင့်မြန်မာ–ရခိုင် ထိုခါစစ်ပွဲဖြစ်လိမ့်မည်။ အပိုဒ် (၅၉)–မြန်မာပြည်ကြီး အပြီးထိုခါပျက်လိမ့်မည်–လို့ ရေးသားဖေါ်ပြထားပါတယ်။

မူတွေပြောင်းတာလား၊ လူတွေပြောင်းတာလား မှအဆက်

ခိုင်မာတဲ့ နိုင်ငံရေးအရလုပ်ငန်းစဉ်တွေကို မချမှတ်ပဲ အချို့သောအပြစ်ရပ်အဖွဲ့တွေနဲ့တွေ့စုံဆွေးနွေးပြီး ပဏာမငြိမ်းချမ်းရေးခေါင်း စဉ်နဲ့သာ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးနေပါတယ်။တစ်ဖွဲ့ထဲမှာပင်ဆွဲထုတ်ခံရတဲ့ အဖွဲ့တွေက ဆွဲထုတ်ခံလိုက်ကြရပါပြီ။

လက်ရှိစစ်အစိုးရရဲ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် လက်ရှိတွေ့ကြုံနေရတဲ့ နိုင်ငံရေးအကြပ်အတည်းကို ကျော်လွှားနိုင်ဖို့ အတွက်ကျင့်သုံးတဲ့ မျက်လှည့်တစ်ခုသာဖြစ်တယ်။ တည်ရှိနေတဲ့ အပြစ်ရပ်အဖွဲ့တွေကို သက်လျှိုဖြိုခွဲတာဖြစ်တယ်။ စစ်ဆင်ရေးတွေပြုလုပ်တဲ့အခါ နှစ်ဘက်သဘောတူလက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေကို လက်ပိုက်ကြည့်ခိုင်းမယ်။ ဒါမှမဟုတ်အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး ခွပ်ခိုင်းမယ်ဆိုတာပါပဲ။ စစ်အစိုးရက တော့ရှင်းတယ်။ ငြိမ်းချမ်းရေးခေါ်မယ်၊ ငြိမ်းချမ်းရေး မလုပ်တဲ့အဖွဲ့တွေကို မတရားအသင်းကြေညာမယ်၊ အကြမ်းဖက်အဖွဲ့အဖြစ်စွပ်စွဲပြီးအပြီးသတ်နှိမ် နှင်းမယ် ဆိုတာပါပဲ။ နိုင်ငံတကာကိုလည်း ပြရကောင်းတာပေါ့။ အခုလည်းတဖက်ကတရားနည်း လမ်းမကျတဲ့ငြိမ်းချမ်းရေးတွေကိုလုပ်နေသလို အခြားတဖက်မှာလည်းအပစ်ရပ်အဖွဲ့တွေကိုခြိမ်းခြောက်တဲ့ စစ်ဆင်ရေးတွေ ပြုလုပ်နေတာတွေမြင်နိုင်ပါတယ်။ ဒါကြောင့်ယုံကြည်ရခက်တယ်ဆိုတာတော့ မဆန်းပါဘူး။

စစ်မှန်တဲ့ ငြိမ်းချမ်းရေးကိုတည်ဆောက်ချင်တယ်ဆိုရင် တိကျပြီး ပွင့်လင်းမြင်သာတဲ့ ထုတ်ပြန်ကြေညာချက်ကိုတရားဝင်ထုတ်ပြန် ကြေညာရမှာဖြစ်ပါတယ်။ ပဏာမတည်ဆောက်ခြင်းမျိုးမဖြစ်ရပါဘူး။ မတရားအသင်းဥပဒေတွေကို ခေတ္တရပ် ဆဲရမှာဖြစ်သလို ငြိမ်းချမ်းရေးအဖွဲ့ ဖွဲ့စည်းတဲ့အခါ နှစ်ဘက်ပါဝင်တဲ့ ဖွဲ့စည်းမှုမျိုးဖြစ်ဖို့လိုပါတယ်။ နှစ်ဦးနှစ်ဖက်ယုံ ကြည်မှုကိုအခြေခံပြီး ရန်လိုတဲ့ အပြုအမူတွေကို ရှောင်ကျဉ်ရမှာပါ။အချိန်ကာလသတ်မှတ်ချက်ထားရှိရမှာဖြစ်သလို အဲဒီကာလအတောအတွင်းမှာ ငြိမ်းချမ်းရေးဆွေးနွေးလာတဲ့အဖွဲ့ကသူတွေကို အာမခံချက်ပေးထားဖို့ လိုပါတယ်။ အခုသိန်းစိန်ရဲ့လုပ်ပုံက တရားဥပဒေမဲ့နေပါတယ်။ ဆွေးနွေးကာလအတွင်း ဖမ်းချင်ဖမ်းနိုင်တယ်၊ သတ်ချင်သတ်နိုင်တယ်၊ ဘာအာမခံချက်မှမရှိဘူး ဖြစ်နေတယ်။ ဒီလိုသာ ငြိမ်းချမ်းရေးဖော်ဆောင်တိုင်း စစ်မှန်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိုမဆိုနဲ့ ဖြစ်နေတဲ့ ပြည်တွင်းစစ်တောင် ဒီထက်ပိုဆိုးဖို့ပဲရှိပါတော့တယ်။

နိဂုံးချုပ်တင်ပြရမယ်ဆိုရင် ဗမာပြည်ပြုပြင်ပြောင်းလဲရေးအတွက် စပြီးလုပ်နေပြီဆိုရင် အစကောင်းဖို့ လိုပါတယ်။ အစကောင်းမှ အနှောင်းကသေချာမှာပါ။ အစမကောင်းရင် ကောင်းခြင်းသုံးဖြာမင်္ဂလာနဲ့ ပြည့်စုံမှာမဟုတ်ပါဘူး။ အစမကောင်းတဲ့အတွက် အလယ်မှာလည်းမကောင်းသလို အဆုံးမှာလဲ ကောင်းဖို့မရှိပါဘူး။ အစကောင်းမှ ကိုယ်ပျိုးတဲ့အပင်က လှလှပပ ရှင်သန်ကြီးထွားနိုင်မှာဖြစ်သလို ဗမာပြည်နိုင်ငံရေး အခြေအနေဟာလည်း ထာဝရ ငြိမ်းချမ်းသာယာနိုင်ပါလိမ့်မယ်။ ဗမာပြည်နိုင်ငံရေးအကြပ်အတည်းကို တစ်ပွဲထိုးနည်းနဲ့ဖြေရှင်းမရနိုင်သလို ပြုပြင်ပြောင်းလဲရေးအတွက်စနစ်ကျတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေချမှတ်ဖို့ လိုပါတယ်။ နှစ်ပေါင်းများစွာ တည်ဆောက်နေရတဲ့ ဗမာပြည်ရဲ့အမျိုးသားရင်ကြားစေ့ရေးဟာ အဆင့်တွေကျော်ပြီး လွယ်လွယ်နဲ့ဆုံးဖြတ်၊ လွယ်လွယ်နဲ့ ပူးပေါင်းဆောင်ရွက်လို့ မရသလို အလွယ်တကူယုံကြည်ဖို့လည်း မဖြစ်သင့်ပါဘူး။ အစပိုင်းမှာပင် ယုံကြည်ခိုင်မာမှုရှိတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေဖြစ်ဖို့ လိုပါတယ်။ အနည်းဆုံး အောက်ပါ အချက်တွေနဲ့ ပြည့်စုံနိုင်ရပ့ါမယ်။

၁) နိုင်ငံရေးအကျဉ်းသားတွေအားလုံးနဲ့ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေအားလုံးကို ချွင်းချက်မရှိ လွှပ်ငြိမ်းချမ်းသာခွင့် တရားဥပဒေအရ တရားဝင် ပေးရပါမယ်။

၂) မတရားတဲ့ဥပဒေတွေကို ခေတ္တယာယီရပ်ဆိုင်းထားဖို့ လိုပါလိမ့်မယ်။

၃) တစ်ဖွဲ့ချင်းတွေဆုံဆွေးနွေးတာမျိုးမဟုတ်ပဲ အားလုံးတပြေးညီရှိတဲ့ တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည် ဖော်ဆောင်ရွက်ဖို့လိုပါတယ်။

၄) သတင်းလွတ်လပ်ခွင့် အပါအဝင် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတွေကို လွတ်လပ်ခွင့်ပေးဖို့လိုပါတယ်။

၅) သဘောတူညီချက်တွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို လူသိရှင်ကြားတရားဝင်ထုတ်ပြန်ဖို့လိုပါတယ်။

၆) ယုံကြည်မှုကိုအခြေခံထားပြီး တစ်ဖက်သက်ဆွေးနွေးခြင်းမျိုးမဟုတ်ပဲ နှစ်ဖက်စလုံး အပေးအယူ အလျှော့ အတင်းလုပ်နိုင်ရပ့ါမယ်။

၇) အသိသက်သေရှိတဲ့ တွေ့ဆုံမှုမျိုးဖြစ်ပြီး ကတိတည်ဖို့လည်းလိုပါမယ်။

အနည်းဆုံး အထက်ဖော်ပြပါအချက်တွေကို ယေဘုယျအားဖြင့် မလိုက်လျှောနိုင်ဘူးဆိုရင် စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေး မဟုတ်သလို စစ်မှန်တဲ့ငြိမ်းချမ်းရေးကိုမရနိုင်ပါဘူး။ အထက်ပါအချက်တွေမရှိပဲ ပြုပြင်ပြောင်းလဲရေးတွေစလုပ်နေပြီ၊ အဲဒီလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းဆောင်ရွက်ခဲ့ရင် စစ်အစိုးရရင်ဆိုင်နေရတဲ့ အကြပ်အတည်းတွေကို ဝိုင်းဝန်းဖြေရှင်းတဲ့ ထောက်ခံအားပေးတာဖြစ်နိုင်သလို မိမိတို့ရဲ့နိုင်ငံရေးကို မိမိ ဘာသာသတ်သလိုဖြစ်ပါလိမ့်မယ်။ မူတွေလွဲရင် လူတွေကွဲပြီး ဗမာပြည်ရဲ့ပြည်တွင်းစစ်မီးဟာလည်း အသောမသတ် ဆက်ပြီးလောင်ကျွမ်းစေမည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ပါတယ်။

မူတွေပြောင်းတာလား လူတွေပြောင်းတာလား

မှတ်ကြီးသား (ဥပဒေ)

လက်တလော ဗမာပြည်နိုင်ငံရေး အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ဗမာပြည်ရဲ့ နိုင်ငံရေး အခြေအနေဟာ အကောင်းဘက်ကို ဦးတည်နေပါပြီလို့ဆုံးဖြတ်ဖို့ တော်တော့်ကိုစော လွန်းနေသေးတာတွေ့ရမှာပါ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တွေ့တာ၊ မစ္စတာ ကွင်တားနားအစပြုလို့ မစ္စတာ မစ်ရှဲအဆုံးစတဲ့ သူတွေကို ပြည်ဝင်ခွင့်ပေးတာ၊ လွတ်ငြိမ်းချမ်းသာခွင့် အသံတွေထွက်လာတာ၊ ငြိမ်းချမ်းရေးစတဲ့ ကော်မတီတွေ ဖွဲ့ပြီး လက်နက်ကိုင် အပစ်ရပ်အဖွဲ့ တစ်ဖွဲ့နှစ်ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက်တွေရယူတာ၊ ဒီမိုကရေစီ နေ့အခမ်းအနားကျင်းပတာတွေကိုကြည့်ပြီး ဗမာပြည်ဟာ ပြုပြင်ပြောင်းလဲ ရေးဖြစ်နေပြီလို့ ယုံယုံကြည်ကြည်နဲ့ ပြောလို့မရသေးပါဘူး။ အားလုံးကို ခရေစိတွင်းကျခြုံငုံပြီးကြည့်တတ်ရင် သိန်းစိန်စစ်အစိုးရတွေ လုပ်နေတာဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်ပိုဝင်စေဖို့နဲ့ စစ်အစိုးရသက်ဆိုးပိုပြီး ကြာရှည်စေဖို့အပါအဝင် လက်ရှိစစ်အစိုးရတွေ ကြုံခံစားနေရတဲ့ နိုင်ငံရေးအကြပ်အတည်းတွေကို ဖြေရှင်းဖို့ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာကလက်ရှိ ဒီမိုကရေစီအရေခြုံထားတဲ့ စစ်အာဏာရှင်အုပ်စုကို ဆက်ပြီးအသိ အမှတ်ပြုအောင် လုပ်တဲ့လုပ်ဆောင်ချက်တွေပဲဆိုတာတွေ့ရမှာပါ။ အပြုသဘောဆောင်ကြည့်တတ်ရင် နိုင်ငံရေးအရ အကောင်းဘက်ကို ဦးတည် တယ်ဆိုပေမယ့် ဗမာပြည်နိုင်ငံရေး အခြေအနေကိုတော့ တဝဲလည်လည်တော့ မဖြစ်စေချင်ပါဘူး။ အားလုံးဟာစစ်အုပ်စုရဲ့ မဟာဗျူဟာ အရ စနစ်တကျချမှတ်ထားတဲ့ နည်းဗျူဟာထဲက လုပ်ငန်းစဉ်တွေပဲ ဖြစ်နေတာ တွေ့ရမှာပါ။

၁) လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သိန်းစိန်တွေ့ဆုံခြင်း

ပထမဆုံး မြင်တတ်ရမှာက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာဗမာပြည်က တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး ယုံကြည်အားကိုးရာ လူထုခေါင်းဆောင်ဆိုတာ ရှင်းပါတယ်။ ဒါပေမယ့် လက်ရှိသမ္မတဖြစ်တဲ့သိန်းစိန်က ဘာကောင်လဲဆိုတာ မေ့ထားလို့မရပါဘူး။ လက်ရှိစစ်အုပ်စုတစ်ခုလုံးရဲ့ ခေါင်းဆောင်တစ်ယောက်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နည်းနည်းလေးမှ ယုံကြည်လို့မရတဲ့ ပုဂ္ဂိုလ်စရင်းထဲမှာပါ ပါတယ်။ ဒီနေရာမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါတ်သက်ပြီး သုံးသပ်မပြချင်တော့ပါဘူး။ ဘယ်သူတွေက ဘယ်လိုရေးဆွဲပြီး ဘယ်လိုအတည်ပြုခဲ့တယ်ဆိုတာ အားလုံး သိပြီးသားဖြစ်ပါလိမ့်မယ်။ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ပွဲဟာလည်း တရားမျှတမှုမရှိဘူးဆိုတာ ဗမာပြည်ရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသာမက နိုင်ငံတကာကလည်း သိပါတယ်။ ဒါပေမယ့် သိသိကြီးနဲ့ ပြုပြင်ပြောင်းလဲပါစဆိုပြီး အပြုသဘောဆောင်ရှေးရှုလို့နိုင်ငံရေးအရရော၊သံရေးတမန်ရေးအရပါ စစ်အစိုးရနဲ့ဆက်ဆံနေကြရပါတယ်။ ဘာပဲဖြစ်ဖြစ် အလုံးစုံကိုတော့မျက်စိစုံမှိတ်လို့ မယုံကြည်နိုင်ကြဘူးဆိုတာတော့ မှားမယ် မထင် ပါဘူး။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သိန်းစိန်တို့မတွေ့ခင် ဦးအောင်ကြည်နဲ့တွေ့စုံခဲ့တာ အားလုံး မှတ်မိကြမယ်ထင်ပါတယ်။ အဲဒါနဲ့ပါတ်သတ်လို့ ပြည်တွင်းပြည်ပမှာရှိတဲ့ နိုင်ငံရေးသမားတွေ၊ နိုင်ငံတကာက သံသယနဲ့သာ ဝိုင်းပြီး ကြိုဆိုထောက်ခံခဲ့ကြသလို နိုင်ငံရေးအရလည်းအမျိုးမျိုးထင်ကြေးတွေပေး၊ ဝေဖန်မှုတွေပြုလုပ်ခဲ့ကြပါတယ်။ အကောင်းဘက်က ကြည့်သလို အဆိုးဘက်ကရှုမြင်မှုတွေလည်းရှိပါတယ်။ ဒါနဲ့ပါတ်သက်ပြီး လူသိရှင်ကြားထုတ်ပြန်တဲ့ အချက်လေးချက်ပါတဲ့ ထုတ်ပြန်ကြေညာချက် တစ်စောင်ပဲ ထွက်ခဲ့ပါတယ်။ အသေးစိတ်တော့ မသိကြရသေးပါဘူး။ စစ်အုပ်စုနဲ့ သဘောထားအပေါ် လူထုကို ထုတ်ဖော်ပြောဖို့ ခက်နေတဲ့သဘောရှိပါတယ်။ ဘာပဲဖြစ်ဖြစ်ပွင့်လင်းမြင်သာမှုမရှိသေးဘူးဆိုတာတွေ့ရမှာပါ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သိန်းစိန်တို့တွေ့စုံမှုဆိုရင် ဦးအောင်ကြည်နဲ့ တွေ့စုံစဉ်ကထက်ပိုပြီး ပွင့်လင်းမြင်သာမှုမရှိခဲ့ပါဘူး။ ဒါပေမယ့် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင်နိုင်ငံအတော်များများနဲ့ပြည်တွင်း ပြည်ပအတိုက်အခံပါတီတွေ၊ နိုင်ငံရေးသမား တွေက အပြုသဘောဆောင်ပြီးကြိုဆိုခဲ့ကြပါတယ်။ လက်တွေ့အရလုပ်ဆောင်ဖို့အတွက်လည်း တိုက်တွန်းခဲ့ ကြပါတယ်။ ဒါနဲ့ပါတ်သတ်ပြီးလေ့လာကြည့်မယ်ဆိုရင်စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကိုလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သွားရောက်တဲ့အချိန်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဖြစ်တဲ့သူက လူထုခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မဖြစ်မနေ ညှော်ဝတ်ပြုတဲ့ သဘောဖြစ်ချင်လည်းဖြစ်နေပါတယ်။ တရားဝင်သီးခြားခေါ်ယူတွေ့စုံခြင်းမဟုတ်ပဲ အလွတ်သဘောသတ်သတ်သာဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ တွေ့စုံတဲ့နေရာမှာ မတူတဲ့သဘောထားအမြင်တွေကို ဘေးဖယ်ထားပြီး နိုင်ငံနဲ့ပြည်သူလူထုအကျိုးအတွက် အမှန်တကယ် အကျိုးရှိစေမယ့်ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေရှိတယ် လို့ မြန်မာ့အလင်းသတင်းစာမှာဖော်ပြချက်နဲ့ ပါတ်သတ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သဘောတူကြောင်း ထုတ်ပြန်ကြေညာခဲ့သလို လက်တွေ့အရ အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုကြောင်း နိုင်ငံရေး ပါတီနဲ့ နိုင်ငံရေးသမားအများစုကသတိနဲ့ကြို ဆိုခဲ့ကြပါတယ်။

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရ အာဏာရှင်တွေ တွေ့စုံမှုတွေနဲ့ပါတ်သတ်ပြီး လေ့လာကြည့်မယ်ဆိုရင် တရားဝင်တွေ့စုံတာမရှိဘူး၊ အဖြစ်သဘောသာဆောင်နေတာတွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် အပြုသဘောဆောင်ပြီး ကြိုဆိုကြတာကို တွေ့ရပါတယ်။ တွေ့စုံဆွေးနွေးမှုတွေနဲ့ပါတ်သတ်ပြီး သဘောတူညီချက်တွေကို လူသိရှင်ကြား ထုတ်ပြန်မကြေညာသလို ဘယ်အချိန်မှာစပြီး ဘယ်အခါမှ ဆုံးမလဲဆိုတဲ့ သတ်မှတ်ချက်မတွေ့ရဘူး။ စစ်အုပ်စုရင်ဆိုင်နေရတဲ့ ပြည်တွင်းပြည်ပက ဖိအားနဲ့ အကြပ်အတည်းကို ဖြေရှင်းဖို့အတွက် နည်းဗျူဟာတစ်ခုသာဖြစ်နေတာတွေ့ရပါတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ ရတဲ့အခွင့်အရေးကို လက်လွတ်မခံပဲ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး အကျိုးကို ရှေ့ရှုပြီး ထောင်ချောက်မှန်းသိလျှက်နဲ့ သတိရှိရှိဝင်တိုးနေတာဖြစ်ပါတယ်။ ဗမာပြည်မှာရှိတဲ့ တိုင်းရင်း သားပြည်သူလူထုတစ်ရပ်လုံးနဲ့ ပြည်တွင်းပြည်ပ အတိုက်အခံနိုင်ငံရေးပါတီတွေကတော့ စိုးရိမ်ပူပန်ခဲ့ကြရတာတော့ အမှန်ပါပဲ။

တွေ့စုံမှုတွေနဲ့ပါတ်သတ်ပြီး ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် လူထုခေါင်းဆောင်နဲ့ စစ်အစိုးရတွေ့စုံမှုက တစ်နှစ်ထက်တစ်နှစ် တိုးတက်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် တွေ့စုံဆွေးနွေးတဲ့အခါ ဗိုလ်အောင်ကျော်လမ်းကြေညာစာတမ်း၊ နိုင်ငံရေးအကျဉ်းသား လွတ်ပေးရေး၊ အပြစ်အခတ်ရပ်ဆိုင်းရေး၊ အဆင့်တက်တွေ့စုံဆွေးနွေးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးတို့ကို အခြေခံပြီး ထည့်သွင်းမဆွေးနွေးရဘူး၊ စစ်အုပ်စုကသဘောမရှိဘူးပဲနဲ့ပူးပေါင်းဆောင်ရွက်ရေးကိုအဆင့်ကျော်ပြီး လုပ်ဆောင်ရမယ် ဆိုရင်တော့ ဒါဟာနိုင်ငံရေးအရ တိုးတက်မှုဖြစ်စဉ်လား၊ ဆုတ်ယုတ်သွားတာလား ဆိုတာ စဉ်းစားကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုကို အနေးနဲ့အမြန်ဖြစ်မယ်ဆိုရင်တော့ တဆင့်ကျော်ပြီး လုပ်သင့်ရင်လည်းလုပ်ရမယ်ဆိုတာ အားလုံးလဲတွေးမိကြမယ်ထင်ပါတယ်။ လက်ရှိအနေအထားမှာတော့ လူထုခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည် ယုံကြည်သလို လက်ရှိစစ်အစိုးရသိန်းစိန်က စစ်မှန်ပြီး အပြုသဘောဆောင်တဲ့ အပြောင်းအလဲကို လိုလားသူ၊ ပြုပြင်ပြောင်းလဲမှု တွေစပြီးအကောင်အထည် ဖော်နေပြီဆိုတာ အားလုံးက ယုံကြည်လက်ခံဖို့ပါပဲ။ နိုင်ငံရေး သတိတော့ ထားကြရမှာပါ။

၂)မစ္စတာကွင်တားနားအစပြုလို့မစ္စတာ မစ်ရှဲအဆုံးစတဲ့ သူတွေကို ပြည်ဝင်ခွင့်ပေးခြင်း

စစ်အစိုးရက ပြည်တွင်းပြည်ပနဲ့ နိုင်ငံတကာဖိအား၊ နိုင်ငံရေးအကြပ်အတည်းနဲ့ သူလိုချင်တာရဖို့အတွက် ကျင့်သုံးလိုက်တဲ့ နည်းဗျူဟာတစ်ရပ်လို့ ရှုမြင်ရင် မှားမယ်မထင်ပါဘူး။ အခုဆိုရင် အာစီယံက တရားမျှတမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နိုင်ငံတကာ ဆက်ဆံရေးလိုအပ်ချက်အရ ၂၀၁၀ ရွေးကောက်ပွဲအရပေါ်ထွန်းလာတဲ့ လွှတ်တော်ကို အသိအမှတ်ပြုလိုက်ပါပြီ။ အာစီယံ ဥက္ကဋ္ဌနေရာပေးဖို့တစ်ခုပဲ ကျန်ပါတော့တယ်။ ဒါနဲ့ပါတ်သတ်ပြီး ဘာတွေမျက်လှည့်ပြဦးမယ်တော့မသိသေးပါဘူး။ လက်ရှိအနေအထားအရတော့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့နဲ့ လက်နက်ကိုင် အင်အားစုအချို့နဲ့ အပစ်ရပ်ရေး၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နေတာတွေ့ မြင်နိုင်ပါတယ်။ အစစ်အမှန်လား အတုအယောင်လားဆိုတာတော့ ပြောရခက်ပါတယ်။ အကြောင်းကတော့ နိုင်ငံရေးအကျဉ်းသားတွေ ဖမ်းဆီးထောင်ချနေသလို ပြစ်ဒဏ်တိုးနေတာတွေရှိနေပါတယ်။ သတင်းမီဒီယာနဲ့ ပါတ်သတ်ပြီး ဒီမိုကရေစီကျင့်စဉ်နဲ့အညီ အလုံးစုံ လွတ်လပ်ခွင့်မရှိသေးပါဘူး။ တဖက်မှာ ငြိမ်းချမ်းရေး တည်ဆောက်နေသလို တဖက်မှာ တိုက်ပွဲတွေ ဖြစ်နေပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုတော့ မရပ်သေးပါဘူး။ မြေယာမြေနဲ့ အိုးအိမ်တွေသိမ်းပိုက်တာ၊ ရွာမီးရှို့တာ၊ ပေါ်တာဆွဲတာစတဲ့ စစ်ရာဇဝတ်မှုနဲ့ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုတွေကို အများဆုံး ကျူးလွန်နေတာတွေ့ရပါတယ်။ မစ္စတာ ကွင်တားနားအစ မစ်ရှဲတို့အကြံပြုတိုက် တွန်းသွားတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွတ်ပေးခြင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဖော်ဆောင်ခြင်းစတဲ့ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲ့သင့်တဲ့ အချက်တွေကိုလိုက်နာ စောင့်ထိန်းခြင်းမရှိသေးပါဘူး။ လူ့အခွင့်အရေးတိုးတက်မှုမရှိဘူးဆိုတာ မစ္စတာကွင်တားနားအစ မစ်ရှဲအဆုံး လက်ခံသွားကြပေမယ့် လက်ရှိစစ်အစိုးရရဲ့ အနည်းအကျဉ်းလုပ်ရိုးလုပ်စဉ် တွေကိုတော့ အပြုသဘောဆောင်ကြိုဆိုသွားခဲ့ကြပါတယ်။ စစ်အုပ်စုကိုတော့ လျော့တွက်လို့မရသေးပါဘူး။ နိုင်ငံရေး လုပ်ထုံးလုပ်နည်းအရ နည်းလမ်းကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ နိုင်ငံတကာရဲ့သံရေးတမန်ရေး ကိစ္စကိုတော့ မေ့ထားလို့မရနိုင်ပါဘူး။ ဗမာပြည်နိုင်ငံ ရေးဖြစ်စဉ်ကို ထောက်ခံတဲ့နိုင်ငံကြီးတွေရှိသလို ဖိအား ပေးနေဆဲနိုင်ငံကြီးတွေလည်းရှိပါတယ်။ အာစီယံ ဥက္ကဋ္ဌ နေရာနဲ့ ပါတ်သတ်ပြီး အာစီယံကလူထုခေါင်း ဆောင်ရဲ့ စကားကိုနားထောင်နေမယ်ဆိုတာနဲ့ မပြီးသေးနိုင်ပါဘူး။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီတင်မယ့် ကိစ္စကလည်းလက်တလောစစ်အစိုးရ အကောင်အထည်ဖော်ဆောင်ရွက်ပြနေတဲ့ နည်းဗျူဟာလေးတွေနဲ့ပင် သဘောထားတွေ ပျော့ပျောင်း ကုန်လာတာတွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ဗမာပြည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုမှာ ပြည်သူတွေရဲ့ ဆန္ဒသာ အရေးကြီးပါတယ်။ ပြည်သူ့ဆန္ဒဖော်ပြမှုသာ ခေါင်းဆောင်တွေက အကောင်အထည်ဖော်ပေးနိုင်ကြမှာ ဖြစ်ပါတယ်။ လူထုခေါင်းဆောင်ကိုယုံရင် လူထုခေါင်းဆောင် နောက်ကလိုက်ကြရမှာဖြစ်သလို လူထုခေါင်းဆောင် လုပ်ရှားနိုင်အောင်လို့ လူထုဆန္ဒကို ဖော်ပြကြရမှာဖြစ်ပါတယ်။ အပြောင်းအလဲဖြစ် နိုင်မယ့် အခြေအနေမှာ ရောက်နေပြီဆိုရင် ဒီအပြောင်း အလဲဟာ ပြည်သူအတွက်အကောင်းဆုံး၊ တိုင်းပြည်အတွက်အကောင်းဆုံးဖြစ်အောင်လို့ ဘယ်ပုံဘယ်နည်း လုပ်မလဲဆိုတာ လူတိုင်းကတာဝန်သိသိနဲ့ လေးလေးနက်နက် စဉ်းစားရမှာဖြစ်ပါတယ်။ တချို့ကျတော့ ပုံစံမပြောင်းနိုင်ဘူး၊ ဒီပုံစံ၊ ဒီပုံစံပဲ။ ဒီအခြေအနေလည်း ဒီပုံစံလုပ်မယ်။ ဟိုအခြေ အနေလည်း ဒီပုံစံလုပ်မယ် ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါဟာ အခြေအနေကို ဆင်ခြင်သုံးသပ်နိုင်တဲ့အရည်အချင်း အားနည်း တာလို့ ပြောရမှာပဲဆိုတဲ့ Clinton Global Initiative ရဲ့ နှစ်ပတ်လည် ညီလာခံမှာပြောသွားတဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကို အလေးအနက် ထားရလိမ့်မယ်လို့ထင်ပါတယ်။

၃) လွတ်ငြိမ်းချမ်းသာခွင့်

သိန်းစိန်သမ္မတဖြစ်ပြီး ထောင်ဒဏ်နှစ်လျော့ပေးလိုက်တဲ့ ကိစ္စကိုပဲကြည့်ကြည့်၊ တွေ့စုံဆွေးနွေးပွဲတုန်းက ပြောကြားတဲ့မိန့်ခွန်းကိုပဲ ကြည့်ကြည့်၊ နိုင်ငံရေးအရမကလို့ ဥပဒေကြောင်းအရပါသုံးသပ်ပါစေ စစ်မှန်ပြီး တရားဝင်တဲ့ လွတ်ငြိမ်းချမ်း သာခွင့်မဟုတ်ဘူးဆိုတာအားလုံးအသိပါ။ နိုင်ငံရေးအရ ထင်ရောင်ထင်မှားဖြစ်စေပြီး အုပ်စုခွဲလိုက်တာဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ နိုင်ငံတကာအနေနဲ့တော့ စစ်အုပ်စုက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကလွှတ်ပေးတာလေးနဲ့ဒင် ကျေနပ်နေတာတော့ အမှန်ပါပဲ။

လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပါတ်သက်ပြီး ရှေးအာဏာရှင်တွေရဲ့ လုပ်နည်းလုပ်ဟန်ကိုတော့ မေ့ထားလို့ မရနိုင်ဘူးထင်ပါတယ်။ အခု လွှတ်ငြိမ်းချမ်းသားခွင့်နဲ့ ပါတ်သက်ပြီး တစ်ပါတီအာဏာရှင်လက်ထက်က လုပ်ခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့် နဲ့စာရင် တောင်တော်တော်လေးကွာဟတယ်ဆိုတာတွေမြင်နိုင်ပါတယ်။ တစ်ပါတီအာဏာရှင်ဦးနေဝင်းတုန်းက လွတ်ငြိမ်းချမ်းသာခွင့်နဲ့ပါတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် အောက်ခြေထိ လမ်းညွှန်ပေးခဲ့တယ်။ အခုဦးသိန်းစိန်ကြီးကျတော့ မတင်မကျပြောတယ်။ ပြတ်သားမှုမရှိဘူး။ တရားဝင်ဖို့ နေနေသာသာ နိုင်ငံရေးအရ ထိရောက်မှု မရှိတဲ့အပြင် လိုက်လိုက်လှဲလှဲ ကြိုဆိုတာမဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။ ထင်ရှားစေတာကတော့ ဦးသိန်းစိန်ကိုယ်တိုင် ပြုပြင်ပြောင်းလဲချင်တဲ့စိတ်နဲ့ ယုံကြည်မှုရှိရှိဖိတ်ခေါ်တာမဟုတ်ဘူးဆိုတာ ပေါ်လွင်စေပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဆယ်ရက်ကျော်ကစလို့ ပြည်တော်ပြန်တဲ့သူကပြန် စောင့်ကြည့်နေတဲ့သူက စောင့်ကြည့်နေကြပါတယ်။ ကိုယ့်ယုံကြည် ချက်နဲ့ကိုယ် လွတ်ငြိမ်းချမ်းသာခွင့်ယူကြတာကို မပြောလိုပေမယ့် နိုင်ငံရေးသတိတော့ လစ်သွားလို့မရဘူးဆိုတာပါ။ ဥပဒေအရ တရားဝင် လွတ်ငြိမ်းချမ်းသာခွင့်မထုတ်ပြန်ပဲ သိန်းစိန်ရဲ့ စကားကိုယုံကြည်မိရင်သံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှား တဲ့ကိန်းစိုက်မှာ သေချာပဲဆိုတာတော့ ပြောနိုင်ပါတယ်။ အခုသိန်းစိန်ရဲ့ လွတ်ငြိမ်း ချမ်းသာခွင့်မိန့်ခွန်းဟာ စစ်အုပ်စုရဲ့ရှေ့ပြေး ဝါဒ ဖြန့်ချီမှုတစ်ခုဖြစ်သလို နိုင်ငံတကာကိုလည်း ညို့ယူ လိုက်တဲ့ နိုင်ငံရေးလှည့်စားကွက်တစ်ကွက် သာဖြစ်ကြောင်းတွေ့မြင်နိုင်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း စစ်အုပ်စုကို ဆန့်ကျင်တဲ့ သူတွေရဲ့ သဘောထားအမြင်တွေကိုတည်း ခေါက်ကြည့်တာဖြစ်သလိုပြည်တော်မပြန်တဲ့သူ/လွတ်ငြိမ်း ချမ်းသာခွင့် မယူသူတွေကို အကြမ်းဖက်တွေအနေနဲ့ စွပ်စွဲပြီး နှိမ်နှင်းမယ့်သဘောဖြစ်နေပါတယ်။ ယူတဲ့သူတွေကိုလည်း ကြက်ကလေးငှက်ကလေးလို အလွယ်ကလေး ဖမ်းနိုင်ပြန်ပါတယ်။ သေချာတာကတော့ တရားဝင် မထုတ်ပြန်ပဲနဲ့ ဘယ်ကိစ္စမှ ယုံကြည် လို့မရတာပါပဲ။

၄) လက်နက်ကိုင် အပစ်ရပ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အားလုံးပါဝင်နိုင်တဲ့ တွေ့ဆုံဆွေးနွေးရေးနှင့်ပါတ်သက်ပြီး အော်လာခဲ့တာ အခုဆိုရင် နှစ်ပေါင်း (၂၀)ကျော်လာခဲ့ပြီဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်ကစလို့ အပစ်ရပ်ခဲ့တဲ့ အဖွဲ့တွေရှိလာခဲ့ပေမယ့် ယနေ့တိုင် ပြီးပြည့်စုံတဲ့ ငြိမ်းချမ်းရေးကိုမရရှိသေးပါဘူး။ လက်ရှိအနေအထားအရ ရပ်တည်နေတဲ့ အပြစ်ရပ် (၁၄)ဖွဲ့တောင် နည်းပေါင်းစုံနဲ့ သက်လျှိုသွေးခွဲပြီး ဖြိုခွဲခံနေကြရပါတယ်။ သိန်းစိန်အစိုးရထုတ်ပြန်ကြေညာတဲ့ (၁/၂၀၁၁) ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်ဆိုတာကလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ခေါ်ဆိုခြင်းမဟုတ်ပဲ ရောသမမွှေထားတဲ့ ကြေညာချက်သာဖြစ်ပါတယ်။ အားလုံးပါဝင်နိုင်တဲ့ တွေ့စုံဆွေးနွေးရေးမဟုတ်ပဲ တစ်ဖွဲ့ချင်းစီကို ဆွဲထုတ်ပြီး ဖြိုခွဲခြင်းသာဖြစ်တယ်လို့ သုံးသပ်ရှုမြင်ပါတယ်။ ဒါကြောင့်အချို့သောအပြစ်ရပ်ဖွဲ့တွေက အားလုံးပါဝင်တဲ့ တွေ့စုံဆွေးနွေးရေးကို တောင်းဆိုထားကြသလို ဆွေးနွေးရေးနှင့်ပါတ် သက်ပြီး စနစ်တကျဖွဲ့စည်းမှု၊ လုပ်ငန်းစဉ်တိကျမှု၊ အချိန်ကန့်သတ်ချက်နဲ့ ဖြစ်နိုင်ချေရှိမှုများကို တောင်းဆိုထား ကြပါတယ်။ အပစ်ရပ်အဖွဲ့တွေရဲ့ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရန် တင်ပြတောင်းဆိုမှုတိုင်းကို စစ်အစိုးရဘက်က အကြိမ်ကြိမ်ပယ်ချခဲ့ပါတယ်။ အခုလည်း လက်ရှိ စစ်အုပ်စုခေါင်းဆောင်သိန်းစိန်ကတော့ တိကျ

စာမျက်နှာ ၁၈ သို့

ရခိုင်ကထွက်သော သဘာဝဓါတ်ငွေ့ ရခိုင်ပြည်နယ်တွင်သုံးစွဲရန်အစီအစဉ်မရှိဟု

စွမ်းအင်ဝန်ကြီး ပြောဆိုချက်အပေါ် ရခိုင်ခေါင်းဆောင် တချို့ ၏တုန့်ပြန်မှုများ

An offshore gas field in Myanmar being developed by Daewoo International Corp.
Daewoo International Corp.

(မောင်ရမ္မာ စုစည်း တင်ပြသည်။)

ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးဘရှင်က ကျောက်ဖြူမြို့ မြောက်ဖက် ၂၅မိုင်အကွာတွင်ရှိသော ရွှေသဘာဝဓါတ်ငွေ့သိုက်မှရရှိလာသော သဘာဝဓါတ်ငွေ့များကို အသုံးပြုပြီး ကျောက်ဖြူမြို့အတွက် လျှပ်စစ်ဓါတ်အားဖြန့်ဝေပေးရန် အစီအစဥ်ရှိမရှိ စက်တဘာ်လ၂၇ရက်နေ့က ကျင်းပခဲ့သော ပြည်သူ့ လွှတ်တော်တွင် မေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းချက်ကို စွမ်းအင် ဝန်ကြီးဦးသန်းဌေး ဖြေကြားရာတွင် ရွှေသဘာဝဓါတ်ငွေ့သိုက်က ရရှိလာသော သဘာဝဓါတ်ငွေ့များကို မြန်မာ– တရုတ် သဘာဝဓါတ်ငွေ့ပိုက်လိုင်းကတဆင့် တရုတ်ပြည်ကို တင်ပို့သွားရန် ဖြစ်ကြောင်းနှင့် တရုတ်–မြန်မာ ချုပ်ဆိုထားသောစာချုပ်ကို ဆန့်ကျင်ပြီး ဓါတ်ငွေ့များကို အသုံးပြု၍ မရဟုဖြေကြားသွားခဲ့ပါသည်။

ယခုကဲ့သို့ စွမ်းအင်ဝန်ကြီး ဦးသန်းဌေးမှ ရခိုင်ကမ်းလွန်မှ ထွက်သော ဂတ်စ်ကို ရခိုင်ပြည်နယ်တွင် တစုံတရာ အသုံးပြုရန် အစီအစဉ်မရှိကြောင်း ဖြေကြားသွားသည့်အပေါ်လက်လှမ်း မှီသလောက် ရခိုင်အဖွဲ့အစည်း ခေါင်းဆောင်များနှင့် ဆက်သွယ်မေးမြန်းခဲ့ပါသည်။

ဦးအေးသာအောင်

(ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအတွင်းရေးမှူး CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ)

''ရခိုင်ပြည်ကထွက်တဲ့ဂတ်စ်ဟာ ရခိုင်ပြည်မှာသုံးဖို့မဟုတ်ဘူး ဆိုတဲ့စကားဟာ ရခိုင်ပြည်သူတွေကို အလွန်စော်ကားရာရောက်ပါတယ်။ ထိခိုက်နစ်နာအောင် ပြောတဲ့စကားလို့တိုတိုတုတ်တုတ်နဲ့ ပြောချင်ပါတယ်။ အထူးသဖြင့်ရခိုင်ပြည်မှာ ထွက်လာတဲ့ သယံဇာတပစ္စည်းအားလုံးဟာ ရခိုင်ပြည်နယ်သားတွေအဓိကပိုင်ဆိုင်တယ်။ ရခိုင်ပြည်နယ်က ထွက်လာသမျှ ဂတ်စ်ဘဲဖြစ်ဖြစ်၊ ရေနံဘဲဖြစ်ဖြစ်၊ တခြားသစ်တော၊ ငါးပုဇွန် ထွက်လာသမျှရဲ့ သယံဇာတပစ္စည်းရဲ့တန်ဖိုးဟာ ရခိုင်ပြည်ကပိုင်ဆိုင်တာဖြစ်တယ်။ ရခိုင်ပြည်ဟာ အမှန်တကယ် ပြည်ထောင်စုထဲမှာ ရှိနေတဲ့ပြည်နယ် တစ်ခုဖြစ်တယ်ဆိုလို့ရှိရင် ဒီထွက်လာတဲ့ပစ္စည်းရဲ့အချိုးကျကိုတော့ ရခိုင်ပြည်နယ်က ခံစားခွင့်ရှိတယ်။ အဲဒါကြောင့် ဒီလိုရခိုင်ပြည်က ထွက်တဲ့ဂတ်စ်ဟာ ရခိုင်ပြည်မှာအသုံးပြုရန် အစီအစဉ်မရှိလို့ ပြောတဲ့ဟာသည် ရခိုင်ပြည်သူတွေကို စော်ကားလိုက်တဲ့စကားလို့ဘဲ ကျွန်တော် မြင်ပါတယ်။''

ဒေါက်တာအေးကျော်

(အမေရိကန်နိုင်ငံ)

ရခိုင်ပြည်ကထွက်တဲ့ ဂတ်စ်တွေ၊ သယံဇာတပစ္စည်းတွေဟာ ရခိုင်ပြည်သူပြည်သား အားလုံးရဲ့ အကျိုးတရားကို အခြေခံထားရမယ်။ ရခိုင်ပြည်ကထွက်တဲ့ဟူသမျှဟာ အဲဒီလို ခံစားခွင့်မရတဲ့ အတွက်ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံဟာစစ်မှန်တဲ့ပြည်ထောင်စု မြန်မာနိုင်ငံအဆင့်မဖြစ်လာဘဲဖြစ်နေတာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံလို့ ပြောနေတာဟာလည်းဘဲ အတုအယောင်ပြည်ထောင်စုမြန်မာနိုင်ငံသာဖြစ်နေတယ်။ အဲဒါကြောင့် ရခိုင်ပြည်က ရတဲ့ဂက်စ်၊ ရခိုင်ပြည်ကရတဲ့ကျွန်းသစ်၊ ပျဉ်းကတိုးတွေကို ရခိုင်ပြည်သူပြည်သားတွေကို ထိုက်သင့်အားလျော်စွာ အကျိုးခံစားခွင့်ရအောင် လုပ်ပေးရမယ်။ ဒါကရခိုင်ပြည်တခုတည်းကို ပြောတာမဟုတ်ဘူး။ တခြားပြည်နယ်တွေမှာလည်း ဒီအတိုင်းမူအရကျင့်ရမယ်။ ဒါမှ ကျွန်တော်တို့နိုင်ငံဟာ တကယ့်စစ်မှန်တဲ့ ပြည်ထောင်စုဖြစ်လာနိုင်မယ် ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် ပြည်ထောင်စုအစစ်အမှန်မဖြစ်ဘဲနဲ့ အတုအယောင်ပြည်ထောင်စုစနစ်မှာဘဲ ကျွန်တော်တို့ ရပ်တည်နေရဖို့ဘဲ ရှိပါတယ်။''

ဒေါက်တာ ခင်မောင်

(NUPA ဥက္ကဌ)

(ရခိုင်ပြည်အမျိုးသား ကောင်စီ ANC ဒုဥက္ကဌ–၁)

ဝန်ကြီးပြောသွားတာက ရခိုင်ပြည်ရဲ့ ရေထု၊ မြေထု၊ လေထု၊ သဘာဝစွမ်းအင်အားလုံးဟာသူတို့ရဲ့ လက်အောက်မှာရှိတယ်ဆိုပြီး ရခိုင်ပြည်အပေါ်မှာ ကျင့်သုံးတဲ့ပေါ်လစီကို ပွင့်ပွင့်လင်းလင်း၊ ပြတ်ပြတ်သားသား ပြောသွားတာဖြစ်ပါတယ်။ အမှန်ကဒီပိုင်ဆိုင်မှုတွေဟာ ရခိုင်ပြည်သူတွေရဲ့ ပိုင်ဆိုင်မှုသာဖြစ်တယ်။ ဒါပေမယ့် ရခိုင်ပြည်သူတွေမှာ မိမိကိုယ်ကို မိမိဆုံးဖြတ်ပိုင်ခွင့်၊ ပြောဆိုပိုင်ခွင့် အာဏာမရှိတဲ့အတွက် မိမိတို့ပိုင်ဆိုင်တဲ့သယံဇာတတွေကို မိမိတို့သုံးစွဲပိုင်ခွင့်မရှိဆိုတာကိုပြသလိုက်တာဖြစ်တယ်။ ဒါကြောင့် လက်ရှိအစိုးရကနေပြီးတော့ ရခိုင်ပြည်ကထွက်တဲ့ သယံဇာတတွေကို ရခိုင်ပြည်သူတွေရဲ့ အကျိုးစီးပွားကို မကြည့်ဘဲနဲ့ သူတို့ရဲ့ အကျိုးစီးပွားအတွက် သူတို့လုပ်ချင်သလိုလုပ်လို့ရတဲ့သဘောနဲ့ စွမ်းအင်ဝန်ကြီးကထုတ်ဖေါ်ပြောကြားလိုက်တာ ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။''

ဒေါ်စောမြရာဇာလင်း

(ဥက္ကဌ – ရခိုင်အမျိုးသမီးများအစည်းအရုံး)

ရခိုင်ပြည်ကထွက်တဲ့ သဘာဝဓါတ်ငွေ့ကို ရခိုင်ပြည်မှာသုံးစွဲဖို့အစီအစဉ်

မရှိဆိုတာ ကို ကျွန်မအမြင်နဲ့ ပြောရမယ်ဆိုရင် ရခိုင်ပြည်သူလူထုတရပ်လုံးကို ရက်ရက် စက်စက် စော်ကားလိုက်တာဖြစ်တယ်လို့ပြောချင်ပါတယ်။ ဒီဂတ်စ်ကို ရခိုင်ပြည်ကပိုင်ပါတယ်။ အဲဒီအတွက်ကြောင့် ရခိုင်ပြည်သူလူထု တရပ်လုံးပိုင်တဲ့ ရေနံနဲ့သဘာဝဓါတ်ငွေ့တွေကို ရခိုင်ပြည်မှာအသုံးပြုရမယ်။ အခုလို ဒီမိုကရေစီခြေလှမ်းစနေတဲ့ အစိုးရက ဒီလိုပြောလိုက်ခြင်းသည်ပင်လျှင် ရခိုင်ပြည်သူ တရပ်လုံးကိုစော်ကားလိုက်တာဖြစ်ပါတယ်။ ရခိုင်ပြည်သူလူထုတရပ်လုံးအနေနဲ့ ထိထိရောက်ရောက်ကန့်ကွက်သင့်ပါတယ်။ ရခိုင်ပြည်သူတရပ်လုံးနဲ့ရခိုင်ပြည်နယ် အကျိုးစီးပွားအတွက်အားလုံးသော ရခိုင်ပြည်သူ တရပ်လုံးဟာမဏ္ဍိုင်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့အတူပူးပေါင်းဆောင်ရွက်ပြီးတော့ ရခိုင်ပြည်ရဲ့အကျိုးကိုထိထိရောက်ရောက်ကာကွယ်သင့်တယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။''

ကိုထွန်းဇော်

(တွဲဘက်အထွေထွေအတွင်းရေးမှူး–၁)

(ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး)

ကျွန်တော်မြင်တာကတော့ ရခိုင်ပြည်ကထွက်တဲ့စွမ်းအင်ကို ရခိုင်ပြည်သူလူထုတွေနဲ့ တတိုင်းပြည်လုံးမှာ ရှိတဲ့စွမ်းအင်လိုအပ်တဲ့

နေရာတွေမှာ မဖြည့်ဆည်းဘဲနဲ့ ပြည်ပကိုအားလုံး ရောင်းချပစ်တာကတော့ ပြည်သူလူထုဆန္ဒကို မလေးစား လို့မြင်ပါတယ်။သူတို့ပြောတာက ပြည်သူလူထုရဲ့အသံကိုနားထောင်ဖို့၊ ပြည်သူကို လေးစားတဲ့ ဒီမိုကရေစီအစိုးရဆိုပြီး ကြွေးကြော်နေတာဟာ အခုဒီအချက်ကနေပြီးတော့ ဒီမိုကရေစီအစိုးရမဟုတ်၊ ပြည်သူတွေအသံကို နားမထောင် ဆိုတာကို ဖေါ်ပြလိုက်တယ်လို့ဘဲ ကျွန်တော်မြင်ပါတယ်။''

ကိုဝင်းအောင်

(ရွှေဂတ်စ်လှုပ်ရှားမှုတာဝန်ခံ)

ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းမှာ ကုမ္ပဏီတွေအနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက်ကျန်းမာရေးဘဲဖြစ်ဖြစ်၊ ပညာရေးဘဲဖြစ်ဖြစ်၊ ဆေးခန်းတွေ၊ စာသင်ကျောင်းတွေလုပ်ပေးတာကိုအများကြီး ကြိုဆိုလက်ခံပါတယ်။ ဒါပေမယ့် ရခိုင်ပြည်ကထွက်တဲ့ သဘာဝဓါတ်ငွေ့ဟာ အမေရိကန်

ဒေါ်လာဘီလီယံဆယ်နဲ့ချီပြီး တန်ဖိုးရှိပါတယ်။ အဲဒီအထဲကဒေသခံတွေအတွက်မလုပ်မဖြစ်တဲ့ ကျောင်းတွေ၊ ဆရာဝန်မရှိ၊ ဆေးမရှိတဲ့ဆေးခန်းတွေဆောက်ပေးရုံနဲ့ ကျွန်တော်တို့ ကျေနပ်ရောင့်ရဲလို့မရပါ။ သူတို့ပံ့ပိုးနေတာကလည်း တကယ့်လက်တွေ့မှာ အလုပ်မဖြစ်ပါ။ ရွှေဂတ်စ်စီမံကိန်းကြောင့်ရခိုင်ပြည်သူများမှာ ဘိုးဘွားပိုင်လယ်ယာမြေများဆုံးရှုံးပြီး လယ်မဲ့ယာမဲ့ဘဝကိုသာ ရောက်သွားခဲ့ရတယ်။ ဘိုးစဉ်ဘောင်ဆက် သားစဉ်မြေးဆက်လုပ်ကိုင်စားသောက်လာကြတဲ့ လယ်မြေတွေကို အသိမ်းခံရတာရှိပါတယ်။ လယ်လုပ်တဲ့သူတွေမှာဘာတခုမှ ငြင်းပယ်နိုင်ခွင့်မရှိပါ။ အစိုးရကဖြစ်ဖြစ်၊ ကုမ္ပဏီကဖြစ်ဖြစ် သူတို့တောင်းတဲ့ လယ်ယာမြေတွေကို သူတို့ပေးတဲ့ငွေနဲ့ရောင်းစားနေကြရတယ်။ အဲဒီဒေသမှာရှိတဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အရေးဖြစ်ဖြစ်၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မီးဖြစ်ဖြစ်၊ ရေဖြစ်ဖြစ်၊ဂတ်စ်ဖြစ်ဖြစ် ဘာတခုမှကျန်မှာမဟုတ်ပါ။ ဒီကထွက်တဲ့ဂတ်စ်တချို့တဝက်ကိုအစိုးရနဲ့ ဆက်စပ်တဲ့ စီးပွားရေးသမားတွေရဲ့ စက်ရုံအလုပ်ရုံကိုပံ့ပိုးမှာဖြစ်ပြီးတော့ ကျန်တာတွေကို တရုတ်ကို ရောင်းဖို့ဖြစ်ပါတယ်။ ဒေသခံတွေမှာတော့ ဘိုးဘွားစဉ်ဆက်ပိုင်လယ်ယာမြေတွေအပါအဝင် လုပ်ကိုင်စားသောက်တဲ့ အခွင့်အလမ်းတွေပျက်သွားရတယ်။ အလုပ်လက်မဲ့ဖြစ်သွားရတဲ့အပြင် လူမျိုးရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာတွေပျောက်ကွယ်သွားဖို့ အခြေအနေဘဲရှိပါတယ်။ အဲဒါကြောင့် ရခိုင်တမျိုးသားလုံးလက်တွဲပြီး ကန့်ကွက်ဆန့်ကျင်သွားဖို့လိုပါတယ်။''

ရွှေသဘာဝ ဓါတ်ငွေ့ စီမံကိန်း အကျဉ်း

ရွှေသဘာဝဓါတ်ငွေ့စီမံကိန်းကို မြန်မာစွမ်းအင်ဝန်ကြီးဌာနနှင့် နေတသသ International Corporation ကုမ္ပဏီက ရခိုင်ကမ်းလွန်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရှာဖွေရေး လုပ်ငန်းများကိုလုပ်ကိုင်ခဲ့ရာမှ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်ရွှေကို ၂၀၀၄ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ယခုကဲ့သို့ထုတ်ယူ သုံးစွဲ နိုင်ရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်။ အဆိုပါ သဘာဝဓါတ်ငွေ့စီမံကိန်းမှ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၉၀၀ကျော်ရရှိဖို့ဖြစ်ပါပြီး အဆိုပါဝင်ငွေများထဲမှ တချို့တဝက်ကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲသင့်ကြောင်း ရခိုင်အမျိုးသားများကယုံကြည်နေကြသည့်အချိန်တွင် ယခုကဲ့သို့ စွမ်းအင်ဝန်ကြီးဦးသန်းဌေးက ရခိုင်ပြည်မှထွက်သော သဘာဝဓါတ်ငွေ့ကို ရခိုင်ပြည်အတွက်အသုံးစွဲရန် အစီအစဉ်မရှိဟု ပြောဆို လိုက်သည့်အပေါ် ရခိုင်ပြည်သူများ အထူးမကျေနပ်မှုများ တိုးပွားနေကြသည်ဟု သိရသည်။

သမဂ္ဂတွေပေါ် ပေါက်ရေး ဘယ်လောက်နီးပြီလဲ

ရဲဘော်မိုးသံရှောင်း

ပြီးခဲ့တဲ့ စက်တင်ဘာလ ၂၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာထဲက ကြပ်ပြေးလွှတ်တော်ထဲမှာ ဗိုလ်ကျော်ဆန်း ပြောသွားတဲ့ သမဂ္ဂသုံးမျိုးနဲ့ ပတ်သက်တဲ့စကားတွေကို ဖက်ရတော့မှ ဗိုလ်ချုပ်ဦးသိန်းစိန်အစိုးရရဲ့ အကြံအစည်တွေ၊ ဆင်ခြေတွေကိုအထင်းသားမြင်လိုက်ရပါတယ်။ သူပြောတာကတခေတ်ကပေါ်ခဲ့တဲ့လယ်သမားအဖွဲ့အစည်းတွေ၊ အလုပ်သမားအဖွဲ့အစည်းတွေ၊ ကျောင်းသားအဖွဲ့အစည်းတွေဟာ နိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ ဩဇာတွေသက်ဝင်ခဲ့လို့ဘာဖြစ်တယ်ညာဖြစ်တယ်။ ဒါကြောင့် မို့လယ်သမားအဖွဲ့အစည်းကိုအခြေအနေ အရပ်ရပ်ကိုလေ့လာပြီးမှသာ ဥပဒေပြ ဌာန်းပြီးဖွဲ့စည်းရမယ်စသဖြင့်အချက်အလက်တွေ အမှားမှားအယွင်းယွင်းနဲ့ပြောသွားပါတယ်။ အချက်အလက်အမှားဆိုတာက ''ပမညတကဗကသများအဖွဲ့ချုပ်'' ကိုဖွဲ့စည်းခဲ့တယ်လို့ပြောတာမျိုးပါ။ ဒီလိုပြောကြားချက်ကနေ ပြသနေတဲ့အရေးကြီးတဲ့အချက်တခုက ဒီကြံ့ဖွတ်အစိုးရဟာ ၁၉၆၂ ခုနှစ်မှာအာဏာသိမ်းခဲ့တဲ့ ဗိုလ်နေဝင်းအစိုးရကစလို့ဗမာပြည်ကိုရာစုနှစ်တဝက်အုပ်စိုးခဲ့တဲ့ စစ်အာဏာရှင်အစိုးရအဆက်ဆက်ရဲ့အခြေခံတွေးနည်းခေါ်နည်း၊ ရှုမြင်နည်းတွေကို တသွေမတိမ်းဆက်ခံ၊ လက်ခံထားတယ်ဆိုတာပါပဲ။ အဲဒီတွေးခေါ်နည်းဆိုတာက တပ်ထဲမှာ တသွေး၊ တသံ၊ တမိန့်တည်ရသလိုနိုင်ငံထဲမှာလည်းတသွေး၊ တသံ၊ တမိန့်တည်စေချင်တာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတရပ်ကို စစ်တပ်လိုကြည့်မြင်၊ ချုပ်ကိုင်ချင်တာနဲ့သူတို့တတွေဟာလူ့အဖွဲ့အစည်းကို ကြည့်မြင်နားလည်ရာမှာလည်း မှားကုန်တာဖြစ်ပါတယ်။

လောကမှာဘယ်လူ့အဖွဲ့အစည်းမှာ(နိုင်ငံတခုမဆိုထားနဲ့)လူတမျိုးတည်းနဲ့ ပါဝင်ဖွဲ့စည်းထားတာမဟုတ်ပါဘူး။ လူမျိုးမတူတာ၊ ဘာသာမတူတာတွေ အပြင်မတူတဲ့နိုင်ငံရေးအယူအဆကို ကိုင်ဆွဲထားသူတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါ့အပြင်လူတန်းစားလူ့အလွှာတွေ၊ ကိုယ်စားပြုတာတွေကလည်းကွဲကြတာဆိုတော့ လူတွေရဲ့လိုလားချက်တွေဟာ မတူကွဲပြားပြီး (တချို့နေရာတွေမှာ အလုပ်သမားတွေရဲ့လိုလားချက်နဲ့လယ်သမားတွေရဲ့ လိုလားချက်တွေ ပဋိပက္ခဖြစ်နေတာတောင်ရှိတတ်ပါတယ်) အကျိုးစီးပွားတွေကလည်းကွာခြားကြပါတယ်။ ဒါဟာသဘာဝကျတဲ့ လူ့အဖွဲ့အစည်းတရပ်ရဲ့ လက္ခဏာ ဖြစ်ပါတယ်။

အဲဒီလိုမတူကွဲပြားမှုတွေတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းတရပ် (နိုင်ငံတခု)မှာ မတူကွဲပြားတဲ့နိုင်ငံရေးအယူဝါဒတွေကို ကိုယ်စားပြုတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေပေါ်ပေါက်တည်ရှိတာဟာ ဖြစ်လည်းဖြစ်သင့်၊ သဘာဝလည်းကျတဲ့ အချင်းအရာဖြစ်ပါတယ်။ ဒီလိုမပေါ်ပေါက်ဘူးဆိုတာကမှ ထူးဆန်းတာ၊ သဘာဝမကျတာဖြစ်ပေါ် နေတာလို့ဆိုရမှာပါ။ ဒါ့အပြင် အဲဒီလိုလူ့အဖွဲ့အစည်းထဲက အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂဆိုတာတွေမှာအဲဒီနိုင်ငံရေးအယူအဆတွေ၊ အစွဲအလန်းတွေသက်ရောက်တာ၊ ဝင်ရောက်တာဟာလည်းသဘာဝကျတယ်လို့ပဲဆိုရမှာပါ။ လွတ်လပ်ရေးဒီဘက်ပိုင်းလို နိုင်ငံရေးအယူအဆတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေအပြိုင်းအရိုင်းပေါ်ပေါက်နေချိန်မှာ သမဂ္ဂတွေထဲကို ဒီအဲဒီဂယက်တွေဝင်တာဟာဘာမှမဆန်းပါဘူး။ မဝင်ဘူးဆိုတာကမှ ဆန်းတာပါ။ ဥပမာပြောရရင် အဲဒီတုန်းက ပြင်ပနိုင်ငံရေးအယူအဆတွေ လုံးဝအဝင်မခံဘူးဆိုပြီး စစ်တပ်ကိုဗိုလ်နေဝင်းနဲ့ ဆိုရှယ်လစ်စစ်ဗိုလ်တွေက သူတို့တလက်ကိုင်စစ်တပ်အဖြစ် ပုံသွင်းထားတာမျိုးကမှ ဆန်းတာပါ။ ဒါကြောင့်လည်း ဒီစစ်တပ်ဟာအဲဒီလူတွေအာဏာသိမ်းချင်တဲ့တိုင်း သုံးလို့ရတဲ့ ခါးပိုက်ဆောင်တပ်၊ ကြေးစားတပ်လိုဖြစ်ခဲ့တာပါပဲ။

အထက်မှာပြောခဲ့သလို ကျောင်းသားသမဂ္ဂတွေနဲ့ပတ်သက်လို့ အချက်အလက်မှန်မသိတဲ့ ကြံ့ဖွတ်အစိုးရဝန်ကြီးဗိုလ်ကျော်ဆန်းကိုထပ်ပြီးထောက်ပြဖို့လိုတာကဟိုတခေတ်ကကျောင်းသားတွေ အကြားမှာအယူအဆတွေ၊ အသင်းအဖွဲ့တွေ အမျိုးမျိုးကွဲပြားနေခဲ့ပေမယ့် ဒီအဖွဲ့တွေအကြားမှာ ဘယ်တုန်းကမှ ကတောက်ကဆဖြစ်တယ်၊ နှစ်ဘက်ရိုက်ကြနှက်ကြတယ်ဆိုတာမျိုးလုံးဝမရှိခဲ့ဖူးဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ ကျောင်းသားညီညွတ်ရေးတပ်ဦးနဲ့ဒီအက်စ်အို (နောင်မှာရဲခေါင်)တို့ဟာ သမဂ္ဂရွေးကောက်ပွဲမှာတဘက် ကိုတဘက်တိုက်ခိုက်ပြောဆို ရေးသားကြတာတွေရှိပေမယ့်ခေါင်းဆောင်တွေဟာလူချင်းတွေ့ရင်ရင်းရင်းနှီးနှီးပြောဆိုနှုတ်ဆက်ကြပါတယ်။ အဲဒီတုန်းက တက္ကသိုလ်နယ်မြေမှာ ရုတ်ရုတ်သဲသဲ၊ ဝရုန်းသုန်းကား ဖြစ်တယ်ဆိုတာမှန်သမျှဟာ အာဏာရအစိုးရက ကျောင်းသားလှုပ်ရှားမှုတွေကို အင်အားသုံးအကြမ်းဖက် နှိမ်နင်းကြလို့သာဖြစ်ပါတယ်။ ဥပမာ ၁၉၅၃ခုနှစ် အောက်တိုဘာအရေးတော်ပုံ၊ ၁၉၆၂ခုနှစ် ဇူလိုင်(၇) ရက်အရေးတော်ပုံနဲ့ မန္တလေးတက္ကသိုလ်က ၁၉၆၃ခုနှစ် ဒီဇင်ဘာလ တိုက်ပွဲတို့ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီတုန်းကကျောင်းသားသမဂ္ဂတွေနဲ့ ပတ်သက်လို့ ပြောသင့်တဲ့ကိစ္စတခုကတော့ကျောင်းသားသမဂ္ဂရွေးကောက်ပွဲတွေပဲဖြစ်ပါတယ်။ ပြင်ပက ဘယ်အာဏာပိုင်မှမပါ။ ဆရာဆရာမများရဲ့ ကြီးကြပ်မှုအောက်မှာ ကျင်းပလေ့ရှိတဲ့ရွေးကောက်ပွဲတွေဟာ အဲဒီအခါတုန်းက ဗမာပြည်မှာ စည်းကမ်းအရှိဆုံးရွေးကောက်ပွဲတွေ ဖြစ်တယ်လို့ပြောစမှတ် ပြုရပါတယ်။ မဲခိုးတာမရှိ၊ မဲရှုံးလို့ရမ်းတာမရှိ၊ ရှုံးလည်းပျော်ပျော်–တေးတကျော်ကျော်၊ နိုင်လည်းပျော်ပျော်–တေးတကျော်ကျော်။ မဲရေတွက်ချိန်မှာဆိုင်းတွေ ဗုံတွေနဲ့ကသူကဆိုသူဆို။ ဒီမြင်ကွင်းကိုပဲ ကြက်သရေရှိလွန်းလို့၊ မျက်စေ့ပသာဒဖြစ်လွန်းလို့ဆိုပြီး တမင်သွားရောက် ကြည့်ရှုတဲ့လူတွေလည်း များပြားလှပါတယ်။ ဒါကြောင့်လည်း ကျောက်လှည့်ခါးကြားထိုးပြီး မဲရေတွက်သူ၊ မဲရုံကိုယ်စားလှယ်တွေကို ၄ လောင်းပြိုင်၊ ၆ လောင်းပြိုင် သတ်သူတွေစိုးမိုးခြယ်လှယ်ခဲ့တဲ့ ဖဆပလအစိုးရရဲ့ ရွေးကောက်ပွဲတွေဟာ ဒီတက္ကသိုလ်သမဂ္ဂရွေးကောက်ပွဲတွေကို အတုယူသင့်လှတယ်လို့ အဲဒီတုန်းက သတင်း စာတွေက ရေးခဲ့ကြတာပါ။

အဲဒါနဲ့ကပြောင်းပြန် ကျောင်းသားမသဂ္ဂတွေမရှိပဲ ဖြတ်သန်းခဲ့တဲ့ မဆလခေတ်ကာလများကိုပြန်ကြည့်ပါ။ ကျောင်းသားလှုပ်ရှားမှုတွေ လျော့ပါးသွားတယ်လို့ ရှိခဲ့ပါရဲ့လား။ ကျောင်းသားလောကထဲကို မူးယစ်ဆေးဝါးတွေနဲ့လောင်းကစားတာတွေ အများအပြားလှိမ့်ဝင်လာတာဒီကာလတွေပဲ မဟုတ်ပါလား။ အဲဒီကာလတွေအတွင်းတက္ကသိုလ်နယ်မြေတွေမှာ ရုတ်ရုတ်သဲသဲဖြစ်တယ် ဆိုတာမှန်သမျှဟာလည်း စစ်အစိုးရတွေက အကြမ်းဖက်ဝင်ရောက် လိုချည်းပဲမဟုတ်ပါလား။ နိုင်ငံတနိုင်ငံမှာ မတည်ငြိမ်တာတွေဟာ မတူတဲ့အမြင်တွေတည်ရှိနေလို့၊ မတူတဲ့နိုင်ရေးအဖွဲ့အစည်းတွေတည်ရှိနေလို့လုံးဝမဟုတ်ပါဘူး။ မဆလတပါတီတည်းရှိ၊ သူတို့ရဲ့အလုပ်သမားလယ်သမားအစည်းအရုံးတွေရှိ၊ ကျောင်းသားသမဂ္ဂတွေလုံးဝမရှိတဲ့ မဆလလက်ထက်တလျှောက်၊ ရှစ်လေးလုံးကာလအထိ ဒီတိုင်းပြည်မှာ မတည်ငြိမ်မှုတွေ ဘယ်လောက် တောင်များခဲ့သလဲ၊ အသတ်ခံရတဲ့ဆန္ဒပြသူတွေဘယ်လောက်တောင် များခဲ့သလဲ။ နဝတ–နအဖတို့က ဘယ်တခြားနိုင်ငံရေး အင်အားစုကိုမှ တည်ရှိခွင့်မပြုပဲတိုင်းပြည်ကို သံဖနောင့်တက်နင်းထားတဲ့ကာလမှာရော၊ ဆန္ဒပြတာတွေ လမ်းပေါ်တက်တာတွေမဖြစ်ခဲ့ဘူးလား။ သံဃာတွေအပါအဝင် အသတ်ခံရခဲ့သူတွေနည်းသလား။ ရေအိုးအောက်ကကရွတ်လို အကျဉ်းထောင်တွေထဲမှာ တရိရိဆွေးမြေ့သူတွေ၊ ကျဆုံးသွားသူတွေမှတ်မိကြတယ်မဟုတ်ပါလား။ တိုင်းပြည်တပြည်ရဲ့ နိုင်ငံရေးလေထုသန့် ရှင်းလန်းဆန်းဖို့ဆိုရင်မတူတဲ့အယူအဆတွေတည်ရှိစေ၊ မတူတဲ့ပါတီတွေ ထူထောင်စေ အဲဒီမတူတာတွေရဲ့အတူတည်ရှိ ညီညွတ်မှုကနေ တိုးတက်မှုကိုရှာရမှာဖြစ်ပါတယ်။ လူအဖွဲ့အစည်းရဲ့သမိုင်းကိုက ဒီလိုပဲမတူတဲ့ ဆန့်ကျင်ဘက်တွေရဲ့ ပဋိပက္ခတွေထဲကနေ ရှေ့ကိုတက်လှမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်ကြံ့ဖွတ်အစိုးရဝန်ကြီးမင်းဗိုလ်ကျော်ဆန်းကတော့ ''အတိတ်က သင်ခန်းစာများကိုရယူပြီးအနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း''လို့ သမဂ္ဂတွေပေါ်ပေါက်ရေးကိစ္စကိုစကားမျက်လှည့်ပြသွားပါတယ်။ တည်ထောင်ခွင့်၊ ဖွဲ့စည်းခွင့်ပေးမယ်လို့တိတိကျကျမပြောပါဘူး။ အချိန်အကန့်အသတ်လည်းမပြောပါဘူး။ ဒီတော့သူတို့ရဲ့ ဖွဲ့စည်းပုံအခြေဥပဒေပုဒ်မ ၃၅၄မှာ ရေးထားတဲ့ ''အသင်းအဖွဲ့သို့မဟုတ်အစည်းအရုံးများဖွဲ့စည်းဆောင် ရွက်ခွင့်'' ဆိုတာကိုဘယ် လိုအနက်ဖွင့်ရမယ်ဆိုတာစဉ်းစားစရာဖြစ်လာပါတယ်။ သူတို့ရဲ့ဖွဲ့စည်းပုံဥပဒေထဲကစာသားနဲ့ သူတို့ထဲကဝန်ကြီးရဲ့စကားဘယ်ဟာက အဓိကလဲဆိုတာ ရှင်းသွားတယ်လို့ပဲပြောရတော့မှာပါ။ ကိုယ်ရေးထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမို့ ကိုယ်ကြိုက်သလို အဓိပ္ပါယ်ဖွင့်မယ်လို့ ဝန်ခံသွားတာလို့ပဲ ထင်မိပါတယ်။

ဆရာကြီး ဦးရွှေဇံ ကွယ်လွန်သွားခြင်းမှာ အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ကြောင်း မှအဆက်

၎င်းပြင်ဆရာကြီး၏ ဘဝတစိတ်တဒေသကိုလည်းဒေါက်တာကျော်သိန်းက ယခုလိုဆက်ပြောသည်။

''ဆရာကြီးဟာ ၁၉၅၂ ခုနှစ်မှာ B.Sc အောင်ပြီးတော့ နိုင်ငံဝန်ထမ်းအကြီးတန်းကို ၁၉၅၄ ခုနှစ်မှာ နယ်ပိုင်ဘဝကစပြီးတော့ အမှုထမ်းပါတယ်။ နယ်ပိုင်ဘဝ အမှုထမ်းပြီးတော့ နောက်ပိုင်းမှာ ခရိုင်ဝန် အထိဖြစ်ခဲ့ပါတယ်။ အရေးပိုင်ဖြစ်ပြီးတော့ နိုင်ငံအနှံ့ နေရာတွေမှာ ၂၄ နှစ်တိုင် အမှုထမ်းခဲ့ပါတယ်။ နောက်ပြီးတော့ ၁၉၇၈ ခုနှစ်မှာကျရင် ရခိုင်ပြည်နယ်ကောင်စီမှာအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ရခိုင်ပြည်နယ်တရားသူကြီးဥက္ကဋ္ဌ တာဝန်ကိုယူခဲ့ပါတယ်။ ပြည်နယ်ကောင်စီအနေနဲ့ ၁၂ နှစ် အမှုထမ်းခဲ့ပါတယ်။ ပြည်နယ်ကောင်စီခေတ်မှာဘဲ သူကရခိုင်ပြည်နယ်မဂ္ဂဇင်း ထုတ်တာတွေရှိခဲ့သလို မြောက်ဦးလမ်းညွှန်စာအုပ်ကိုလည်း ၁၉၈၈ ခုနှစ်မှာထုတ်ခဲ့ပါတယ်။ နောက်ပြီးတော့ ရခိုင်စတိတ်ဂဇက်တီယာ သတင်းတွေကို ပြန်ပြီးတော့ ရေးသားတာမှာ ဥက္ကဋ္ဌအဖြစ် လုပ်ဆောင်ခဲ့ပါတယ်။''

၎င်းပြင် ဆရာကြီးဦးရွှေဇံရေးသားခဲ့သောစာအုပ်များမှထင်ပေါ်ကျော်ကြားသော စာအုပ်များကိုလည်း မှတ်မိသလောက် ဒေါက်တာ ကျော်သိန်းက ပြောကြားသည်။

''သူရဲ့ ထင်ပေါ်ကျော်ကြားတဲ့စာအုပ်တွေက The Golden Mrauk-U စာအုပ်ဖြစ်ပါတယ်။ အဲဒီစာအုပ်က အင်္ဂလိပ်လို An ancient Capital of Rakhine ထုတ်တာ ရှိပါတယ်။ ၂၀၀၈ ခုနှစ်မှာကျတော့ WETHALI: THE LAND OF HISTORIC FINDS ဝေသာလီ၏ တူးဖော်ရာ တွေ့ရှိချက်များစာအုပ်ကိုအင်္ဂလိပ်လို ရေးသားခဲ့ပါတယ်။ သူထုတ်ဝေခဲ့တဲ့စာအုပ်တွေ တော်တော်များပါတယ်။ နောက်ပြီးတော့ ရှိုဟင်ဂျာအကြောင်းနဲ့ ပတ်သက်လို့လည်း ထုတ်ဝေခဲ့တာ ရှိပါတယ်။ အထူးသဖြင့် ဝေသာလီ ခေတ်က ဦးရွှေဇံ ရေးသားခဲ့တဲ့ စာအုပ်ကတော့ အပြည့်အစုံဖြစ်ပြီးတော့ သမိုင်းကြောင်းတွေအားလုံးပြန်ပါပါတယ်။ ရခိုင်တန်ဆောင်၊ ရခိုင်အမျိုးသမီးမဂ္ဂဇင်းစသည်အားဖြင့် အဲဒီမဂ္ဂဇင်းတွေမှာလည်းအများကြီးရေးခဲ့ပါတယ်။ ရှေးခေတ်ဓညဝတီခေတ် ရခိုင်သမိုင်းကိုလည်း ဦးရွှေဇံနှင့် ဦးမောင်ကျော်တို့ ပေါင်းပြီးတော့ ရေးခဲ့တာတွေရှိပါတယ်။ ကျွန်တော်လက်လှမ်းမှီသလောက်ပြောပြတာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ရခိုင်သင်္ကြန်ပွဲတော်ကျင်းပရေးမှာလည်း နာယက အဖြစ် တာဝန်ယူခဲ့ပါတယ့်။

ဆရာကြီး ဦးရွှေဇံသည် ဦးရွှေဇံ ရေးသားထုတ်ဝေသော The Golden MraukU: An Ancient Capital of Rakhine စာအုပ်အပါအဝင် ရှေးခတ်ရခိုင်သမိုင်းစဉ်နှင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှု (ဓညဝတီခေတ်)၊ WETHALI-THE LAND OF HISTORIC FINDS? Study of Muslims Infiltration into Rakhine State အစရှိသည့် စာအုပ်စာတမ်းများအပါအဝင်၊ သုတေသနဆောင်းပါးများစွာကိုရေးသား ထုတ်ဝေခဲ့သည် သာမက ရခိုင်သမိုင်းအလင်းပြကျမ်းကြီးကိုလည်းရေးသားခဲ့ပြီးပုံနှိပ်နေစဉ်အတွင်းဆရာကြီးကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ရခိုင်သားကြီးစာပေမှ ဦးလှမြင့်ကဆရာကြီးကွယ်လွယ်သွားခြင်းသည် ရခိုင်ပြည်သူတရပ်လုံးအတွက်လမ်းပြကြယ်ကြီးတလုံးကြွေကျသွားသကဲ့သို့ ခံစားရသည်ဟုပြောသည်။

''ကျွန်တော်တို့ ရခိုင်ပြည်သူတရပ်လုံးအတွက်ကတော့လမ်းပြ ဓူဝံကြယ်ကြီး တလုံးဆုံးရှုံးသွားသလိုခံစားရပါတယ်။ ဆရာကြီးဟာ ကျွန်တော်တို့အတွက်အမှောင်ထဲကအလင်းကြယ်တပွင့်၊ ရှားပါးတဲ့ သမိုင်းပညာရှင်ထဲက တယောက်ဖြစ်တာကြောင့် ဆရာကြီးကို ဆုံးရှုံးလိုက်ရတဲ့အတွက် အထူးကြေကွဲမဆုံးဖြစ်ရပါတယ်။ အသက်အရွယ်ကြီးလို့ ကွယ်လွန်သွားခဲ့ပေမယ့် ကျွန်တော်တို့ရခိုင်ပြည်သူတရပ်လုံးကတော့ တမ်းတမ်းတတသူရဲ့ ကျေးဇူးကိုနှစ်ရာချီပြီးသတိရနေကြမှာဖြစ်ပါတယ်။ ဆရာကြီးဟာရခိုင် သမိုင်းမှာထင်ရှားခဲ့တဲ့ဆရာတဆူပါ။ မျိုးရိုးစဉ်ဆက်အရလည်းဆရာကြီးတို့ရဲ့ မျိုးရိုးဟာပညာတတ်မျိုးရိုးဖြစ်တဲ့အတွက်နဲ့ ဆရာကြီးဟာ ကိုယ့်မျိုးရိုးကိုပါ ထိန်းသိမ်းပြီးတော့ နေလာခဲ့သူဖြစ်ပါတယ်။ ဆရာကြီးတို့ မိသားစုထဲမှာ ဆရာကြီးဟာ အငယ်ဆုံးသားဖြစ်တယ်လို့ ကျွန်တော့ကိုပြောဖူးပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဒီလောက်ပဲပြောချင်ပါတယ်'' ဟု ပြောသည်။

ဆရာကြီး ဦးရွှေဇံသည်အာရှတော်ဝင်အထူးကုဆေးရုံကြီး၌အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၄ နာရီအချိန်တွင်အနိစ္စမမြဲ သဘောကိုရင်ဝယ်ပိုင်ရင်း ကွယ်လွန်သွားခဲ့ပါသည်။

ဆရာကြီး၏ နောက်ဆုံးအခြေအနေနှင့်ပတ်သက်ပြီးသိရသည်မှာ နှလုံးရောဂါဖေါက်လာသဖြင့်ရန်ကုန်မြို့ အာရှတော်ဝင်အထူးကု ဆေးရုံကြီးသို့ အောက်တိုဘာလ ၁၇ ရက်နေ့ကပင် တက်ရောက်ဆေးကုသခံ နေရာမှ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကွယ်လွန်သွားခြင်းဖြစ်သည်။

ဆရာကြီး ဦးရွှေဇံအား အဖ စက်ရှင်တရားသူကြီး ဦးသာဇံဦးနှင့် အမိ ဒေါ်မိမဘုတို့မှာ ၁၉၂၈ ခုနှစ်ဖေဖေါ်ဝါရီလ ၂၉ရက်နေ့၌ စစ်တွေမြို့တွင်မွေးဖွားခဲ့သည်။ ကွယ်လွန်ချိန်တွင် ဆရာကြီးမှာ အသက် ၈၃ နှစ်ရှိပြီး ဇနီး ဒေါ်ခင်လှနဲ့ သားသမီး (၆)ယောက် ကျန်ရစ်ခဲ့ကြောင်း သိရပါသည်။

အစိုးရသစ်လက်ထက် စည်ပင်က ရခိုင်တွင် လူခွန်၊ နွားခွန်ကောက် မှအဆက်

ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။ ယခုကဲ့သို့ကောက်ခံနေခြင်းကိုယခင် ဂျပန်ဆိပ်ကမ်း လေလံရထားသူ ဒေါ်ယုယုထွန်း ထံမှလေလံကိုပြန်လည် ရုတ်သိမ်းပြီး နောက်စည်ပင်က ကိုယ်တိုင်ယူနီဖေါင်းများဝတ်ပြီးကောက်ခံနေခြင်းဖြစ်သည်။

''ကျောက်ဖြူမြို့ မြစ်နားတန်းက ဒေါ်ယုယု ထွန်းကို ၂၀၁၁ခုနှစ်ဧပြီလက တနှစ်အတွက် ဂျပန်မဆိပ်ကမ်းကို ကျပ်သိန်း ၁၀၂သိန်းနဲ့စည်ပင်ကလေလံ ပေးပါတယ်။ အဲသလိုလေလံပစ်ပြီးတဲ့နောက်ပိုင်းမှာ စည်ပင်ကသတ်မှတ်ထားတဲ့စည်းကမ်းကို ချိုးဖေါက်တယ်ဆိုပြီး သူမဆီက လေလံကို ဒီလ ၁၄ ရက်နေ့က ရုတ်သိမ်းခဲ့ပါတယ်။ အခု နောက်ပိုင်းမှာစည်ပင်က ကိုယ်တိုင်ခုလို လူတွေဆီက မတရားသဖြင့်အခွန်ကောက်ခံနေတာ ဖြစ်ပါတယ်'' ဟု သူမက ပြောသည်။

အဆိုပါ အခွန်ကောက်ခံနေသည့် ကိစ္စနှင့် ပတ်သက်ပြီးစည်ပင်ရုံးမှ အမည်မဖေါ်လိုသူအရာရှိ တစ်ဦးကလည်း ငွေကောက်ခံနေကြောင်းကိုယခုလို အတည်ပြုပြောကြားသည်။

''ဒေါ်ယုယုထွန်းကို စည်ပင်က မြစ်နားတန်းအောက်သယ်ပို့လိုင်စင်နဲ့ နွားလှည်းကောက်လိုင်စင်(စီ)ကို အောက်တိုဘာလ ၁၄ ရက်နေ့မှာ ရုတ်သိမ်းခဲ့ပါတယ်။ ပီးရင်သူမကို Black List မှာထည့်ပီး အောက်တိုဘာလ ၁၅ ရက်နေ့က စပီး စည်ပင်က တိုက်ရိုက် ငွေကောက်ခံနေတာဖြစ်ပါတယ်။ အခု လောလောဆယ်မှာ ဂျပန်မဆိပ်ကမ်းကို တင်ဒါခေါ်ယူထားပေမယ့်ဆွဲမယ့်သူမရှိတဲ့အတွက် ကျွန်တော်တို့ စည်ပင်က တိုက်ရိုက်ကောက်ခံနေတာဖြစ်ပါတယ်''ဟု သူကပြောသည်။

ကျောက်ဖြူမြို့ ဂျပန်မဆိပ်ကမ်း ဆိပ်ကမ်းခွန်ကောက်နှုန်းနှင့် ပတ်သက်၍ စည်ပင်သာယာရေး ဦးစီးဌာနမှ ၆-၁၀-၂၀၁၁ နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပြီး အမှတ်စဉ် (၃၃၊၂၀၁၁) အရ လေလံရထားသူ ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက်မှ ဒေါ်ယုယုထွန်းအား လိုင်စင်လုပ်ပိုင်ခွင့် ရုတ်သိမ်းရန် ဆုံးဖြတ်ခဲ့သည်ဟု သူကပြောသည်။

လေလံလိုင်စင် ရုပ်သိမ်းခံရခြင်းနှင့် ပတ်သက်ပြီး လိုင်စင်သိမ်းခံရသူဒေါ်ယုယုထွန်းကို နိရဉ္ဇရာမေးမြန်းရာ သူမက ယခုကဲ့သို့ ပြောသည်။

''ခုလို စည်ပင်ကကောက်ခံနေတဲ့အတွက် ကျွန်မသွင်းထားတဲ့ ငွေတွေကို ပြန်မရတဲ့အပြင် နှစ်တဝက်ကျမှလေလံကို ပိတ်သိမ်းလိုက်တဲ့အတွက် ကျွန်မမှာအများကြီးနစ်နာရပါတယ်။ စည်ပင်အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း လိမ်လည်ရောင်းချတဲ့ကြေးကလည်း ၁၀၂သိန်းကျပ်တိတိဆိုတော့လေလံကြေးမှာလည်း အလွန်များလွန်းပါတယ်။ အခုပြဿနာဖြစ်လာတော့တာဝန်ယူမှု လုံးဝမရှိဘဲ ကျွန်မကိုဘဲ Black List အမှာထည့်ပြီးသူတို့ခေါင်းရှောင် သွားတဲ့အတွက်ကျွန်မမှာ အထူးနစ်နာနေ ရပါတယ်။ ဒါကြောင့် ဒီလေလံဟာတရားမဝင်တဲ့ လေလံသာဖြစ်ပါတယ်''ဟု ပြောသည်။

ဒေါ်ယုယုထွန်းထံမှ လိုင်စင် ရုတ်သိမ်းခဲ့ပြီး နောက်ပိုင်းကျောက်ဖြူမြို့နယ်စည်ပင် အမှုဆောင်အရာရှိကိုယ်စား ဦးစီးအရာရှိ ဦးလှသိန်းမှကြော်ငြာစာအမှတ်(၅၃၊၂၀၁၁)ဖြင့်စာထုတ်ပြီး လေလံခေါ်ခဲ့သော်လည်း ယခုအချိန်ထိ အဆိုပါလေလံကို ဆွဲယူမည့်သူမရှိ ဖြစ်နေကြောင်းသိရသည်။

''အခုကျောက်ဖြူစည်ပင်ကအောက်တိုဘာလ ၁၅ ရက်နေ့ကနေ ၂၀၁၂ မတ်လ ၃၁ ရက်နေ့ထိ ဂျပန်မဆိပ်ကမ်းအတွက် လေလံခေါ်ထားပါတယ်။ အဲဒီဂျပန်မဆိပ်ကမ်းမှာ မြစ်နားတန်းအောက်သယ်ပို့လုပ်ငန်းအတွက် ကြမ်းခင်းဈေးက ကျပ် ၄၇၀၀၀၀၀နဲ့ နွားလှည်းကောက်အတွက် ကျပ် ၃၆၀၀၀၀ နဲ့ခေါ်ထားပါတယ်။ ဒါပေမယ့် ပြည်သူတွေက ခုလိုတရားသဖြင့် ငွေကောက်ခံနေတာကို မကျေနပ်တဲ့အတွက် ဘယ်သူမှအဲဒီဂျပန် ဆိပ်ကမ်းကိုလေလံမဆွဲရဲဘဲဖြစ်နေပါတယ်'' ဟု တခြားဒေသခံ တစ်ဦးကပြောသည်။

ယခုကဲ့သို့ ဂျပန်မဆိပ်ကမ်းမှ လေလံကြောင့်ပြည်သူလူထုများဒုက္ခရောက်နေကြရသည့်အတွက် စည်ပင်က လေလံကိုပြည်သူများ အလိုမရှိဟု တခြားဒေသခံ တဦးက နိရဉ္ဇရာသို့ ပြောသည်။

''လေလံရသူဘဲ ဖြစ်ဖြစ်၊ စည်ပင်ကဘဲဖြစ်ဖြစ်အခုလို မရှိဆင်းရဲတဲ့ ပြည်သူတွေဆီက ဒီလိုဘဲငွေကောက်ခံ နေတာဟာ ပြည်သူတွေကို ညှဉ်းပမ်းနှိပ်စက်နေတာနဲ့ အတူတူဖြစ်ပါတယ်။ အခုလို လူတွေဆီက အခွန်ကောက်နေတဲ့ အတွက် စီးပွားရေးအဆင်မပြေကြတဲ့ဆင်းရဲတဲ့ ပြည်သူတွေကို ဝန်ထုတ်ဝန်ပိုး ဖြစ်နေပါတယ်။ ကျွန်တော်တို့ပြည်သူတွေကတော့ အရင်ကလို လွတ်လွတ်လပ်လပ် သွားလာခွင့်ကိုဘဲ လိုချင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူတွေကို ငဲ့ညှာပြီးတော့အစိုးရအနေနဲ့ ဘယ်ဒေသမှာမှ ကျင့်သုံးလေ့ မရှိတဲ့လူတွေဆီက အခွန်ကောက်တဲ့ဒီလေလံစနစ်ကို ဖျက်သိမ်းပေးစေချင်ပါတယ်။''

ယခုအခါ ကျောက်ဖြူစည်ပင်မှ အရာရှိများကပြည်သူများထံမှ ကောက်ခံရရှိသောငွေများကိုသူတို့ကိုယ်ကျိုးအတွက် လိမ်လည် ယူဆောင်နေကြသည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည့် အပေါ်ပြည်သူများက မကျေမနပ်ဖြစ်နေကြသည်ဟု သိရှိရသည်။

Arakan နာမည်ကို အလွဲသုံးစား လုပ်မှု ဆန့်ကျင် မှအဆက်

(နတ်မြစ်လှိုင်းပြာ)၊ ဦးစံရွှေမောင်တို့ အဓိကတက်ရောက် ဆွေးနွေးခဲ့သည် ဟု သိရသည်။ စစ်တွေမြို့တွင်လည်း အောက်တိုဘာလ၉ရက်နေ့က ရခိုင်လူမျိုးပိုင် Arakan အမည်အား ပြည်ပရောက်ဘင်္ဂလီလူမျိုးများ၏ အလွဲသုံးစားလုပ်မှုအပေါ်ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ ကန့်ကွက်ပွဲနှင့် စာတန်းဖတ်ပွဲအခမ်းအနားတရပ်ကို စစ်တွေမြို့ရှိ ရတပပါတီ ရုံးခန်းတွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို ရတပပါတီတာဝန်ရှိသူများ၊ ဂုဏ်သရေရှိမြို့လူကြီးများ၊ မြို့မိ မြို့ဖ၊ ပြည်သူများ၊ ဗမာလူမျိုးများနှင့် မြို၊ ခမီး၊ ဒိုင်းနစသည့် တိုင်းရင်းသားများ စုစုပေါင်း၅၀၀ခန့် တက်ရောက်ခဲ့ကြသည်။ အခမ်းအနား ကျင်းပရသည့်ရည်ရွယ်ချက်ကိုရတပပါတီ မှစစ်တွေမြို့နယ်ဥက္ကဌလည်းဖြစ် စစ်တွေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်လည်းဖြစ်သော ဦးအောင်မြကျော်က ယခုကဲ့သို့ ပြောသည်။''အဓိကကျနော်တို့ရဲ့ ရည်ရွယ်ချက်ကတော့ ရခိုင်ကိုအင်္ဂလိပ်ကို ခေါ်တဲ့ Arakan အသုံးအနှုန်းကိုပြည်ပ ရောက်ဘင်္ဂလီတွေကအလွဲသုံးစား လုပ်ပြီးတော့ တကမ္ဘာလုံးမှာဒီArakan Land ရခိုင်မြေဆိုတာကိုသူတို့နဲ့ သက်ဆိုင်ကြောင်းသူတို့ရဲ့မြေဖြစ်ကြောင်း လို့ပြောနေတာဟာ ကျနော်တို့တမျိုးသားလုံးကို စော်ကားတဲ့လုပ်ရပ်ဖြစ်ပါတယ်။ ဒါဟာရခိုင်တမျိုးသားလုံးကိုစော်ကားတာဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ကရခိုင်တမျိုးသားလုံးကို ကိုယ်စားပြုထားတဲ့ ပါတီတစ်ရပ် အနေနဲ့ ရခိုင်ပြည်သူတွေဟာအခုလို စော်ကားခံနေရတာကိုဆန့်ကျင် ကန့်ကွက်ဖို့တာဝန်ရှိသလို ရခိုင်ပြည်သူတွေ ဒါကိုသိရှိအောင်နှိုးဆော် တိုက်တွန်းဖို့တာဝန်ရှိတဲ့ အတွက်ပြုလုပ်ရတာဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်တို့မှာလူမျိုးရေး၊ဘာသာရေး မုန်းတီးမှုအတွက် လုပ်တာမဟုတ်ပါ။ မိမိတို့ရဲ့တိုင်းပြည်နဲ့လူမျိုး အတွက်ကာကွယ်တာသာဖြစ်ပါတယ် ။ ရခိုင်ကို အင်္ဂလိပ်လိုဗမငှေ့လို့ခေါ်တာကို အလွဲသုံးစားလုပ်နေတဲ့အပေါ်ဒီအတွက်ခုလို ကန့်ကွက်ရှုတ်ချရခြင်းဖြစ်ပါတယ်''ဟုပြောသည်။

ရခိုင်တိုင်းရင်းသားများပါတီမှ အောက်တိုဘာလ ၉ရက်နေ့နေ့စွဲဖြင့် Arakan နှင့် Arakaneseဆိုသောစကားလုံးမှာရခိုင်ပြည်နှင့်ရခိုင်လူမျိုးများကိုခေါ်ဝေါ်သော စကားလုံးသာဖြစ်ပြီးပြည်ပရောက်ဘင်္ဂလီ လူတစုမှလွဲမှားစွာယူသုံးစွဲနေသည် ကိုပြင်းထန်စွာကန့်ကွက်ကြောင်း ကျေညာ ချက်တစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့သည်။

ကျောက်ဖြူ မဒေးကျွန်းတွင်ရေနံတိုင်ကီများ စတင် တည်ဆောက်ပြီ

ဖြစ်ပါတယ်''ဟု သူကဆက်ပြောသည်။

တရုတ်များသည် အဆိုပါရေနံစိမ်းများ သိုလှောင်ရန် အတွက်တိုင်ကီများ၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြန်မာနိုင်ငံမှ ဘိလပ်မြေများကို အသုံးပြုခြင်းမရှိဟုသူကပြောသည်။

''ကျနော်တို့ ဒီလုပ်ငန်းခွင်မှာ မြန်မာပြည်ကပစ္စည်းတွေကိုအသုံးပြုတာနည်းပါတယ်။ အကုန်လုံးတရုတ်ကလာတဲ့ပစ္စည်းတွေဖြစ်ပါတယ်။ ဘိလပ်မြေတွေဆိုရင်လည်း မြန်မာပြည်ကဟာတွေကို အသုံးမပြုပါဘူး ဘာလို့လည်းဆိုတော့ မြန်မာက ဘိလပ်မြေ ဈေးတွေလည်းကြီးတယ်။ ဘိလပ်မြေ မှုန့်တွေလည်းမသန့်ဘူး။ တရုတ်တွေကိုယ်တိုင်နိုင်ငံခြား ပညာရှင်တွေခေါ်ပြီး ဓါတုပစ္စည်းတွေနဲ့ ဖော်စပ်ပြီး ကိုယ်တိုယ် အမှုန့်ကြိတ်ပြီးသဲ၊ ကျောက်တွေနဲ့ ရောစပ်ပြီးတော့ ဘိလပ်မြေတွေ ထုတ်လုပ်ပါတယ်။ ဒါအတွက်လည်း တရုတ်က လိုအပ်တဲ့ စက်ကရိယာတွေကိုမှာယူတင်သွင်းပါတယ်''ဟုပြောသည်။

သို့သော်လည်းမြန်မာက ကုန်ကြမ်းပစ္စည်းများကို သုံးစွဲကြောင်းနှင့် တရုတ်က မည်သည့်ပစ္စည်းကိုမဆို သင်္ဘောကြီးများဖြင့်အစစ်အဆေးမရှိသယ်ယူလာယူလာပြီး အဆိုပါ စီမံကိန်းတွင် အသုံးပြုကြောင်း သူကဆက်ပြောသည်။

တရုတ်သို့တင်ပို့မည့် ရေနံပိုက်လိုင်းကီလို မီတာ ၂ယ၃၈၀ ခန့် ရှည်လျားပြီး မြန်မာနိုင်ငံအတွင်းသို့ ကီလိုမီတာ ၈၀၀ ခန့် သွယ်တန်းသွားမည် ဖြစ်သည်။ တစ်နှစ်လျှင်ရေနံစိမ်းတန်ချိန် ၂၂ သန်းခန့်ပို့ဆောင်နိုင်မည် ဖြစ်သည်။

၎င်းအပြင်တရုတ်သို့တင်ပို့မည့် ဓာတ်ငွေ့ပိုက်လိုင်းမှ တစ်ဆင့်သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၂ ဘီလျံခန့်ကိုရခိုင်လုပ်ကွက်ရှိ A(၁) နှင့် A(၃) လုပ်ကွက်များမှ တစ်ဆင့်တင်ပို့မည် ဖြစ်သည် ။

မဒေးကျွန်းရေနက်ဆိပ်ကမ်းရှိ စီမံကိန်းထဲတွင်တန်ချိန် သုံးသိန်း ရေနံတင်ဆိပ်ကမ်း၊ ၂ ဒသမ ၉ ကီလိုမီတာရှိ ရေလမ်းကြောင်းတစ်ခု၊ အရှည် မီတာ ၁၅၀ ရှိ တန်ချိန် ၅ယ၀၀၀ သင်္ဘောများ ရပ်နိုင်သည့် ဆိပ်ခံ တံတားတစ်ခု၊မီတာ ၄၈၀ ရှိ တန်ချိန် သုံးသိန်းရေနံတင်ဆိပ်ခံတံတားတစ်ခု၊ ကုဗမီတာခြောက်သိန်းခန့်ကျယ်သော ရေလှောင်ကန်တို့ ပါဝင်မည် ဖြစ်သည်။

အဆိုပါဆိပ်ကမ်းနှင့် ရေနံတင်စီမံကိန်းအတွက် မဒေးကျွန်းတွင်လယ်မြေ အများအပြားကိုလျော်ကြေးငွေအနည်းငယ်ပေးပြီး သိမ်းယူသွားသဖြင့် ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာသောဒေသခံများမှာလယ်မဲ့ယာမဲ့ဘဝသို့ကျရောက်နေကြောင်း သိရသည်။

စိုင်းတင် ရေအားလျှပ်စစ် စီမံကိန်း မှအဆက်

တည်ဆောက်ရန် စီစဉ်ခဲ့သော်လည်း ယခုအချိန်ထိအကောင်အထည် မပေါ်လာသဖြင့် ရခိုင်ပြည်သူများမှာအစိုးရ၏ ဆောင်ရွက်ချက်များကို စိတ်ပျက်နေပြီး လူမျိုးရေးအရနှိမ်ထားလိုသဖြင့် ယခုကဲ့သို့ ပြုလုပ်ထားခြင်းဖြစ်ကြောင်း အစိုးရကို ပြစ်တင် ဝေဖန်လျှက်ရှိနေကြသည်။

ဘင်္ဂလာဒေ့ရှ်နိုင်ငံဒက္ကားမြို့တွင် နေထိုင်နေသောရန်ကုန် တက္ကသိုလ်ကျောင်းသားဟောင်း တစ်ဦးလည်း ဖြစ်ပြီး ၁၉၈၈ အရေးတော်ပုံတွင် မင်းပြားသပိတ် ကော်မီတီအထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သူဦးကျော်မြသာက ထိုအမြင်ကိုယခုလိုထပ်လောင်း ပြောဆိုသည်။

''စိုင်းတင်ရေတံခွန်ဟာကမ္ဘာမှာ တတိယအကြီးဆုံးရေတံခွန်တခုဖြစ်တယ်။ ပထမအကြီးဆုံးက ဘက်တိုရီးယား ရေတံခွန် ၊ ဒုတိယအကြီးဆုံးက နိုင်ဂျာရေ တံခွန်ဖြစ်တယ်။ စိုင်းတင်ရေတံခွန်ဟာ မီဂါဝပ်များစွာထွက်မှာဖြစ်တယ်။ စိုင်းတင်ရေတံခွန်သာ အောင်မြင်လာမယ်ဆိုရင် ရခိုင်ပြည်နယ်တခုလုံးနဲ့ ချင်းပြည်နယ်တခုလုံး လျှပ်စစ်ဓါတ်အားရမှာ ဖြစ်တယ်။ အဲဒီရေတံခွန်ကို၁၉၅၄ခုနှစ်ကပင် ဦးနုအစိုးရကပြည်တော်သာစီမံကိန်းကို ပြဋ္ဌာန်းရာမှာထည့်သွင်းပြီးတော့ လုပ်ခဲ့တာရှိတယ်။ဒါပေမယ့်ပြည်တော်သာ စီမံကိန်းမှာအစလောက်ဘဲလုပ်ခဲ့ပြီးတော့ အင်ဂျင်နီယာနှစ်ယောက်ကိုသတ်ပြီးတော့ လျော်ကြေးဒေါ်လာ ၁၀သန်းပေးပြီး လုံခြုံမှုမရှိဆိုပြီးတော့ ရပ်တန့်ထားခဲ့တယ်။ အဲဒီစိုင်းတင်ရေတံခွန်ကိုနအဖ အစိုးရလက်ထက်မှာလည်း လုပ်ဖို့ဆိုပြီးတော့ မြန်မာကျပ်ငွေ သန်း၁၂၀၀ချပြီးတော့ စီမံကိန်းလုပ်ခဲ့တာရှိပါတယ်။ ဒါပေမယ့် အဲဒါကိုမလုပ်ဘဲနဲ့စစ်တပ်တွေ ဖြန့်ကျက်ချထားပြီး ဝါးတွေသစ်တွေသာ ထုတ်လုပ်ရောင်းချနေခဲ့ကြတယ်။ ဒီစိုင်းတင်ရေတံခွန် လျှပ်စစ်စီမံကိန်းကိုမြန်မာအစိုးရအဆက်ဆက်က ဘာအတွက်ကြောင့်မလုပ်ချင်သလဲဆိုရင် စိုင်းတင်ရေတံခွန်ကဓါတ်အား အောင်အောင်မြင်မြင်နဲ့ထွက်လာရင် ရခိုင်ဒေသ တခုလုံးလျှပ်စစ်ဓါတ်အားရမယ်။ စက်မှုလက်မှုတိုးတက်လာမယ်။ လူနေမှုအဆင့်မြင့်လာမယ်။ ချင်းပြည်နယ် တောင်ပိုင်းဒေသတွေလည်း လူနေမှုအဆင့်အတန်း မြင့်လာမယ်။ အဲဒါတွေကို မမြင်နိုင်တဲ့အပြင် ရခိုင်ပြည်နယ်မတိုးတက်စေချင်လို့ မြန်မာစစ်အစိုးရအဆက်ဆက်ဟာ စိုင်းတင်ရေတံခွန်စီမံကိန်းကိုမလုပ်ဘဲ ရပ်တန့်ထားတာ ဖြစ်ပါတယ်''ဟု ပြောသည်။

ရခိုင်ပြည်နယ်သည် လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန်ရေတံခွန်များ၊ မြစ်ချောင်းများအထူးပေါ်များပြီးသဘာဝ ဓါတ်ငွေ့များလည်းအကြီးအကျယ် ရရှိထားသောပြည်နယတစ်ခု ဖြစ်သည်။ သို့သော်လည်း ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအား အနိမ့်ဆုံးသုံးစွဲသော ပြည်နယ်ဖြစ်ပြီး လျှပ်စစ်ဖိုးခမှာလည်း တခြား ပြည်နယ်နှင့် တိုင်းများထက် အဆနှစ်ဆယ်ပိုပေးရသော ပြည်နယ်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် လျှပ်စစ်ဓါတ်အားကိုဒီဇယ်သုံးဂျင်နရယ်တာများကို အသုံးပြုပြီး မြို့တိုင်တွင်မီးလင်းရေး ကော်မီတီဖွဲ့စည်းကာ တာဝန်ယူဆောင်ရွက် နေကြရသည်။ အနည်းဆုံးလျှပ်စစ်မီတာ တယူနစ်ကို ၄၀၀မှ ၁၀၀၀ကျပ်ထိပေးနေရသည်။ ပုဏ္ဏားကျွန်းမြို့တွင် တယူနစ်ကို၁၀၀၀ကျပ်ပေးသွင်းနေရ သဖြင့်ရခိုင်ပြည်နယ်တွင် သာမကမြန်မာနိုင်ငံတွင်ပါ လျှပ်စစ်မီတာခ အကြီးဆုံး ကျခံနေရသောမြို့ဖြစ်သည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် စိုင်းတင်ရေအားလျှပ်စစ်မီမံကိန်းမှာ ရခိုင်ပြည်သူများမျှော်လင့်ချက်ဖြစ်သဖြင့် အာဏာရရှိလာသောမြန်မာအစိုးရ အဆက်ဆက်သည် ရခိုင်ပြည်သူများ၏ထောက်ခံမှုကို ရရှိလိုသဖြင့်စိုင်းတင်စီမံကိန်းကို လုပ်ပေးမည်ဟု ဆိုကာခြွေးသိပ်တတ်ကြောင်း ဦးကျော်မြသာကပြောသည်။

''အခုတက်လာတဲ့ဦးသိန်းစိန် အစိုးရကလည်းစိုင်းတင်ရေအားလျှပ်စစ် စီမံကိန်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု J.V / B.O.T စနစ်နဲ့ ဆောင်ရွက်နိုင်ရေးအတွက်သဘောတူညီမှု စာချွန်လွှာကို ဒီနှစ်ဇန္နဝါရီလ၁၈ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြပြီလို့ပြောဆိုပေမယ့် ယုံကြည်လို့ မရသေးဘူး။ အချိန်မရွေး အကြောင်းအမျိုးမျိုးပြပြီး ဖျက်သိမ်းပစ်နိုင်တယ်''ဟု ပြောသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဦးဇော်မင်းက စိုင်းတင်စီမံကိန်းကို နိုင်ငံခြား တိုက်ရိုက်မြှုပ်နှံမှုနှင့် J.V / B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် သဘော တူညီမှုစာချွန်လွှာကို ၁၈-၁-၂၀၁၁ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။ အဆိုပါစီမံကိန်းနှင့် ပတ်သတ်၍ ဂျပန်နိုင်ငံ NEWJEC ၏နောက်ဆုံး စူးစမ်းလေ့လာချက်အရ ၂၀၁၀ပြည့်နှစ်တွင် တင်သွင်းသောအစီရင်ခံစာ၌ (၂၃ ဒသမ ၃၅)မဂ္ဂါဝပ် (၂)လုံး စုစုပေါင်း (၄၆ ဒသမ ၇)မဂ္ဂါဝပ်၊ ခိုင်လုံဓါတ်အား (၂၀) မဂ္ဂါဝပ်၊ နှစ်စဉ် ပျမ်းမျှ ဓါတ်အား ထုပ်လုပ်မှုမှာ (၂၈၁) GWh ၊စက်၏ စွမ်းဆောင်ရည်(၉၆) ရာခိုင်နှုန်းရှိသည်ကို ဖေါ်ပြထားပါကြောင်း၊ စက်တပ်ဆင်မှုလျှော့ကျ သွားသော်လေည်း နှစ်စဉ်ပျမ်းမျှ ဓါတ်အားထုတ်လုပ်မှု တိုးလာပြီးစွမ်းဆောင်ရည် (၉၆) ရာခိုင်နှုန်းရှိသဖြင့်နွေရာသီ၌ပင် လျှပ်စစ်ဓါတ်အား ခိုင်လုံမှုရရှိမည်ဟုစူးစမ်းလေ့လာ ဖေါ်ထုတ်တွေ့ရှိထားပါကြောင်း ပြောကြားသွားခဲ့သည်။

ရခိုင်မှ လျို့ဝှက် ယူဆောင်သွားသော ဆင်ဖြူ

ရမိသော ဆင်ဖြူတော် ၇ စီးအနက် ရခိုင်ပြည်မှဖမ်းဆီးရမိသော ဆင်ဖြူတော်မှာ ၆ စီးဖြစ်သည်။ ရခိုင်ပြည်မှပထမဆုံးဖမ်းဆီးရမိသော ဆင်ဖြူတော်ကို ၂၀၀၀ ပြည့်နှစ် ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ရသေ့တောင်မြို့နယ် အထက်နန်းရာမှ၎င်း၊ ဒုတိယ ဆင်ဖြူတော်ကို ၂၀၀၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် မောင်တောမြို့နယ် အတွင်းမှ၎င်း၊ တတိယ ဆင်ဖြူတော်ကို ၂၀၀၂ ခုနှစ်ဒီဇင်ဘာလအတွင်း မောင်တောမြို့နယ် ကိုင်းကြီးရွာမှ၎င်း၊ စတုတ ဆင်ဖြူတော်ကို ၂၀၁၀ ခုနှစ် ဇွန်လ၂၆ရက်နေ့တွင် မောင်တောမြို့နယ် မြောက်ပိုင်းမှ၎င်း၊ ပဥ္စမမြောက် ဆင်ဖြူကို ၂၀၁၀ခုနှစ် စက်တင်ဘာလ ၂၃ရက်နေ့တွင်၎င်း၊ ဆဌမမြောက်နောက်ဆုံးဖမ်းဆီး ရမိသော ဆင်ဖြူကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် မောင်တောမြို့နယ် လောင်းဒုံဆင်သေပြင် ကျေးရွာတွင် ၎င်းဖမ်းဆီးရမိပြီးသတ္တမ မြောက်ဆင်ဖြူတော်ကို ရောဝတီတိုင်းမှ ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း ဖမ်းဆီးရမိခဲ့သည်။ တိုင်းပြည်ကိုအုပ်ချုပ် သူများက ဆင်ဖြူများ ဖမ်းမိရရှိခြင်းမှာ တိုင်းပြည်တိုးတက်သာယာဝပြောရန် အတွက် အတိတ်နမိတ်များကောင်းများဖြစ်ကြောင်း တိုင်းပြည်သို့ဝါဒဖြန့်ပြောကြား လေ့ရှိသည်။ယခုအခါဆင်ဖြူဖမ်းမိရရှိသည်မှာ မြန်မာနိုင်ငံ၌ (၇)ကောင်ရှိခဲ့ပြီ ဖြစ်သော်လည်းတိုင်းပြည်မှာငြိမ်းချမ်းမှုမရှိသည့် အပြင်ဆင်းရဲသထက်ဆင်းရဲလာသဖြင့် ဆင်ဖြူရရှိပါကတိုင်းပြည်တိုးတက်သာယာအေးချမ်းလာသည်ဆိုသောစကားအပေါ်လူ အများကယုံကြည်မှုမရှိဖြစ်နေကြ ကြောင်း သိရသည်။

ကြော်ငြာ လက်ခံသည်။

အာဏာရှင်တဦး၏ မလှပသော နိဂုံး

လစ်ဗျားသူပုန်များက ၎င်းအားဖမ်းဆီးရမိချိန်တွင် အာဏာရှင်ဗိုလ်မှူးကြီး ကဒါဖီသည် မိမိအားမသတ်ပါရန် တတွတ်တွတ်တောင်းပန်နေခဲ့သည်။ အောက်တိုဘာ (၂၀)ရက်နေ့ကအာဖရိကတိုက်ရှိကြွယ်ဝသော နိုင်ငံမှစစ်အာဏာရှင်ကြီးသည် ၎င်းအားမုန်းတီးစက်ဆုပ်နေသည့်တော်လှန်ရေးပြည်သူ့စစ်များလက်ထဲတွင် အသက်ဆုံးရှုံးခဲ့ရသည်။ လစ်ဗျားကို (၄၂)နှစ်လုံးလုံး တစ်ချက်လွှတ် အမိန့် အာဏာစက်ဖြင့် အုပ်စိုးခဲ့သော ကဒါဖီသည် လမ်းဘေးရှိ ကွန်ကရစ်ရေနုတ်မြောင်းတစ်ခုတွင်ဒဏ်ရာဗရပွဖြင့်ဖာတ်သိမ်းခဲ့ရခြင်းဖြစ်သည်။

လစ်ဗျားတော်လှန်ရေးတပ်များကကဒါဖီ၏ မွေးရပ်မြို့ဆာတီတွင်မိမိတို့၏ ရန်သူတော်ကို သုတ်သင်လိုက်ပြီဟု သတင်းများထုတ်ပြန် ဖော်ပြခဲ့သော်လည်း နိုင်ငံတကာအစိုးရများကချက်ချင်းအတည်ပြုရန် ခက်ခဲနေခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်းတွင်မူ မိုဘိုင်းလ်ဖုန်းနှင့် ရိုက်ယူထားသော ဗီဒီယိုမှတ်တမ်းများ၊ ဓာတ်ပုံများက ကဒါဖီ တစ်ယောက် အသက်(၆၉)နှစ် အရွယ်တွင် လူ့လောကကြီးကို မျက်ကွယ်ပြုသွားပြီဆိုခြင်းအား အတည်ပြုနိုင်ခဲ့သည်။

တစ်နိုင်ငံလုံးမှ မြို့ကြီးများကို တစ်ခုချင်းစီသိမ်းယူလာသော တော်လှန်ရေး အင်အားစုများသည် ကဒါဖီ သစ္စာတော်ခံတို့၏ နောက်ဆုံး အခိုင်အမာ ခံတပ်ဖြစ်သော ဆာတီတွင်အာဏာရှင်စစ်ခေါင်းဆောင်ကြီး ခိုအောင်းနေမည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်လည်း ဆာတီမြို့သိမ်း စစ်ပွဲကို အင်နှင့်အားနှင့် ထိုးစစ်ဆင် ဆောင်ရွက်ခဲ့သည်။ အောက်တိုဘာ(၂၀) ရက်နေ့တွင်မူ ဆာတီကို မဟာမိတ် လေတပ်များက အကူအညီ ပေးနေသည့် တော်လှန်ရေး အင်အားစုများက အရှိန်အဟုန်မြင့် တိုက်ခိုက်ခဲ့သည်။ အခြေမလှတော့သည်ကို နားလည်ခံစားမိလာသည့် ကဒါဖီသည် ၎င်း၏ သစ္စာတော်ခံ တပ်ဖွဲ့များနှင့်အတူ ဆာတီမှ ထွက်ပြေးခဲ့သည်။

ကဒါဖီသည် နောက်လိုက်နောက်ပါ တပ်သားများကိုခေါ်ဆောင်ကာ ယာဉ်တန်းတစ်ခုဖြင့် ကိုယ်လွတ်ရုန်းခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကောင်းကင်တွင် ပျံဝဲနေသည့်ဗြိတိသျှတော်ဝင်လေတပ်မှတော်နေးဒိုး ဂျက်တိုက်လေယာဉ် တစ်စင်းက အဆိုပါ ယာဉ်တန်းကို တွေ့ရှိသွားသည်။ တော်နေဒိုးလေယာဉ်ထံမှအကြောင်းကြားမှုကို အတည်ပြု လက်ခံရရှိပြီးနောက် အမေရိကန် လေတပ်၏ မောင်းသူမဲ့ လေယာဉ်က ယာဉ်တန်းကို ဒုံးကျည်ဖြင့် ပစ်ခတ်ကာ တားဆီးခဲ့သည်။

ထို့အပြင်ပြင်သစ်လေတပ်မှရာဖေးလ်တိုက်လေယာဉ် တစ်စင်းကလည်း တိုက်ပွဲတွင် ပါဝင်ခဲ့ပြီး လက်နက်များ တင်ဆောင်လာသည့် ပစ်ကပ်ကား (၁၅)စင်းပါ ယာဉ်တန်းကို ပစ်ခတ်ခဲ့သည်။ ထို့ကြောင့် ကဒါဖီ၏ သစ္စာတော်ခံအချို့ သေဆုံးခဲ့သလိုကဒါဖီအပါအဝင်အချို့က လမ်းဘေးရှိ ကွန်ကရစ် ရေနုတ်မြောင်းသို့ ဆင်းကာ အကာအကွယ်ယူထားရသည်။

ထိုအချိန်တွင်ဆာတီ၏နောက်ဆုံးလက်ကျန်ဧရိယာကို သိမ်းပိုက်ပြီးနောက် တစ်အိမ်တက်ဆင်း ကဒါဖီကို လိုက်ရှာနေသည့် လစ်ဗျား တော်လှန်ရေး တပ်များက ယင်းနေရာသို့ ဆိုက်ရောက်လာပြီး ကဒါဖီနှင့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည်။

နောက်ဆုံးတွင် တစ်ဖက်သတ် တိုက်ပွဲမှာ ပြီးဆုံးသွားခဲ့ပြီးကဒါဖီ၏လက်ပါးစေအားလုံးရေနုတ်မြောင်းအနီးတွင်ပင်သေဆုံးခဲ့ကာအာဏာရှင်ဗိုလ်မှူးကြီးမှာ တော်လှန်ရေးတပ်များ၏လက်ရဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ထို့နောက်ထိန်းမနိုင်သိမ်းမရဖြစ်နေသောလူအုပ်ကြီးကကဒါဖီကိုဝိုင်းဝန်းကန်ကျောက်၊ ထိုးနှက်ခဲ့ကြသည်။ကဒါဖီသည်ထိုအချိန်ကလက်ထဲတွင်ရွှေချထားသည့်ပစ္စတိုသေနတ်တစ်လက်ကိုကိုင်ထားခဲ့သည်။

၎င်းသည်မိမိအားမပစ်ပါရန်တတွတ်တွတ်တောင်းပန်ခဲ့သော်လည်း ဦးခေါင်းနှင့် ဝမ်းဗိုက်တို့တွင်အပစ်ခံရပြီးအသက်ထွက်သွားခဲ့သည်။ ကဒါဖီ၏ သားတစ်ဦးဖြစ်သော မူတက်ဆင်မ်သည်လည်းဆာတီ၏နောက်ဆုံးတိုက်ပွဲတွင် သေဆုံးသွားကြောင်းသိရသည်။

တော်လှန်ရေး တပ်ဖွဲ့များသည် ကဒါဖီ၏ ရုပ်အလောင်းကို ဆေးရုံကား တစ်စင်းပေါ်တင်ပြီး မစ်ရာတာမြို့သို့ သယ်ဆောင်သွားသည်။ ကဒါဖီ သေဆုံးကြောင်း သတင်းကို ကြားရသည့်အခါ တော်လှန်ရေးတပ်ဖွဲ့များသည် လက်နက်ကြီးဒဏ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ဖြစ်ကာပျက်စီးနေသည့်မြို့ပျက်ထဲတွင်ဝမ်းသာအားရ အောင်ပွဲခံခဲ့ကြသည်။

သတင်းဌာနများက ကဒါဖီနှင့် နောက်ဆုံးလက်ကျန် သစ္စာတော်ခံ တပ်သားများ သေဆုံးခဲ့သည့် ကွန်ကရစ် ပိုက်လိုင်းနေရာတွင်ဝမ်းသာအားရဖြင့်အမှတ်တရလာရေးသွားကြသည့် Graffiti စာတန်းများ၏ ပုံကိုလည်း ဖော်ပြခဲ့သည်။

ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ကျော်သွားပြီ

ယနေ့ အောက်တိုဘာ ၃၁ ရက်နေ့မှာ ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၇၀၀၀ကို ရောက်ရှိသွားပြီလို့ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီးကကြေညာလိုက်သည်။ သန်းပေါင်း ၇၀၀၀မြောက်လူသားကလေးများကိုကမ္ဘာအနှံ့ ဖွားမြင်ခဲ့ကြသည့်အထဲ ဖိလစ်ပိုင်သည် ၎င်းမွေးဖွားမှုအတွက် ပထမ ဆုံးနိုင်ငံဖြစ်သည်ဟုသတ်မှတ်ပြီး သတင်းများတွင် ဖော်ပြကြသည်။

ယမန့်တနင်္ဂနွေနေ့ အောက်တိုဘာ ၃၀ ရက်နေ့ညဉ့်နက်ပိုင်းက မနီလာမြို့တော်က မနီလာဆေးရုံတွင် Danica May Camacho ဖွားမြင်ခဲ့တဲ့ သမီးငယ်လေးကို သန်း ၇၀၀၀မြောက် လူသားအဖြစ် သတင်းတွေမှာဖော်ပြကြသလို Plan International အမည်ရ နိုင်ငံတကာ စေတနာ့ဝန်ထမ်းအဖွဲ့ကြီးကတော့ အိန္ဒိယမှာ အောက်တိုဘာ ၃၀ ရက်နေ့ကပဲ ဖွားမြင်ခဲ့တဲ့ သမီးငယ်လေးက သန်း ၇၀၀၀ မြောက် လူသားဖြစ်သည်ဟု ကြေညာသည်။ မကြာခင်မှာ လူဦးရေအရ တရုတ်နိုင်ငံကို ကျော်တက်သွားနိုင်တဲ့ အိန္ဒိယနိုင်ငံမှာလည်း သန်း၇၀၀၀ မြောက် လူသားဖွားမြင်မှုပွဲတော်များ ဆင်နွှဲပျော်ရွှင်ခဲ့ကြသည်။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ကို ရောက်လာခြင်းသည် လူသားများပိုမို အသက်ရှည်လာကြခြင်းနှင့် လူသား မွေးဖွားမှုနှုန်းတိုးတက်လာမှုရဲ့ သမိုင်းမှတ်တိုင်ဖြစ်သည်ဟု ကုလသမဂ္ဂရဲ့ ကမ္ဘာ့လူဦးရေဆိုင်ရာအကြီးအကဲ မစ္စတာ Heiling ကရှုမြင်ပါတယ်။ အာဖရိကတိုက် ဆာဟာရသဲကန္တာရတဝိုက်က တစ်ဦးချင်း ဝင်ငွေနိမ့်ကျလှသော နိုင်ငံများနှင့် အာရှတိုက် ကတစ်ဦးချင်းဝင် ငွေနည်းပါးလှသည့်နိုင်ငံတွေမှာတော့ လူဦးရေ တိုးပွားနှုန်းကငွေ့နိုင်ငံများ၏ စီးပွားရေးကြီးထွားမှုနှုန်းကို ကျော်တက်နေသည်ဟု ရှုမြင်နေကြကြောင်း ကုလသမဂ္ဂ၏ လူဦးရေရန်ပုံငွေအဖွဲ့က အရာရှိများက ပြောကြသည်။ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတွင်မူ သေဆုံးမှုနှုန်းက မွေးဖွားမှုနှုန်းထက်နိမ့်ကျလာသောကြောင့် သက်ကြီးရွယ်အိုများများပြားလာပြီးတော့ အလုပ်လုပ်နိုင်သောလူငယ်လူလတ်လူဦးရေ ရှားပါးလာမှုနှင့်လူသားတွေရဲ့ ဘဝအဆင့်အတန်းများကျဆင်းလာမည်ကို စိုးရိမ်ပူပန်နေကြသည်။ နောက်ဆုံးရရှိထားသော ကုလသမဂ္ဂ၏ကိန်းဂဏန်းတွေအရ လာမည့်သက္ကရာဇ်၂၀၅၀မှာ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း၉၀၀၀ကို ရောက်ရှိလာမှာဖြစ်ပြီးလူသားများ၏ မွေးဖွားနှုန်းနှင့် သေဆုံးမှုနှုန်းသည်အခုအတိုင်း အချိုးအစားမပြောင်းမလဲဘဲရှိခဲ့မည်ဆိုလျှင် လာမယ့် ၂၁ရာစုအကုန်မှာ ကမ္ဘာ့လူဦးရေ သန်းပေါင်း၁၀၁၀၀ကို ရောက်ရှိလာမှာဖြစ်သည်။

၂၀၁၁ အကုန် အီရတ်ရှိ
အမေရိကန်တပ်အားလုံး ရုပ်သိမ်းမည်

၂၁-၁၀-၂၀၁၁

အီရတ်နိုင်ငံမှာတပ်စွဲထားသောအမေရိကန် တပ်ဖွဲ့များကို ဒီနှစ်ကုန်မှာပြန်ရုပ်သိမ်းမည်ဟု သမ္မတဘားရက်အိုဘားမားကကြေညာ လိုက်သည်။

အီရတ်ဝန်ကြီးချုပ် နိုရီအယ်လ်မလိကီ (Nouri Al-Maliki) နှင့်မနေ့ (၂၀ရက်)က ဗွီဒီယိုဖြင့်ပြောဆိုဆွေးနွေးခဲ့ပြီး နောက်ပိုင်း သမ္မတအိုဘားမားကကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

''အီရတ်မှာရှိတဲ့ကျနော်တို့ရဲ့တပ်ဖွဲ့တွေ အားလပ်ရက်တွေအတွက် အိမ်ကိုသေချာ ပေါက်ပြန်လာရပါလိမ့်မယ်''ဟုအိမ်ဖြူတော်မှာကျင်းပသောသတင်းစာရှင်းလင်းပွဲမှာ သမ္မတအိုဘားမားကပြောခဲ့ခြင်းဖြစ်သည်။ ယခုဆုံးဖြတ်ချက်ကို အီရတ်ဝန်ကြီးချုပ် မစ္စတာမာလိကီနှင့် သူတို့၂ယောက်စလုံး သဘောတူခဲ့ကြခြင်းဖြစ်သည်ဟုလည်း အိုဘားမားကပြောသည်။

အီရတ်နှင့်အမေရိကန်နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အပြန်အလှန်အကျိုးတူဆက်ဆံရေးနှင့် အပြန်အလှန် လေးစားမှုများကိုအခြေခံပြီး အခန်းကဏ္ဍသစ်တစ်ခုအနေနှင့် ဖြစ်ပေါ်လာလိမ့်မယ်ဟုလည်း သမ္မတအိုဘားမားက ပြောဆိုခဲ့သည်။

၎င်းအပြင် အီရတ်နိုင်ငံအတွင်းလုံခြုံရေး နှင့် ငြိမ်းချမ်းရေးအတွက် အမေရိကန်ဟာ အီရတ်၏လုပ်ဖော်ကိုင်ဖက်အဖြစ်ဆက်ပြီးရှိသွားမည်ဟုလည်း ပြောသည်။

အလားတူ အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တခြားနိုင်ငံများကလည်း လေးစားလိမ့်မည်ဟုအမေရိကန်ပြည်ထောင်စုကမျှော်လင့်သည့်အကြောင်းလည်းသမ္မတ အိုဘားမားက ပြောဆိုသည်။

သမ္မတအိုဘားမား၏ ကြေညာချက်ထွက်လာပြီး မကြာခင်မှာပဲ အီရတ်ဝန်ကြီးချုပ် မာလိကီကလည်း ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။အဆိုပါကြေငြာချက်တွင် ယခုနှစ်နှစ်အကုန်မှာ အမေရိကန်တပ်ဖွဲ့များ အီရတ်ကနေအပြည့်အဝရုပ်သိမ်းပြီးနောက်ပိုင်းနှစ်နိုင်ငံဆက်ဆံရေးအသစ် စတင်ဖို့ သူနှင့်သမ္မတအိုဘားမားတို့အမြင် သဘော ထားတူညီခဲ့ကြသည်ဟုဖော်ပြထားသည်။

၂၀၀၃ ခုနှစ်ကစခဲ့သော အီရတ်စစ်ပွဲမှာ အမေရိကန်စစ်သား ၄၄၀၀ ကျော် ကျဆုံး ခဲ့ရသည်။

ဘင်္ဂလားဒေ့ချ်နိုင်ငံသား ၈ ဦး
ဆော်ဒီတွင် ခေါင်းဖြတ် ကွပ်မျက်ခံရ

၉-၁၀-၂၀၁၁

ဘင်္ဂလာဒေ့ချ်နိုင်ငံသား ၈ ဦးကိုလူသတ်မှုဖြင့် ဆော်ဒီအရေဗီးယားတွင်သောကြာနေ့ကလူမြင်ကွင်းတွင် ခေါင်းဖြတ်ကွပ်မျက် လိုက်ကြောင်းသတင်းရရှိသည်။

သူတို့အား ၂၀၀၇ခုနှစ် ဧပြီလ ၂၂ ရက်နေ့ကဆော်ဒီနိုင်ငံရီယဒ်မြို့တော်မှ အိမ်တစ်အိမ်ကိုဓါးပြတိုက်စဉ်အီဂျစ်နိုင်ငံ သားလုံခြုံရေးအစောင့်တစ်ဦးကိုသတ်မှုဖြင့် ယခုကဲ့သို့ခေါင်းဖြတ်ကာပြစ်ဒဏ် စီရင်ခဲ့ ခြင်းဖြစ်သည်။

ထိုကဲ့သို့ကွက်မျက်လိုက်ကြောင်းကိုဆော်ဒီမြို့တော် ရီယဒ်(Riyadh)ရှိ ဘင်္ဂလာဒေ့ချ် သံရုံးအလုပ်သမား အတွင်းဝန်မိုဟာမတ်မိုင်ဇနုရ်ရာဟမန်က သတင်းထောက်များအား အတည်ပြုပြောကြားသည်။

သူတို့အား ကွပ်မျက်ပြီးနောက် အစ္စလာမ်ဘာသာရေးဓလေ့ ထုံးစဉ်လာအတိုင်း ဆော်ဒီအရေဗီးယားအစိုးရကသောကြာနေ့ကမြေမြှုပ်သင်္ဂြိုလ်လိုက်သည်ဟု သူကပြောသည်။

ထိုသို့ဘင်္ဂလာဒေ့ချ်နိုင်ငံသားများကို သေဒဏ်စီရင်ချမှတ်ခဲ့ကြောင်းကို ဘင်္ဂလာဒေ့ချ်အစိုးရထံတရားဝင် ဆော်ဒီ အစိုးရမှ အကြောင်းကြားခြင်းတစုံတရာ မရှိကြောင်းနှင့် ထောင်အာဏာပိုင်များကို မေးမြန်းပြီးမှထိုသို့ခေါင်းဖြတ် ကွပ်မျက်လိုက်ကြောင်းသိရကြောင်း ဘင်္ဂလာဒေ့ချ် တာဝန်ရှိသူများကပြောသည်။

သူတို့အား ရီယဒ်မြို့တော်ရှိ AI Hakam နန်းတော်အနီးရှိ တရားမျှတမှုရင်ပြင်တွင် ကွပ်မျက်ရာ လူထောင်ပေါင်းများစွာက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကွပ်မျက်ခံရသူ ဘင်္ဂလားဒေ့ချ်နိုင်ငံသားများမှာအလုပ်သမားများဖြစ်ကြပြီးသူတို့အား ခေါင်းဖြတ်ကွက်မျက်မှုကိုနိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့်လူ့အခွင့် အရေးစောင့်ကြည့်ရေးအဖွဲ့တို့မှ ရှုတ်ချခဲ့သည်။

ဓါးပြတိုက်ရာတွင်ပါဝင်သူ ဘင်္ဂလာဒေ့ချ်နိုင်ငံသားနောက်ထပ်သုံးဦးကိုမူထောင်ဒဏ် (၈) နှစ်(၁၃)နှစ်ထိ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်းသိရသည်။

လက်ရှိ အစိုးရ လိမ်နေတယ်ဟု စစ်တွေ ရွှေဝါရောင်ကို မှအဆက်

အများစုနိုင်ငံရေးသမားများမှာ လွတ်ရက်စေ့ခါနီးသူများ ဖြစ်နေသဖြင့် ထိုနိုင်ငံရေးအကျဉ်းသား ၂၀၀ ခန့်ကို လွှတ်ပြပြီးအစိုးရသည် တိုင်းပြည်ကိုသာမကကမ္ဘာပြည်သူများကိုပါ လိမ်လည်သည်ဟု သူကဆက်ပြောကြားသည်။

''ဦးဇင်းက ၆နှစ်နဲ့ ၈လ ထောင်ထဲမှာနေရမယ်။ အခု ၄ နှစ်နေပီးပီ။ ကျန်တာက ၂ နှစ်ကျော်ဘဲ ကျန်တယ်။ ဘာထူးလဲ။ ကျန်တဲ့ ၂ နှစ်ကျော်ကို ထောင်ထဲမှာ နေလိုက်ရင်ကော ဘာဖြစ်မလဲ။ အခုတော့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးတယ်ဆိုပြီးကျေညာတယ်။ အများစုလွှတ်လာတဲ့နိုင်ငံရေးအကျဉ်းသားတွေကလွှတ်ရက်နီးနေတဲ့သူတွေများတယ်။ ဒါကတမင်ကို လိမ်ညာဖို့ ရည်ရွယ်ချက်နဲ့ ဟန်ပြလုပ်နေတာဖြစ်ပါတယ်''ဟုပြောသည်။

လက်ရှိ အစိုးရမှတကယ် စစ်မှန်သော စေတနာဖြင့် နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးခြင်း မဟုတ်သဖြင့်ယုံကြည်မှု တည်ဆောက်၍ မရနိုင်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားအများစုမှာထောင်ထဲတွင်ကျန်နေသေးကြောင်း၊ ဆက်လက်ပြီးသူတို့လွှတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဟုလည်းသူက ဆက်ပြောသည်။

၎င်းပြင် ဘူးသီးတောင်ထောင်ထဲရှိ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၏ အခြေအနေကို မေးမြန်းကြည့်ရာ အရှင်ဣလ္လသရိယက ယခုလို ဆိုသည်။

''ထောင်ထဲမှာကျန်းမာရေးအခြေအနေကိုပြောရရင် ကိုဌေးကြွယ်နဲ့ဦးခွန်ထွန်းဦးနဲ့ အမူတွဲ ဦးထွန်းညိုရဲ့ အခြေအနေကတော်တော် ဆိုးရွားနေပါတယ်။ ဦးဌေးကြွယ်ရဲ့ ကျန်းမာရေး အခြေအနေသိပ်မကောင်းဖြစ်နေပါတယ်။ သူတို့ကိုဆေးတော့ ကုနေပါတယ်။ သူတို့ကိုထောင်အာဏာပိုင်တွေက လိုလေသေးမရှိအောင်တော့ ဆေးကုသပေးနေပါတယ်။ ဒါပေမယ့် ထောင်တွင်း အခြေအနေက ကျန်းမာရေးနဲ့ မညီညွတ်တော့နေမကောင်းဖြစ်နေပါတယ်''ဟုပြောသည်။

ယခင် ထောင်မှူးကြီးဦးစိန်ထွန်းလက်ထက်ကဘူးသီးတောင်ထောင် အခြေအနေမှာ အထူး ဆိုးရွားခဲ့ပြီးလက်ရှိထောင်မှူးလက်ထက်တွင် အခြေအနေသိပ်မဆိုးကြောင်းနှင့် တိုးတက်မှုများရှိကြောင်း ဦးဣလ္လသရိယကဆိုသည်။

အရှင်ဣလ္လသရိယမှာ ယခုအခါရဟန်းပြန်တက်၍သင်္ကန်းစည်းထားပြီးမိသားစုများနေထိုင်ရာ မောင်းတောမြို့တွင် ခေတ္တရောက်ရှိနေသည်။ မပြီးဆုံးသေးသော ဒီမိုကရေစီတော်လှန်ရေးတွင် ဆက်လက်လှုပ်ရှားပါဝင်သွားမည် ဖြစ်ကြောင်းနှင့် စစ်မှန်သော ဒီမိုကရေစီမရမချင်းနိုင်ငံရေးလုပ်ငန်းစဉ်များတွင် ကျင်လည်လှုပ်ရှားသွားမည်ဟုနိရဥ္စရာသို့ဦးဇင်းကပြောကြားသွားသည်။

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ်
October-November 2011

နာဆာကအင်္ဂါဂြိုဟ်သို့ စက်ရုပ်ကားလွှတ်တင်

အမေရိကန်အမျိုးသားအာကာသအေဂျင်စီ နာဆာမှ ခေတ်အမှီဆုံးဂြိုဟ် မျက်နှာပြင်သွားစက်ရုပ်ကားတစင်းကို အင်္ဂါဂြိုဟ်သို့ လွှတ်တင်လိုက်ပြီ ဖြစ်သည်။

ဖလော်ရီဒါပြည်နယ်မှာရှိသော ကိပ်ကာနေဗာရယ်လ် စခန်းကနေပြီးအလေးချိန်အားဖြင့် ၁တန်နီးပါးခန့်ရှိသောဂြိုဟ်မျက်နှာပြင်သွားယာဥ်ကို အက်တလပ်စ် ဒုံးပျံ ပေါ်တင်ပြီးလွှတ်တင် လိုက်တခြင်းဖြစ်သည်။

Curiosity ဟု အမည်ပေးထားသော ၄င်းစက်ရုပ်ကားသည် ယခင်လွှတ်တင်ထားခဲ့ပြီးဖြစ်သောဂြိုဟ်သွား ယာဥ်စက်ရုပ်ကားများထက်အများကြီး ပိုသာသည်ဟု ဆိုသည်။

၄င်းစက်ရုပ်ကားတွင် အင်မတန်အဆင့်မြင့်သောကိရိယာများ တပ်ဆင်ပေးထားပြီးယခင်က အဆိုပါဂြိုဟ်နီကြီးပေါ်တွင် သက်ရှိများရှိခဲ့သည်လားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီးစူးစမ်းလေ့လာ သွားမည်ဖြစ်သည်။

ဒေါ်စု အနုပညာရှင်များနှင့်တွေ့ဆုံ

NLDမှတ်ပုံတင်ခွင့် လျှောက်ထားသော နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင်ရှိသောရုပ်ရှင်ဂီတ အနုပညာ နယ်ပယ်က အနုပညာရှင်၅၀နီးပါး လောက်နှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုကို တက္ကသိုလ် ရိပ်သာလမ်း ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင် အဆိုပါနေ့ နေ့လည်၃နာရီတွင်စတင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင်မျိုးချစ်စိတ် ဓါတ်ရှင်သန်စေမယ့် တေးဂီတတွေရေးသား ဖော်ထုတ်ရန်ပြောဆိုခဲ့ကြပြီး တေးစီးရီနှင့်ဗီစီဒီကိုလာမည့် ဒီဇင်ဘာလလောက်တွင် ထုတ်နိုင်ရန်ဆွေးနွေးခဲ့ ကြကြောင်းသိရသည်။ လာရောက်တွေ့ဆုံခဲ့ကြသူများထဲတွင် နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗို၊ အဆိုတော်ဆောင်းဦးလှိုင်၊ အနဂ္ဂ၊ ဇေယျာသော်၊ ချောစုခင်၊မီးမီးခဲ၊ သံသာဝင်း၊ ကဗျာဘွဲ့မှူးစတဲ့ အဆိုတော်တွေ၊တေးရေး ဆရာတွေ၊ ထုတ်လုပ်သူများ ပါဝင်ကြောင်းသိရသည်။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မြန်မာကို ပေးအပ်

၂၀၁၁–၁၁–၁၇

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပပြုလုပ်သောအာဆီယံ ထိပ်သီးညီလာခံက ၂၀၁၄ခုနှစ်အာဆီယံအဖွဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်အဖြစ်မြန်မာအစိုးရကိုယနေ့(နိုဝင်ဘာလ ၁၇ရက်နေ့) နေ့လည်ပိုင်းတွင် ကျင်းပသောအစည်းအဝေး မှတာဝန်ပေးလိုက်သည်။

ယခုကဲ့သို့ တာဝန်ပေးရခြင်းမှာမြန်မာနိုင်ငံမှာစစ်အစိုးရကနှစ်ပေါင်းများစွာ အုပ်ချုပ်လာရာကနေ အရပ်သားအစိုးရ ဖြစ်လာပြီးပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်လာသည့်အတွက် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

သို့သော်လည်း အမေရိကန်အစိုးရကတော့မြန်မာနိုင်ငံမှာပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ခြင်း၊ နိုင်ငံရေးအကျဉ်းသားတစ်ချို့ကိုလွှတ်ပေးခဲ့ခြင်းများရှိခဲ့ သော်လည်းအပြောင်းအလဲသည် လုံလောက်မှုမရှိသေးဘဲလူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ဆက်လက်ရှိနေဆဲဖြစ်သည့်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်မပေးဖို့ ကန့်ကွက်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာနာတာလီဂါဝါကမြန်မာ နိုင်ငံမှာသိသာသောအပြောင်းအလဲများ ရှိနေသည်။ ယခုကဲ့သို့အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကိုမြန်မာအစိုးရအနေဖြင့်တာဝန် ယူနိုင်ဖို့အတွက် အခြေခံကောင်းများ ဖြစ်လာသည်ဟုအာဆီယံခေါင်းဆောင်အားလုံးကလက်ခံသဘောတူကြသည်ဟုပြောသည်။

၄င်းအပြင်အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးကမြန်မာနိုင်ငံကို ယခုကဲ့သို့ အာဆီယံဥက္ကဋ္ဌ တာဝန်ပေးခြင်းအားဖြင့်နိုင်ငံတကာ၏အာရုံစိုက်ကြည့်မှုကိုပိုရလာပြီး၄င်းအတွက်မြန်မာနိုင်ငံအနေနှင့် ယခုလုပ်ဆောင်နေသည့် ပြောင်းလဲတိုးတက်မှုများကိုဆက်လက် လုပ်ဆောင်သွားလိမ့်မည်ဟု မျှော်လင့်နိုင်ကြောင်းပြောသည်။

မြန်မာနိုင်ငံက အပြောင်းအလဲများသည် အများမျှော်လင့်ထားသည့် အဆင့်ထိမရောက်ရှိသေးသော်လည်းအာဆီယံ အဖွဲ့အနေနှင့်မြင်သည်မှာမြန်မာနိုင်ငံ လက်ရှိအပြောင်းအလဲများသည် လက်ခံလောက်သည့်အခြေအနေမှာရှိနေသည်ဟု မလေးရှားဝန်ကြီးချုပ်မစ္စတာ နာဂျစ်ရာဇတ် ကပြောပါသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကလင်တန် မြန်မာပြည် လာမည်

အမေရိကန်ပြည်ထောင်စု၏ မြန်မာပြည်အပေါ်ထားသောထိတွေ့ ဆက်ဆံရေးမူဝါဒသစ်အရ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးကလင်တန်သည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာလ ပတမအပတ်တွင် သွားရောက်မည်ဖြစ်သည်။

သူမ၏ ၂ ရက်ကြာ ခရီးစဉ်အား ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်မည် ဖြစ်သည်။

မစ္စကလင်တန်သည် သူမ၏ခရီးစဉ်အတွင်း အစိုးရအပါအဝင် အတိုက်အခံဒီမိုကရေစီခေါင်းဆောင်များနှင့်တင်မက လူမှုအခြေပြုအဖွဲ့အစည်းမှပုဂ္ဂိုလ်များ ၊ တိုင်းရင်းသား လူနည်းစုခေါင်းဆောင်များကိုလည်း တွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးကလင်တန်သည် မြန်မာနိုင်ငံအစိုးရရုံးစိုက်ရာ နေပြည်တော်ကိုရောရန်ကုန်ကိုပါသွားရောက်မှာဖြစ်သည်။ သူမ၏ယခုခရီးစဉ်ကိုမြန်မာပြည်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုပိုမို တိုးတက်ကောင်းမွန်လာအောင် တွန်းအားပေးရန် ရည်ရွယ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ထုတ်ပြန်ထားသည်။ ယခုခရီးစဉ်မှာ နှစ်ပေါင်း(၅၀)အတွင်း အမရိကန်နိုင်ငံခြားရေးဝန်ကြီးတဦး၏ပထမဆုံးမြန်မာပြည် ခရီးစဉ်ဖြစ်သဖြင့် သမိုင်းဝင်မယ့်ခရီးစဉ်ဖြစ်သည်။

ကလင်တန်သည် မြန်မာအပေါ်ထားရှိသော အမေရိကန်ပြည်ထောင်စု၏ နှစ်လမ်းသွားမူဝါဒအစိတ်အပိုင်းတရပ်အနေနှင့်မြန်မာအစိုးရနှင့် တိုက်ရိုက်ထိတွေ့သော ဆက်ဆံရေးမူဝါဒကိုလည်းကျင့်သုံးသွားမည့် အခြေအနေများကိုလည်း ယခုခရီးစဉ်အတွင်း အလေးအနက်ထား ပြောသွားမည် ဖြစ်ကြောင်းသိရသည်။

မကြာခင်ကမျက်မြင်တွေ့လာရသော ပြုပြင်ပြောင်းလဲမှုများကိုကြိုဆိုထောက်ခံကြောင်း၊နောက်ထပ် အပြောင်းအလဲများ ပေါ်ပေါက်လာအောင်နှင့် ယခုတိုးတက်မှုများအပေါ် အမေရိကန်ဘက်က အားဖြည့်ကူညီနိုင်မည့် ကိစ္စရပ်များကိုလည်း ပြောဆိုဆွေးနွေးသွားမည် ဖြစ်ကြောင်းသိရသည်။

အမေရိကန်ဘက်ကမြန်မာနိုင်ငံနှင့် ဆက်ဆံရေးသစ် ထူထောင်လာခြင်းမှာ မြန်မာနိုင်ငံဘက်က အပြောင်းအလဲအချို့တွေ့မြင်လာရသကဲ့သို့ ဒေသတွင်းအခြေအနေကြောင့်လည်းဖြစ်သည်ဟု သုံးသပ်သူများလည်းရှိပါသည်။ အထူးသဖြင့်မြန်မာနှင့်အလွန်နီးစပ်သောတရုတ်နိုင်ငံ၏ ဒေသတွင်းဩဇာကို ဟန့်ချက်ထိန်းနိုင်အောင်ဖြစ်ကြောင်း သုံးသပ်သူများက ပြောသည်။

အာရ်ကန်ပို့စ်ဂျာနယ်သို့ စာမူများ၊ ဝေဖန်အကြံပြုချက်များ၊ သတင်း၊ ဆောင်းပါး၊ ကဗျာများ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။ (ဆက်သွယ်ရန် – narinjara.news@gmail.com, narinjara@narinjara.com)
www.narinjara.com , www.narinjara.com/burmese.asp

အာရ်ကန်ပို့(စ်)ဂျာနယ်အား နရဥ္စရာသတင်းဌာနမှ လစဉ်ထုတ်ဝေသည်။